www.burmeseclassic.com

ဆရာကြီး ပီမိုးနင်း

# အပျို



## လမ်းညွှန်

ဒုတိယအကြိမ်

အပျိုအရွယ်ဖြစ်လာရင်
တန်ဖိုးရှိအောင်ဘယ်လိုနေမလဲ
တိုင်းပြည်အတွက်မိခင်လောင်း
တစ်ယောက်ဖြစ်အောင်ကြိုးစားပါ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပီမိုးနင်း ရေးသည်

# အပျို့လမ်းညွှန်

မြည်လုံးကျွတ်
မြန့်စီရေး

မိုးကျော်စာပေ
၃၇၇၊ လမ်း-၃၀ (အပေါ်)
ဗိုလ်ချုပ်လမ်း။
ဖုန်း - ၂၄၂၄၀၇၊ ၂၈၄၉၃၇

www.burmeseclassic.com

အပျိုလမ်းညွှန်


| | | |
|---|---|---|
| အဖုံးခွင့်ပြုချက် | - | ၁၀၄၈/၂၀၀၃ (၁၂)၆ |
| စာမူခွင့်ပြုချက်အမှတ် | - | ၁၁၃၁ |
| | - | (၂၀၀၂) (၁၂) |
| အကြိမ် | - | စတုတ္ထ (အကြိမ်) |
| ထုတ်ဝေသည့်လ | - | ဩဂုတ်လ |
| အုပ်ရေ | - | (၁၀၀၀) |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | - | ဦးတင်ရှိန် |
| | | ၄/၁၇၇၊ မေခလမ်း။ မ/ဥက္ကလာ |
| ပုံနှိပ်သူ | - | ဒေါ်မြင့်မြင့်တင် (မြင့်သိင်္ဂီ) |
| | | ၂၀၈ (လမ်း ၃၀) |
| ဖြန့်ချိရေး | - | မိုးကျော်စာပေ |
| | | လမ်း ၃၀ (အပေါ်) |
| | | ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့ |


## သတိပေးကြေငြာခြင်း

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၀လမ်း အမှတ် ၂၂၄၈ ဦးစိန်လှအောင် ၁၂/ကတတ(နိုင်)၀၀၃၆၁ ကမူပိုင်အခွင့်အရေးရှိထားသောအောက်ပါစာအုပ်စာမူ(၄၃)မျိုးကို ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် လမ်း၃၀နှင့် ဗိုလ်ချုပ်လမ်းထောင့် အမှတ် ၃၇၈ မှ မိုးကျော်စာပေလုပ်ငန်းပိုင်ရှင်ဖြစ်သူ ဒေါ်မိမိလှိုင် ၁၂/သဃတ (နိုင်)၀၀၆၈၄ အားလွှဲပြောင်းပေးအပ်ပုံနှိပ်ဖြန့်ချိပေးထားပြီးဖြစ်ပါသည်။ စာရေးဆရာကြီး [illegible] သောစာပေများမှာလူ့ချမ်းသာရေးကိုယ်ထူကိုယ်ထ အာဂလူ၊ ဘဝတိုက်ပွဲတကယ်လူချွန်တို့အောက်ကြီးမှူး၊ လူဖြစ်ရည်ထောက်လမ်းကမ္ဘာမင်းတံ၊ သမီးရတနာရည်၊ ကြီးပွားရေးဆောင်ဓိတ်၊ လူ့ပေါက်လူ့ စကားပြောနည်း၊ သုခချမ်းသာစိတ်ပညာ၊ ဗုဒ္ဓသယစိတ်ပညာ၊ ကမ္ဘာ့အလင်း၊ လောကမျက်မှန်၊ လူမှုရေးရာဟာ ကျဝန်ကျမသိသုံ ကျော်သွား၊ သိသုမဖော်ဒေး၊ အရင်းမရှိတဲ့လုပ်ငန်း၊ လိုက်၊ ထွက်သက်ဝင်သက်၊ မင်းဘဝနဲ့ ကျမ်း၊ လောကပညာ ကထာန်၊ ဓောင်း၊ သားဂုဏ်ရည်၊ အပျိုလမ်းညွှန်၊ လူပျိုလမ်းညွှန်၊ အချစ်အတွင်းရေး၊ အချစ်သျှတ္တရ၊ အချစ်ဖြတ်လမ်း၊ အချစ်လမ်းညွှန်၊ မိန်းမစိတ်ကျမ်း၊ ကာမသဘောတရားတို့ဖြစ်ပြီး တရားဆရာမင်းအောင်တာ ရေးသားသောစာပေများမှာ အလွယ်ကူဆုံးဗေဒင်၊ ဗိသုကာဗေဒင်၊ အကောင်းဆုံးဗေဒင်၊ ကိုင်ရှိလက္ခဏာ၊ လောကီဆရာအကြားမြဲတို့ဖြစ်ပြီး ဦးသိန်းလွင်ရေးသားသောစာပေများမှာ [illegible] အင်္ဂလိပ်စကားပြော၊ အလွယ်ဆုံးအင်္ဂလိပ်စကားပြောအထိုပါစာအုပ်များကို မူပိုင်ခွင့်ရှိသောက်ပုံနှိပ်ဖြန့်ချိ လွှင့်ဥပဒေအရချိန်ရှိလှသောင်မှုင်၍ ဒေါ်မိမိလှိုင် [illegible]

ဦးဝင်းထိန် တရားလွှတ်တော်ရှေ့နေ B A.H.G.P.R.L.D.B.L/D.M.L

အမှတ် ၅၀/၃၊ အဝေရာလမ်းပေဗုဒ္ဓ ရပ်ကွက် တာမွေမြို့နယ်

(ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးရှေ့)

www.burmeseclassic.com

ပီမိုးနင်း

# အပျိုလမ်းညွှန်

## ယောကျာ်းတို့၏ ကဲ့ရဲ့ခြင်း

အမျိုးသမီးတလေးများအား သတင်းစာများ၌ များစွာကဲ့ရဲ့ ရှုံ့ချ ပြောဆို ရေးသားကြသည်များအတွက် အချို့က မကျေမချမ်း ဖြစ်ကြသည်ဟု ကြားသိရပါသည်။

စင်စစ်အားဖြင့် မကျေမချမ်းဖြစ်စရာအကြောင်း တစ်စုံတစ်ရာမျှ မတွေ့ရှိရပေ၊ သူတို့ဘာသာ ဘာတွေကိုပဲ ရေးရေး မိန်းကလေးများကို မထိခိုက်နိုင်၊ မိန်းကလေးများမှာ မှဲ့၍မသွားနိုင်၊ စောစောစီးစီး မတော်သော ယောကျာ်းနှင့် မှောက်မှားမိလျှင်မူကား ပွဲသည်ဆိုနိုင်လေသည်။

ကျွန်ုပ်တို့၏ စိတ်၌ကား ရေးကြလေလေ သဘောကျလေလေ သူတို့ရေးသော စာတွေကိုဖတ်၍ အပျင်းပြေလေတု သဘောထားသင့်ကြပါသည်။

သူတို့၏စာများကြောင့် မိန်းကလေးများ ယောကျာ်းမရဘဲ နေရမည်ဆိုလျှင်ကား မခံချင်ဖွယ်ရာဖြစ်လျက် ကျားများ၊ ကျားသစ်များ ဇွဲကောင်းသလို ဇွဲကြီးစွာနှင့် ပြန်လှန်ရေးသားဖို့ ရှိလေသည်။ ယခုလို ရေးသားသမျှ



တို့ကို ပြန်၍လည်း မရေးနှင့်၊ လှန်၍လည်း မရေးနှင့်၊ သင်းတို့ယောကျာ်းတွေ ဘာရေးရေး သင်းတို့ မကြိုက်ဘူးဆိုတာတွေကို များများလုပ်လေလေ .... ဒင်းတို့ ကြိုက်လေလေဟူသော အချက်တစ်ခုကိုသာ စွဲမှတ်၍ ထိုက်ကြောင်း။

မိန်းမတို့၏ အရေးကြီးသော အလုပ်တစ်ခုမှာ ယောကျာ်းများ ကြိုက်အောင်လုပ်ခြင်းဖြစ်လေရာ သူတို့ချစ်အောင် ကြိုက်အောင် လုပ်ဖို့နည်းမှာ ယခုခါ ခဲခဲယဉ်း ရှာဖို့မလို၊ သူတို့ရေးသော စာတွေဖတ်ပြီး သူတို့မကြိုက်မနှစ်သက်သောအနေဖြင့် ကဲ့ရဲ့သောအမှုတို့ကို သေသေချာချာ စေ့စေ့စပ်စပ် ပြုမူဖို့သာ လိုပါကြောင်း။

ဆံထုံးကြီးကဲ့ရဲ့သော ယောကျာ်းတွေ ဆံထုံးကြီးနှင့် အပျိုများကို တွေ့မြင်ကြလျှင် မန်ကျည်းသီးနှင့် ဆားကိုမြင်သလို ဖြစ်နေတာတွေ လည်းတောင်း၊ 'ဘောသင်းဆု' ရေချိုးအဝတ်ကို ကဲ့ရဲ့သော ယောကျာ်းတွေ ရေချိုးဆိုက်မှာ ချောင်းကြည့်ကြသည်တို့လည်းကောင်း၊ ကျွန်ုပ်မြင်ရ သိရလှသဖြင့် ကြောင်သူတော် များ၏ စာများကြောင့် မိန်းကလေးတို့မှာ စိတ်ညစ်စရာ အကြောင်းမရှိ ဖြစ်ပေကြောင်း။

ယောကျာ်းကြောင်သူတော်များသည် မိန်းမများအပေါ်၌ ဆိုလို အပေါက်ရှာပြီးလျှင် ကဲ့ရဲ့သကြိုဟ်တတ်ကြလေသည်။ ၎င်းတို့ ကဲ့ရဲ့သလို မိန်းမများလည်း ပြန်လှန်၍ ကဲ့ရဲ့စကား ပြောကြားရပါမူ မီးခိုးမဆုံး မိုးမဆုံးဘဲ ရှိနေမည်သာ အမှန်ဖြစ်ပေလိမ့်မည်။

အချို့သော လူကြီးလူကောင်းတို့သည် မိမိတို့မှာ ဟော်တယ်တကာတွင် တရှင်ရှင် တပြုံးပြုံး တရှုန်းရှုန်း နေကြသော်လည်း ၎င်းတို့ သားမယားများမှာ အိမ်တွင် မျက်ရည်နှင့် မျက်ခွက်သာ နေကြရလေသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂလိပ်စကားသည် တိုးတက်ခြင်းမဟုတ်

ယခုခေတ် သမယသည် 'မိန်းမများ၏ လွတ်လပ်ခြင်း တိုးတက်ခြင်း ဖြစ်သည်' ဟူသော ဥရောပတိုက်၏စကားကို ပွဲတင်ခံယူကာ ယခုခေတ်ကာလ ပညာတတ်သော အမျိုးသမီးကလေးများ၏ စိတ်၌ ရှေးပဝေဏီခေတ်အခါ သမယကစ၍ အစဉ်အဆက် တည်ထောင်ခဲ့သော မိန်းမတို့၏ စည်းစနစ်တို့ကို ဟိုက်စကူး ဖိုင်နယ်စာမေးပွဲကလေး တစ်ပွဲမျှနှင့် ပြတ်ကင်း တိုးတက်ခြင်း၊ လွတ်လပ်ခြင်းဟု မှတ်ထင်၍ နေကြလေသည်။

'ဝွတ်မောနင်း' ဟုခေါ်တာ လက်ဆွဲနှုတ်ဆက်ခြင်း၊ ဘေးသင်းဆု လန်ကွတ်တီ ဘောင်းဘီဝတ်ကာ ပေါင်ကွင်းသား တလေးများပြခြင်း ယောကျ်ားနှင့်တွဲ၍ ကခြင်း၊ ဂါဝန်ဝတ်မတလေးများနှင့်တွဲ၍ လျှောက်ကာ မပီကယော ပီကလာ ဒက်ဒွှတ်ရှက် လုပ်ခြင်း ထမီကို ဂါဝန်မှတ်ထင်ရလောက်အောင် ဖွင့်စီအဆင့်တို့ဖြင့် ရှမြင်၍ မကောင်းအောင်ခြယ်ခြင်း စသည်များကို တိုးတက်လွယ်ခြင်းဟု မှတ်ထင်၍ နေကြဟန်တူ၏။

မိန်းကလေးများ မတောက်တခေါက် ကာလပညာကလေးများနှင့် စတိုင်တင်းခြင်းသည် ချစ်စရာကောင်းခြင်းနှင့် ဆန့်ကျင်ဖီလာ ဖြစ်လေရာ ချစ်စရာအသွင်မှ မုန်းစရာအသွင်သို့ မိမိတို့ ကိုယ်ကို ရောက်အောင် ပြုကြလေသည်။

မိန်းကလေးများမှ ရိုးသားဖြူစင်ခြင်းသည် အဆင်းထက်ပင် ချစ်စဖွယ်ရာကောင်းလေရာ မော်ထောင်လွှားအကြွားစိတ်ကို ပြခြင်းသည် မချစ်ခင်ဖွယ်ရာ အကောင်းဆုံး ဖြစ်သည်။

ပြောင်းလဲတိုးတက်ခြင်းသည် စိတ်ကို နူးညံ့သိမ်မွေ့စေလျက် ပိုမိုစင်ကြယ်စေရာသည်။ ပြောင်းလဲခြင်းကြောင့် မောက်တောက်တောက် မာတာတာ ဘလာပစ်၍ပြုခြင်းသည် ပြောင်းလဲတိုးတက်ခြင်းမဟုတ်၊



ပြောင်းလွဲဆုတ်ယုတ်ခြင်း ဖြစ်လေရာ ဆုတ်လည်းဆုတ် ယုတ်လည်းယုတ် ကြလျှင် ပုတ်လည်းပုတ်ဆိုသလို ဖြစ်ကုန်ကြမှာကိုပင် စိုးရိမ်လေသည်။

မကြာမီက မြန်မာအမျိုးသမီး ပြာညစ်ညစ်နှုတ်ခမ်းပါး ပုပုပြူးပြူး ကလေးတစ်ယောက်ဂါဝန်ဝတ် ညိုပုတ်ပုတ် တစ်ယောက်နှင့် တွဲလျှောက်၍လာရာ ကျွန်ုပ်တို့အပါးသို့ရောက်သောအခါ မြန်မာမကလေးက နှုတ်ခမ်းပါးကလေးကို မျှော့နှင့်တူအောင် လိမ်တွန့်ဘော့လုန်ကာ အင်္ဂလိပ် စကားကိုပြောလေရာ ညိုပုတ်ပုတ်ဂါဝန်ရှင်မက သူ့အမေ တမာကဲ့ခုတင် ဖြစ်စဉ်ကပင် အင်္ဂလိပ်ဟိမ်မှတတ်လာသော စကားမို့ ထင်ပါရဲ့။ ဘိလပ် သူစတိုင်နှင့် မိမိလောက် အပြောမလည်သော မြန်မာမကလေး အပေါ် မှာ မာန်မာန်ထန်ထန် သွက်သွက်လက်လက်ပြော၍ လာပါကြောင်း။

ကျွန်ုပ်လည်း ငယ်ငယ်ကပင် အင်္ဂလိပ်စကားကို ပြောလာခဲ့ရသဖြင့် အကဲခတ်ရသည်မှာ မြန်မာမကလေးမှာ အင်္ဂလိပ်စကားကို အသံရော အသုံးရော အတော်ပင် ခက်ခက်ခဲခဲ နှုတ်ခမ်းကို မနည်းကြီးကိုင်၍ ပြောရဟန်ရှိပါကြောင်း ၎င်းကိုမြင်ကတည်းက အင်္ဂလိပ်စကားပြောချင် သည့် စိတ်များမရှိ မနည်းကြီး ကုန်ခန်း၍ သွားပါသည်။

၎င်းမြန်မာမကလေး အမူအရာမှာလည်း ဂါဝန်ဝတ် ညိုပြာညစ်နှင့် တွဲကာ အင်္ဂလိပ်စကားကို မနည်းကြီး အားထုတ်၍ ပြောရခြင်း၌ ကျွန်ုပ် တို့၏ရှေ့၌ အများကြီး ဂုဏ်ရှိသည်ဟု မှတ်ယူသည့် အမူအရာရှိလေရာ ကျွန်ုပ်နှင့် အတူပါ၍လာသော အိုင်အေကျောင်းသားက 'ဦးလေးရယ် ဟိုမိန်းမ စကားပြောတာ ကျွန်တော် ရှက်လိုက်တာ' ဟု ပြောပါကြောင်း။

ထိုစကားကိုကြားရသောအခါ မိန်းကလေးများမှာ ကြွားချင်သော စိတ်ဟာ သည်လောက်တောင် ရှုပ်ဆိုးပါကလားဟု တွေးမိပါကြောင်း၊ ထိုမိန်းကလေးနှင့် အတူပါ၍လာသော အီရီး အပေါ်၊ အနေနှင့်တူသော မိန်းမကြီးမှာကား ၎င်းပြောပုံဆိုပုံကို အရိပ်ကြည့်ကာ ၎င်း၏စိတ်၌

www.burmeseclassic.com

www.burmeseclassic.com



ငါသမီးကလေး ပြောလိုက်တာ ဗိုလ်မကလေးနှင့် မခြားဘူး' ဟူ၍များ တွေးလေမလား မသိရပေ။

အထူးသတိပေးလိုသည်မှာ မိန်းကလေးများ အင်္ဂလိပ်စာသင်ရာ၌ အကျိုးရှိသော အင်္ဂလိပ်စာအုပ်များကို ဖတ်နိုင်ဖို့ သဘောထားအပ်ခြင်း ဖြစ်လေသည်။ အင်္ဂလိပ်စကားနှင့် ကြွားခြင်းသည်ကား လွန်စွာအရုပ်ဆိုးလေသည်။ အကယ်၍ ငယ်ငယ်ကလေးက ပြောလာရသဖြင့် အင်္ဂလိပ်ကပြားမကလေးနှင့် မခြား လွယ်ကူစွာ ပြောနိုင်မှသာ အင်္ဂလိပ်စကားကို မပြောလျှင် မဖြစ်သည့်အခါ များ၌ ပြောသင့်လေသည်။ သို့မဟုတ်ချေက အင်္ဂလိပ်စကားပြောခြင်းကို တိုးတက်ခြင်းဟု မှတ်ထင်မှာ စိုးရပေသတည်း။

❖❖❖

## အသားလှစေသောနည်းများ

ယခုခေတ် အပျိုကလေးများမှာ ကာလမိန်းမများလို သနပ်ခါးကို အားမကိုးကြ၊ ကာလပေါ် မျက်နှာချေတို့ကိုသာ များစွာအသုံးပြုကြလေသတည်း။

သနပ်ခါးသည် ရှေးပဝေသဏီအခါမှစ၍ အသုံးပြုခဲ့ကြရာ အသားနှင့်အထူးသင့်သော အသားရောင်ဖြစ်လျက် ပြာခြင်း ညစ်ခြင်းမရှိ အဖိုးလည်းများစွာမတန်၊ သွေးရခြင်းအလုပ်မှာ လက်မောင်းနှင့် ခါး၌ လှုပ်ရှားခြင်းလေ့ကျင့်ခန်းကို ရကြလျက် လှပသောကိုယ်လက်ကို ဖြစ်စေလေသည်။ လက်မောင်း၏လေ့ကျင့်ခန်းမှာ ကိုယ်ကြီး၊ လက်သေးပြီတွာရုပ်နှင့် တူသော အသွင်ကိုပျောက်စေ၍ သန်မာစေလျက် အချိုးအစားပြေပြစ်ခြင်းတို့ ဖြစ်စေလေသည်။သနပ်ခါးအမြဲလိမ်းထားသော အသားမှာ ဖြူစင်ချောညက် ချေမ်းမွေ့ကြိုင်၏။ (ဂလီဆရင်) ခေါ် ဆေးရည်တလေး နှစ်စက် သုံးစက်ထည့်၍ စင်ကြယ်စေနိုင်လေသည်။



မျက်နှာချေများမှာ ထုံး၊ ကျောက်၊ မြေဖြူနှင့် လုပ်ပြီး အသားနှင့် မသင့်သော ဆေးဝါး မဆေးနိုတို့နှင့် ခြယ်ထားရာ ကြာကြာစွဲ၍ လိမ်းလျှင် မလိမ်းဘဲ ထားသည့်အခါ မျက်နှာမှာ သွေ့ခြောက်၍ ကျက်သရေမရှိသော အသွင်ကို ဖြစ်ပေါ်စေလေသည်။

သို့မဟုတ် ဓာတုဗေဒနည်းကျကျ လုပ်၍ထားသော ဆေးပေါင်ဒါများကို သုံးအပ်လေသည်။ သို့သော်လည်း ထိုဆေးပေါင်ဒါများမှာ မြန်မာအသားရောင်နှင့် မသင့်၊ ပြာသည်ဟု မှတ်ထင်ရတတ်လေသည်။

စင်စစ်မှာကား ပြာသည်မဟုတ်၊ ပေါင်ဒါမှုန်ဖြူဖြူနှင့် အသားရောင်စပ်သည့်အခါ အရိပ်အရောင်တစ်မျိုးထွက်လာသည်ကို ပြာသည်ဟု ပြောနေကြလေသည်။

အပေါ်စား မျက်နှာချေများမှာ အသားနှင့် အဆင်ပြေအောင် ဆေးခြယ်၍ထားသဖြင့် မပြာဘူးဟု မှတ်ထင်ရသော်လည်း ကြာလျှင် အသားကို ပျက်စေတတ်လေသည်။

❖❖❖

## အရောင်ဝင်ခြင်း

ယောကျ်ားများသည် မိန်းကလေးများကို အရုမ်းစရဲကြသည် မဟုတ်ပေ။ မိန်းကလေး၏ အရိပ်အကဲကို ကြည့်ပြီး နေရာကျလောက်လျှင် နှုမည်၊ ငါနှပ်လျှင်နပ်မည်။ ငါကပ်လျှင်ကပ်မည်။ ငါထိလျှင် ငြိမည် စသည်ဖြင့် အဘော်အတန် အရိပ်နိမိတ် ကြည့် ကာ အရိပ်မိမှ စိတ်အရှိကြံတတ်ကြလေသည်။

အချို့ယောကျ်ားများသည် ပြက်ရယ်စကားကိုလေ့လာနှင့် ပတ်သက်သည့် လူပြက်စကားနှင့် စတတ်ကြလေသည်။

ပြက်လုံးတစ်လုံးကို ပစ်လိုက်သည့်အခါ မိန်းကလေးက ပြုံးစနဲ့နဲ့နှင့် သဘောကျဟန်ပြလိုက်သည်နှင့် တစ်ပြိုင်တည်း အားတက်ပြီးစကား

www.burmeseclassic.com

www.burmeseclassic.com



ဆက်တတ်ကြလေသည်။

အကြောင်းသော်ကား အမှုအရာကို မြင်ခြင်းဖြင့် အညာမှာ ကီလေသာနေလောင်၍ နှမ်းပုပ်ကာ ဖုတ်ကနဲပုပ်၍ ကျမည်၊ မကျမည်ကို စသည်နှင့် တစ်ပြိုင်တည်းသိတတ်ကြလေသည်။

အချို့ယောက်ျားကြီးများလည်း ဘူမကလေး၊ သမီးကလေးလောက်အရွယ်ကိုပင် လူပြတ်ပြက်လုံးမျိုးနှင့် မက်လုံးကို ပြတတ်လေသည်။

သို့အခြေအတင် စကားလွယ်ဟ၍ လာသောအခါ အရောတဝင်ဖြစ်လျက် နက်နဲသော အကြောင်းအရာများကို အတိအလင်း ပြောတတ်ကြလေသည်။

ဤနည်းလမ်းသည် ပြောရဲ ဆိုရဲ ပြောနိုင်၊ ဆိုနိုင်သော အခြေအနေသို့ရောက်အောင် စခြင်းဖြစ်လေရာ ပြောရဲဆိုရဲသည့်အခါ လွန်စွာလွယ်ကူလေသည်။

ပြောလိုက်သော စကားမှာ အပေါက်ပင်မတဲ့စေကာမူ ရှူးသလို နှမ်းသလို လုပ်ခြင်းဖြင့် အရေးမကြီးသလို ဖြစ်အောင် ပြနိုင်လေသည်။

သို့ဖြစ်လေရာ ယောက်ျားကြီးငယ်တို့ ပြောရဲဆိုရဲ အဖြစ်သို့ ရောက်အောင် နွတ်လွယ်ခြင်း မဖြစ်စေဖို့ရန် အထူးသတိထားအပ်လေသည်။

မိန်းကလေးဟူသမျှမှာ ခန့်ညားသော ဣန္ဒြေသိက္ခာသည် အဆင်းလှခြင်းထက် အရေးပါအရာရောက်လေသည်။

အကြောင်းမူကား ဣန္ဒြေသိက္ခာရှိသော အမျိုးသမီးများအား ဆင်းရဲသူပင် ဖြစ်စေကာမူ ယောက်ျားများသည် ပြောင်လှောင်ပြက်ချော် သရော်တော်တော် မပြုရဲကြပေ။

ယောက်ျားများသည် မိန်းကလေးကို မည်မျှလောက်စုံမက်၍ နေစေကာမူ စတင်ပြောဆိုဖို့ရန် အရိပ်အကဲကို စိတ်ထဲတွင် လောင်ကျွမ်းကမန်းအကဲခတ်ကြရပေသည်။



ဤအရာမျိုးတွင် " မိန်းမတို့ဣန္ဒြေရှေ့ပေးလို့မရ." ဟူသော ပညာရှိများ၏ စကားသည် များစွာအားကိုးလောက်ပေသည်။

ဤသို့ဖြစ်ရခြင်းမှာလည်း ငွေကြေးအလွန်ရှားသော ခေတ်ကြီးကြောင့်ဟူ၍ ခေတ်ကာလကို အပြစ်ပြ၍ ပြောကြဦးမှာလား မပြောတတ်ပေ။

မိမိတို့မျိုးနိုး အဖိုးတန်မှုကို ဂရုစိုက်ကာ ငါသည် ပွင့်ခါစ နှင်းဆီပန်းအလှကလေးပဲ၊ တော်ရုံတန်ရုံ ခေါင်းပေါ် သို့ မရောက်ဘူးဟု အထူးသတိထားအပ်ကြပေသည်။

❖❖❖

## ဦးလေးအရွယ်

ယခုကာလ ယောက်ျားများသည် အသက်ပင်ကြီးသော်လည်း ငယ်စိတ်မကုန်၊ မိမိတို့ကိုယ်ကို ဘိုကေဟု မှတ်ထင်သူတွေ အများကြီး ရှိကြလေသည်။

အသက်ငါးဆယ်၊ ခြောက်ဆယ်ရှိသော်လည်း ဂိုက်စတိုင်မှာ လူပျိုကလေးများနှင့် မခြားမနား ဝတ်ဆင်သွားလာ ပြောဆိုနေထိုင်တတ်ကြလေသည်။

မိန်းကလေးများသည်ကား ဦးကြီးအရွယ်၊ ဦးလေးအရွယ်ဟု အောက်မေ့ကာ အရောဝင်တတ်ကြလေသည်။ ဦးကြီးအရွယ် ဦးလေးအရွယ်မှာလည်း ယခုကာလ လူပျိုလေးများနှင့်မခြားရုံမက လူငယ်ကလေးများထက်ပင် အတွေ့အကြုံများလျက် အစားပုပ်တတ်မှုတွေများစွာပင် ရှိတတ်ကြလေသည်။

ဦးလေးအရွယ်၊ ဦးကြီးအရွယ်တို့မှာ ပြောသင့်တယ်ဆိုရင် လွတ်လပ်စွာ အရောဝင်ခွင့်ရသော အရွယ်ဖြစ်လေရာ ပွန်းပုန်းတီးတီး၊ ပွတ်သီး

www.burmeseclassic.com

www.burmeseclassic.com



ပွတ်သတ်၊ ကိုင်ချင်သလိုကိုင်၊ တွယ်ချင်သလိုတွယ် ရာမှ မျှတ်လုံးမရှိသော ကိလေသာဆိုတဲ့ အကောင်ဟာ မီးညှောင့်ရှိုးနှား တင်ပချပ်နားတစပြီး ရှိုးတာနဲ၊ ရိုပ်တာနဲ၊ ဝန့်တာနဲ လှူပ်၍ လာသည့်အခါ ဦးလေးအခေါ် ခံသော ယောကျ်ားကြီးများမှာလည်း ဘာကိုလုပ်ဖို့မှ ဦးမလေးဘဲ " အပေါင်း မတတ်တော့ ဘူးသွင်းခံရ" ဆိုတာလို စုန်းဖြစ်မှန်း မသိဖြစ်တတ်လေ သည်။ ဤစုံးမှာ စုံးတုံးနစ်သော စုံးဖြစ်လေသည်။

ကိလေသာနှင့် တွဲဘက်သော အချစ်သည် အတွေ့ဖြင့်ဖြစ်စေ အငွေ့နှင့်ဖြစ်စေ၊ အကိုင်နှင့်ဖြစ်စေ၊ အထိဖြင့်ဖြစ်စေ၊ ပွတ်ပွတ်သတ်သတ် ပြုခြင်းကြောင့် အညှောင့်တက်ပေါက်၍ထွက်သည့်အခါများ၌ အရက်တမန်းစရာကြီးများဟု မှတ်ထင်ရသူများသော်မှ မြင်လိုက်လျှင် ရင်ထဲမှာ ကွလိကွမာဖြစ်တက်လေရာ၊ မည်မျှလောက် အကြီးတန်ရုပ်ဆိုးနေသူ ဖြစ်စေကာမူ ကာမဂုဏ် အဆိပ်မိသည့် မျက်စိတို့မှာ နတ်သားတမျှ မှတ်ထင်တွေ့မြင်၍ လာဟတ်ချေရကား " ကိုထင် ခုတင်ရွှေနန်း "ဟူ၍ လည်းကောင်း၊ " တိုစုံမက် ထန်ဘတက်စုတ်တောင် နတ်ရုပ်ထင်ရသည်" ဟူ၍ လည်းကောင်း၊ သဘာဝမွေအတိုင်း မဟုတ်ဘဲ မိမိတို့အနေမတတ် အထိုင်မတတ်၍ မှောက်မှားကြပြီးမှ " မိုးကြိုးပစ် ထန်းတစ်လက်ကာ " မသုံးလောက်သည့် စကားလေးကို အရှက်ပြေ အသုံးပြုကြရခြင်း ဖြစ်လေ သည်။

အခါပေါင်းများစွာ၌လည်း သာယာနာပျော်ဖွယ် အသံစ အသံန ကလေးနှင့် စည်းဝါးကျကျ၊ ခမ္မကို တေးဆိုနေကြသော ရဟန်းပျိုကလေး များအား ကြည်ညိုအားကြီးပြီး အများကြီးသဒ္ဓါ တိုးတက်ကြလျက် ဆိတ်ငြိမ်ရာ ဌာနများတွင် အမျိုးမျိုး နီးကပ်ရောနှောလေ့ရှိတတ် ကြခြင်းအားဖြင့်လည်း သဒ္ဓါလွန်လျှက် ဖဏ္ဍာကျွန်တတ်ကြလို့ အရှက် ရသူများအတွက်မှာလည်း ဘုရားကိုယ်တော်မြတ်ကြီး၏ သာသနာတို



ထမ်းရွက်နေကြသည့် တပည့်သားသံဃာတော်များမှာ ငယ်စဉ်က အတတ်မသိ၍ ဖူးစာနတ်ရေးထည့်လိုက်သည့် နဖူးစာကိုပင် ဝိနည်း၊ သိက္ခာပုဒ်တော်က ကော်ဖတ်နှင့် စားထားပြီးဖြစ်သော ရဟန်းပျိုနှင့် မာတုကာမတို့အတွက် ထိုနဖူးစာတည်းဟူသော စွဲချက်မှန် လုံလောက်သည့် စွဲချက်မဟုတ်နိုင်ကြောင်း ထင်ရှားလှပေသည်။

ခတ်ဖိုနှင့် ခတ်မတို့သည် သံတုံးနှင့် သံလိုက်ခတ်ပမာ နီးကပ် လျှင် ပါမြဲဖြစ်ချေရာကားသာမည ပုထုဇဉ်ခတ်ကြောင့် ပုထုဇဉ်သံဃာ များမဆိုထားနှင့် လောကီဈာန်ပျံသန်းတဲ့ တပသီတွေတောင် ၇ွှန်းမြန် ကျကြရသဖြင့် " ဆေးရေးခေါင်းတွေမဆိုထား နဲ့ မှန်စီခေါင်းတွေတောင် မခံနိုင်ဘူး " ဟူ၍ စကားပုံထင်ရှားခဲ့သည့်အတွက် အဖိုမှန်လျှင် အဘိုး အရွယ်ကြီးများကိုသော်မှ ပွန်းပွန်းတီးတီး ပွတ်သီးပွတ်သပ် အရောတဝင် မပြုအပ်ကြပေ။

❖❖❖

## လွတ်လပ်ခြင်း

ယခုကာလ အမျိုးသမီးကလေးများသည် ရှေးအခါနှင့်မတူ လွတ်လပ် ခြင်းကို ပို၍ ရကြလေသည်။

လွတ်လပ်ခြင်းသည် လူ့ဘဝမှာသာမကတုတ်၊ အဘယ်ဘဝမဆို အမြတ်ဆုံးသော လာဘ်ကြီးတစ်ခု ဖြစ်လေသည်။ လွတ်လပ်ခြင်းမရှိက ရွှေပုံပေါ်မှာ ခံစားရသော်လည်း ချမ်းသာမည် မဟုတ်ပေ။

လွတ်လပ်ခြင်းကိုရရှိက ဆင်းရဲသူ ဆင်းရဲသား လုပ်စား ကိုင်စားပင် ဖြစ်စေကာမူ မလွတ်လပ်သော သူဌေးမင်းများထက် ချမ်းသာလေသည်။

သို့သော် အကောင်းမှန်သမျှကို သတိနှင့် အသုံးမပြုလျှင် ဘေးရန်နှင့် တွေ့တတ်လေရာ လွတ်လပ်ခြင်းသည် ဘေးရန်နှင့် လွန်စွာနီးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ခြင်းကို အလိုလိုက်ကာ ထင်သလိုသွားလာ နေထိုင်ချေက အဘယ်မျှပင် စည်းစောင့်သူဖြစ်စေကာမူ အထင်လွဲခြင်းကို ခံရတတ်လေသည်။

ယခုကာလ အမျိုးသမီးတလေးများသည် ရိုးသားသော ယောက်ျားကလေးများနှင့် မောင်လို နှမလို စိတ်ချယုံကြည် သွားလာလည်ပတ်တတ်ကြလေသည်။

ထိုသို့ သွားလာလည်ပတ်ခြင်း၌ ယောက်ျားကလေး အချို့မှာ အမှန်သစ္စာရှိကြသဖြင့် စိတ်ချရသည်ကား မှန်ပေသည်။ သို့သော်လည်း မသိသူတို့၏ စိတ်၌ တစ်မျိုးတမည်တွေးကာ သမုတ်ခြင်း၊ ပြောခြင်းကြောင့် ရိုးသားဖြူစင်သူကလေး ဖြစ်ငြားသော်လည်း အထင်အမြင် အပြောအဆို ခံရတတ်လေရာ နောင်အိမ်ထောင် ရက်သားကျသည့်အခါများ၌ပင် လင်သားဖြစ်သူ၏ စိတ်မှာ သို့လော. . . သို့လော တွေးတောဖွယ်ရာ ဖြစ်တတ်လေသည်။

ခေတ်ကာလ ပညာကို တတ်ကြသဖြင့် မိန်းမကလေး၏ စိတ်မှာ အဘယ်မျှပင် ရိုးသားစေကာမူ ယောကျာ်းကလေးများက မရိုးသားမှု၍ ရှေးလည်းမမှီ၊ ခေတ်လည်း မရောက်သော မသိမလိမ္မာသော ယောကျာ်းကလေးများနှင့် ပေါင်းသင်းမိချေက ဘေးရန်တွေ့တတ်လေသည်။

ထို့ပြင် မြန်မာမကလေးများသည် အဘယ်မျှပင် ခေတ်မီ၍ လိမ္မာစေကာမူ ‘ငါသည် မြန်မာလူမျိုးဖြစ်သည်၊ အင်္ဂလိပ်လူမျိုးမဟုတ်၊ အင်္ဂလိပ် လူမျိုး၏နည်းကို လိုက်ကာ ယောကျာ်းကလေးများနှင့် လွန်စွာအရောဝင်မိလျှင် အင်္ဂလိပ်မဟုတ်သော အများလူတို့စိတ်မှာ ဧကန်တစ်မျိုးတမည် တွေးကြမည်။ အယုတ်သဖြင့် ပေါ့သည်၊ ပေါ်လွင်သည်ဟု အပြောခံရမည်’ လို ဆင်ခြင် သင့်ကြလေသည်။

အင်္ဂလိပ်လိုတတ်ခြင်းသည် အင်္ဂလိပ်မများလို ကျင့်ကြံနေထိုင်ခြင်း



အတွက် လုံလောက်သော အထောက်အခံမဟုတ်ပေ။ ဘီအေ အမ်အေ၊ အောင်စေကာမူ ‘ငါမြန်မာအမျိုးသမီးဖြစ်သည်’ ဟူသော အသိတရားမှာ မလစ်ဟင်းအပ်ပေ၊ ခေတ်ကာလပညာကို အခေါင်အဖျားတက်ပြီးနေသော မြန်မာပီသစွာ သေသေဝပ်ဝပ်နေလျှင် အင်္ဂလိပ်စာတတ်ပြီး ဗိုလ်ဆန်၍နေသူကလေးများနှင့် နှိုင်းယှဉ်သည့်အခါများမှာ ပိုမိုအဖိုးတန်ဖို့ရှိလေသည်။

ယခုကာလ ပညာတတ်သဖြင့် ရရှိသော လွတ်လပ်ခြင်းကို အသုံးမလွန်အပ်ကြပေ၊ အသုံးလွန်ချေက အပြစ်ပင် အထင်အရှား ပြောဆိုကာမရှိစေတာမူ မြန်မာလူမျိုးများစိတ်၌ အဘယ်အခါမျှ အထူးအမြတ်ဖြူတော့မည်မဟုတ်ဟု ပုံသေမှတ်အပ်ပေသည်။

စင်စစ်မှာလည်း လွတ်လပ်ခြင်းသည် ဥရောပစည်းကမ်းအရ အဘယ်မျှပင် လိုအပ်သောအရာ ဖြစ်စေကာမူ မိန်းမတို့နှင့် ပတ်သက်ရာ၌ကား ခမ္ဘာတာသဘောတရားမဟုတ်ပေ၊ မကောင်းလျှင် အပြစ်ရှိရာသည်ဟူ၍ စိတ်ချယုံကြည်အပ်ပေသည်။

❖❖❖

စက္ကူရှုပေ

ရန်ကုန်မြို့ အမျိုးသမီးလေးများ၏ ကွန်မြွေသည် ဒီစတိတ်မြို့ကလေးများရှိ အမျိုးသမီးများ၏ ကွန်မြွေနှင့်မတူကြပေ။

ရန်ကုန်မြို့ အမျိုးသမီးများ၏ ကွန်မြွေမှာ ပိုမို၍ရဲတင်းသည်ဟု ပြောချင်လေသည်၊ အထူးသဖြင့် မျက်စိအာရုံလိုက်စားခြင်း၌ ရန်ကုန်မြို့ အမျိုးသမီးများမှာ လမ်းအခွင့်များစွာသာသဖြင့် ကွန်မြွေကင်းမဲ့လောက်ဖြစ်၍ နေကြကြောင်း အခါခါတွေ့ရလေသည်။

မြို့ငယ်များ၌ မိန်းကလေးများသည် လမ်းမကိုလျှောက်သွားရာ၌ ဖြစ်စေ၊ အိမ်မှာထိုင်နေသည်ဖြစ်စေ၊ နေရာ၌ဖြစ်စေ ယောကျာ်းလေးများ

www.burmeseclassic.com

www.burmeseclassic.com



မြင်သည့်အခါ ရန်ကုန်မြို့သူများလို မကြည့်ရဲ အများအားဖြင့် လုံးလုံးကြီး မကြည့်ရဲဘဲနေကြသည်ကိုသာ တွေ့မြင်ရလေသည်။

ရန်ကုန်မြို့မှာကား အထူးသဖြင့် လမ်းများ၌ မော်တော်ကား၊ မြင်းရထား၊ လံချားများနှင့် သွားခိုက်တွင် ယောကျ်ားဖို့ တစ်ယောက်ယောက် ကိုမြင်လျှင် လံချားလွန်၍ နောက်လှည့်ကြည့်ပြီး မကြည့်နိုင်သောအခါ ကျမှသာ အကြည့်ကိုရပ်လေ့ရှိကြကြောင်း သိမြင်ရလေသည်။

ဤကဲ့သို့ ရန်ကုန်သူအမျိုးသမီးများ ကြည့်ရဲကြသည်မှာ အခြားကြောင့်မဟုတ်၊ မည်သူမည်ဝါဟု တစ်ယောက်ယောက် မသိကြရခြင်း ကြောင့် ဖြစ်သည်။

မြို့ငယ်ကလေးများ၊ ရွာငယ်ကလေးများမှာ ရပ်သူရွာသား ယောကျ်ား မိန်းမများသည် တစ်ယောက်ကိုတစ်ယောက် သိကြသည်။ "ဘယ်သူ ဘယ်ဝါ၏သမီး" မည်သူဖြင့် အလွန်မျက်နှာရဲတာပဲ ယောကျ်ားကလေး များကိုမြင်လျှင် စားတော့မလို ဖြစ်နေတာပဲ စသည်ဖြင့် ပြောဆိုကဲ့ရဲ့ကြ ပေသည်။

ရန်ကုန်မြို့မှာမူ တစ်ယောက်ကိုတစ်ယောက် မသိကြသဖြင့် ကဲ့ရဲ့ခြင်း မပြုနိုင်ကြပေ။ အလွန်ဆုံးအားဖြင့် " မိန်းမတစ်ယောက် လက်ဆွဲအိတ်ကလေးနဲ့ ငါတို့ကို ကြည့်လိုက်တာ မျက်စိကျွတ်ထွက်တော့ မလိုပဲ " ဟူ၍သာပြောဖို့ရှိသည်။ ထို့ထက် တစ်စုံတစ်ရာ မပြောနိုင်လျှင် လည်း အရေးမကြီး ရန်ကုန်မြို့လူဦးရေများခြင်းသည် လွတ်လပ်ခြင်း တစ်မျိုးကို ပေးလေသည်။

ဤလို အကြည့်ရဲသော မိန်းမများသည် ဆိတ်ကွယ်ရာ၌ မကောင်းမှု ကို ပြုကျင့်တတ်သည်ဟု ယောကျ်ားများပြောသော စကားအတိုင်း ကျင့်တတ်ကြသည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

တစ်ယောက်ကိုတစ်ယောက် မသိသောအခါ မသိသောနေရာ၌



ထိုမိန်းမဖို့သည် သွေးဆောင်သော ယောကျ်ားတစ်ယောက်ယောက်နှင့် တွေ့လျှင် ကေန်မကောင်းမှုကို ပြုကျင့်ကြပေလိမ့်မည်။ ရန်ကုန်မြို့၌ ယောကျ်ားများကို ကြည့်ရဲခြင်းသည် လူများကြောင့် မည်သူမည်ဝါ မသိခြင်းတည်းဟူသော ဆိတ်ကွယ်ခြင်းကို သဟဲပြုကာ မကောင်းမှု ကလေးကို ပြုခြင်းပင်ဖြစ်သည်ဟု ဆိုအပ်ပေသည်။

အကြောင်းမူကား အကြည့်ရဲသော မိန်းမဆယ်ယောက်အနက် ဆယ်ယောက်ခန့်မှာ (စက္ကူရှုပေနသံဝါသာ) စိတ်ကင်းကြည်မည် မဟုတ်ပေ။

ဤစကားသည် ကိုယ်ချင်းစာ စကားဖြစ်၏။ အကြောင်းမူကား ယောကျ်ား ချောချောမောမော၊ သနားကမား၊ သူစိမ်းဖြစ်သူများကို သေသေချာချာ စေ့စေ့စပ်စပ် ကိုယ်ပေါက်ကိုယ်ရောက် အင်္ကျီ ခြေ၊ လက် ကြီးကြီးထွားထွား၊ သို့တည်းမဟုတ် ပါးပါးနုံပိန်တို့ကို ခပ်ကြာကြာ စူးစူး စိုက်စိုက် ကြည့်မိလျှင် " သံဝါသာ "ဆိုတဲ့ အခြေမျိုးကျမှာ စိုးသဖြင့် မကြည့်ဘဲနေသည်သာ များခဲ့လေသည်။

❖❖❖

## ဘယ်အတွက်ပညာသင်ရသလဲ

ယခုခေတ်ကာလ ပညာတတ်သော အမျိုးသမီးများသည် တစ်နှစ် ထက်တစ်နှစ် ပိုမိုများပြားလာကြလေသည်။

ပညာတတ်သောယောကျ်ားတွေ အလွန်များ၍ လာတော့မည့် ခေတ်ကြီး၌ ပညာတတ်သော မိန်းကလေးများမှာ ပညာဖြင့် လခစား အလုပ်ရဖို့ရန် အများကြီးခက်ပေတော့မည်။

သို့ဖြစ်လေရာ အမျိုးသမီးကလေးများ ပညာသင်ကြားရာ၌ အကြီးဆုံး သော ရည်မှန်းချက်မှာ အထူးအရေးကြီးလေရာ ထိုအရေးကြီးသော ရည်ရွယ်ချက်အစား အခြားမဆိုင်သော ရည်ရွယ်ချက်ကိုထားချေက

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအောင်သောအခါ ပျော်ရွှင်မြူးသလောက် နောင်သောအခါ စိတ်လက်မချမ်းမသာ ဖြစ်ကြရပေလိမ့်မည်။

ထိုရည်ရွယ်ချက်သည်ကား ဂါ၏ ပညာသည် ကြီးလေးသော အိမ်ထောင်မှုတာဝန်ကို ဆောင်ခြင်း၌ ပညာမတတ်သူများထက် နိုင်နင်းလွယ်ကူ၍ အိမ်၏ သုခချမ်းသာ သားသမီးရတနာကောင်းတို့ကို မွေးမြူသုတ်သင်ရေး၊ မမွတာတာဝန်ကြီးအတွက် ဟူ၍ သဘောထားအပ်ကြလေသည်။

အသိအလိမ္မာရှိသော မိန်းမများကား တန်မာန မလွှမ်းမိုးချေတ အိမ်ထောင်ပြုခြင်း၏ သုခစည်းစိမ်းကို လူသတ္တဝါများ ရနိုင်သလောက် ကုန်စင်အောင် ရနိုင်လေသည်။

သို့ဖြစ်လေရာ 'ငါပညာသင်ခြင်းသည် ယောကျာ်းများလို လခစား အလုပ်ကိုလုပ်ဖို့မဟုတ် အိမ်ထောင်ပြုခြင်းတည်း ဟူသော ကြီးလေးသော အရေး၌ အသိအလိမ္မာရဖို့ သင်ခြင်း ဖြစ်လေသည်။အချုပ်မှာ ပညာသင်ခြင်းကိုလိမ္မာဖို့သင်ခြင်း'ဟု သဘောထားအပ်ကြပေသည်။

အရှေ့တိုင်းသားများသည် မိန်းမများကို အနိမ့်မှာ ထားကြရုံမက ယုတ်သည်ဟု သဘောထားကြလေရာ ခေတ်ကာလ အသိပညာသာလျှင် အမျိုးသမီးများမှာ ရာဇဝင်အစဉ်အလာ ရှေးပဝေသဏီအခါမှစ၍ နှိမ်နင်းခြင်းခံခဲ့ရခြင်းတည်းဟူသော တွင်းနက်ထဲမှ မြင့်တက်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ဖို့ ရှိလေသည်။

မိန်းမများကို အူတိုမျိုး၊ အယုတ်မာမျိုးဟု အစဉ်အလာမှ စွဲမှတ်၍ လာခဲ့ကြသော ယောကျာ်းများ၏အစွဲကို ပညာတည်းဟူသော ဓားဖြင့် ဖြတ်တောက်မိ လွတ်မြောက်တိုးတက်ခြင်းကိုရအောင် ကြိုးစားကြရမည်။ ပညာကို ပရိယေသနအရေးအတွက် သင်ကြားဖို့မဟုတ်။ အသိအမြင် အလိမ္မာများဖို့ အရေးအတွက် ဟု သဘောထားကြရမည်။ နောင်ကာလ



များမကြာမီ ဤအတိုင်းဖြစ်ရမည်မှာ မြေကြီးလက်ခက်လွဲမည် မဟုတ်ပေ။

အချို့မိန်းကလေးများလည်း မိဘကထားသဖြင့် ကျောင်းမှာနေပြီး ကိုးတန်း၊ ဆယ်တန်းအောင်၍ ကျောင်းမှထွက်ကြသောအခါ "မိန်းကလေးပဲ တော်ရောပေါ့" သဘောထားကာ ပညာကိုတိုးအောင်၊ လိမ္မာသည်ထက် လိမ္မာအောင် စာများကို မဖတ် ဖျောက်ဖျက်မေ့လျော့၍ ပေါ့ပေါ့ဆဆ နေကြလေသည်။

ထိုကဲ့သို့နေခြင်းသည် အခြားမဟုတ် 'ပညာသင်ခြင်းသည် ပရိယေသနဖြစ်သည်' ဟူသော မှောက်မှားသော အယူအစွဲကြီးကြောင့် ဖြစ်လေသည်။ ထိုအစွဲကို ဖျောက်ဖျက်ကာ 'ပညာကို ပညာမို့ သင်ရသည်' ဟူသောသဘောထားကြမှသာ ပညာသင်ရာ၌ တင်းတိမ်ခြင်းမရှိဘဲ အသိအလိမ္မာတိုးတက်လျက် မျိုးဆက်ကို ရင့်သန်စေခြင်းအရေး၌ အမျိုးသမီးများသည် ကြီးမားစွာ အကျိုးဆောင်နိုင်ကြမည် ဖြစ်ပေသတည်း။

❖❖❖

## အထင်ကြီးခြင်း

မိန်းကလေးများသည် အများအားဖြင့် မိမိတို့ကိုအထင်ကြီး တတ်ကြသဖြင့် မှားယွင်းပျက်စီးရလေသည်။

ယောကျာ်းကလေးတစ်ယောက်က ချွဲချွဲပြစ်ပြစ်ပြောသည့်အခါ ယုံလွယ်ကြသည်မှာ မိမိတို့ကိုယ်ကို အထင်ကြီးခြင်းကြောင့် ဖြစ်လေသည်။

ယောကျာ်းကလေး တစ်ယောက်ယောက်က ချစ်စကား ကြိုး၍ စကားပြောလာသည့်အခါမှာဖြစ်စေ မြှောက်ပင့်တေးသီချင်းနှင့် ပေးစာကို ပေးသည့်အခါဖြစ်စေ၊ တကယ်ကြဲတာလား ကြော်ရုံမျှ သဘောထားသလားဟူ၍ပင် ပြန်၍မေးစေကာမူ မိမိတို့၏စိတ်ရင်းမှာသား ယောကျာ်း၏ ပြောစကားကို ယုံလိုသောစိတ်က ပိုမို၍ နေတတ်လေသည်။

www.burmeseclassic.com



ဤကဲ့သို့ယုံလွယ်ခြင်းသည် မိမိတို့၌ရှိသော အာကာမှုနှသံလိုက် ဓာတ်နှင့် ပတ်သက်၍ အထင်ကြီးခြင်းကြောင့် ဖြစ်လေသည်။ ဤအရာမျိုး၌ အထင်ကြီးခြင်းသည် ပျက်စီးခြင်း၏ အကြီးဆုံးသော အကြောင်းကြီးတစ်ခု ဖြစ်လေသည်။ *

မိန်းမတို့မှာ ဓမ္မတာအားဖြင့် ဤအရာ၌စိတ်သည် လွယ်ကူစွာ ကျလေ့မရှိ၊ မိမိတို့နှင့် မရာမတန်သည်ကိုပင်တန်သည်ဟု မှတ်ထင်ယုံကြည်တတ်လေသည်။

မလွတ်ကင်းသော ယောကျ်ားများနှင့် ဖြစ်ပျက်ကြရခြင်းသည် အထင်ကြီးခြင်းကြောင့် ဖြစ်လေသည်။ အခါများစွာ ယောကျ်ားက (အိမ်ကကောင်မဟာ) ဘယ်လိုညာလို စသည်ဖြင့်အပြစ်ပြောကာ ကွာမယ်၊ ရှင်းမယ် စသည်ဖြင့် အပြစ်ဆိုကာ တစ်ဘက်သား ယုံကြည်အောင်နှုးသည့်အခါ ငယ်လင်၊ ငယ်မယား၊ သားကြီး မယားကြီးကို စွန့်ပစ်မည်ဟူသော စကားသည် ငါ့ကို အလွန်တရာ မေတ္တာစူးရှလွန်းလို့ ပြောရှာတဲ့စကားပဲ ဟူသော အတွေးနှင့် ယုံကြည်တတ်ကြလေသည်။ ထိုကဲ့သို့ယုံကြည်ခြင်းထက် ကြီးသော အထင်အမြင်သည် အဘယ်မှာရှိပါမည်နည်း။

မြင်ဖူးသည်မှာ အသက် ၄၀ ကျော်ကလေး ၄ ယောက်ရှိ၍ အကြီးဆုံးသော တစ်ယောက်ဖြင့် မြေးကိုပင်မြင်ရပြီဖြစ်သော မိန်းမကြီးတစ်ယောက် ဖြစ်လေသည်။ ထိုမိန်းမကြီးမှာ လင်ရှိစဉ်က နူးနူးညံ့ညံ့နေခဲ့ရသဖြင့် နုနုပျိုပျိုကလေးရှိပုံရလေ၏။ ထိုမိန်းမကြီးသည် မိမိ၏ သားလောက်အရွယ်ရှိသော ယောကျ်ားချောချောကလေးနှင့် တွေ့လေသည်။ ဖင်းယောကျ်ားကလေးသည် မိမိ၏ သားမယားဖြစ်သူ ကလေးမျက်နှာမြင်ရန်အတွက် ရပ်ရွာသို့ပြန်၍ နေခိုက်ဖြစ်လေသည်။

ယောကျ်ားကလေးက မိမိ၏မယားအပေါ်မှာ ဆိုးကြောင်း မကောင်းကြောင်းကိုသာပြောလျက် ထို ၄၀ကျော်မိန်းမကြီးကို နှူးနှပ်လေရာ မိန်းမကြီးမှာ အဟုတ်တကယ် ယုံကြည်ပြီး ထိုယောကျ်ားကလေးသွေးဆောင်ရာသို့ လိုက်ပါသွားမိသောကြောင့် မကျန်းမမာဖြစ်၍ သွားလေ၏။ ထိုအတွင်း ယောကျ်ား ကလေး၏ မိန်းမမှာ ကလေးမျက်နှာမြင်၍ပြီးသဖြင့် ပြန်လာသောအခါ မိမိကို ယုံကြည်သဖြင့် ဆင်းရဲဒုက္ခဖြစ်သောမိန်းမကြီးကို သတိမရဘဲ မိမိ၏မယားနှင့် ပျော်ပျော်ရွှင်ရွှင် နေမြဲနေထိုင်နေလေရာ မိန်းမကြီးမှာ ရင်ကွဲ၍ ကျန်ရစ်ခဲ့လေသည်။

ဤမျှလောက် ကြီးမားသော မိန်းမကြီးများပင် ဤကဲ့သို့ မယုံတန်ရာကိုယုံပြီး မိုက်မှားလိုက်စားမိလေရာ ငယ်ရွယ်သော မိန်းကလေးများမှာ အဘယ်မျှလောက် မှားယွင်းသွယ်ကြမည်ကို အထူးပြောဖို့မလိုပေ။ ထိုအမှားသည် အရင်းကို စစ်ကြည့်လိုက်သောအခါ မိမိတို့ကိုယ်ကို အထင်ကြီးခြင်းက အစဖြစ်လေသည်။ အဆိုပါမိန်းမကြီးမှာ ကွယ်လွန်သူယောကျ်ားကြီးက ချွေးမ ခံရမစွပ်အောင် နူနူနယ်နယ် မနေခွင့်ပေးခဲ့သည့်အတွက် နုပျို၍ နေခြင်းကြောင့် မိမိကိုယ်ကို မကြာခဏ မှန်၌ကြည့်ကာ လူပလီ၊ လူချွဲ၊ ကြာသမား တပတ်ရိုက်သူများ၏ လှည့်စားခြင်းကို ခံရခြင်း ဖြစ်လေသည်။

အထူးသတိပြုအပ်၊ ဆင်ခြင်အပ်သော အချက်တစ်ခုမှာ သားကြီးမယားကြီးအပေါ် အပြစ်ကိုပြောခြင်းသည် လွန်စွာဆိုးသွမ်းသော အရာတစ်ခုဖြစ်လေရာ ဤကဲ့သို့ပြောတတ်သူများသည် စင်စစ်အားဖြင့် မကောင်းသူ လူလိမ်လူညာများသာ ဖြစ်ရသည်ဟူသော အကြောင်းကို သိအပ်ပေသည်။ ထိုမျှလောက်မျှ မသိဘဲ မိမိကိုယ်ကို အထင်ကြီး၍ မိုက်မှားခြင်း၊ လကွယ် သန်းခေါင်ချိန်မြောင်ဂူတွင်း၊ မြေတွင်းနက်နက်သင်းသက်ဝိတ်ဖုံး မီးသွေးတုံးကို ခေါင်းအုံးကာ အိပ်၍မျက်စိမှိတ်လျက် နက်နက်နဲနဲ မိုက်ခြင်းဖြစ်ပေသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## ကညာပျို

အပျိုစစ်ဖြစ်ခြင်းသည် ဂုဏ်ကျက်သရေကြီးတစ်ခု ဖြစ်လေသည်။ အမျိုးသမီးဟူသမျှ ထိုဂုဏ်ကို နှမြောစုံမက်အပ်ကြလေသည်။

အပျိုစစ်ဖြစ်ခြင်းသည် ပန်းပွင့်နှင့်တူ၏။ လွန်စွာအဖိုးတန်သည်။ လွန်စွာချစ်ခင်ဖွယ်ကောင်းလှပေသည်။

အပျိုနုနုထွတ်ထွတ်ကလေးများမှာ ပန်းဖူးကလေးနှင့်တူသည်။ ထို့နောက် အသိအမြင်ကလေး အတော်ပွင့်၍လာသောအခါ ပန်းငုံကလေးနှင့်တူသဖြင့် ပိုမို၍လှပ ပိုမို၍ချစ်ဖွယ်ကောင်းလှပေသည်။

ထို့နောက် ပွင့်စပန်းကလေးဖြစ်သောအခါ ခန့်ညားတင့်တယ်၍ ရှုချင်ဖွယ်ကောင်းရုံမက သူသူငါငါ ပန်ချင်သော ရမ္မက်ဖြစ်ပေါ်တတ်လေသည်။

ထိုအချိန်အခါအတွင်း ပျားပိတုန်း၊ နံ့ပြည်စုတ်များနှင့် မတွေ့ရသေးတာကြောင့် ဝတ်မှုန်မကြွေ၊ ပန်းရည်မညှိုး ပန်းခြံအနေတို့မှာ အခြေမပျက်ရှိနေသည့်အခါ လောကဓာတ်တစ်ခုလုံးမှာ အတုမရှိသော ကျက်သရေကိုဆောင်သဖြင့် နှင်းဆီပန်းပမာ ဦးခေါင်းနဖူးပြင်၊ ဆံပင်အလယ်မှာ ပန်ဆင်သူတွေ များတတ်လေသည်။

ဤကဲ့သို့သော အနေမှာ ပိတုန်းတွေ၊ နံ့ပြည်စုတ်တွေ၊ ပျားတွေကို လာတိုင်းခံရသော ပန်းမှာ လျင်မြန်စွာ ညှိုးနွမ်းလျက် ကျက်သရေအရောင်အဝါ ချို့ငဲ့ခြင်းအဖြစ်သို့ ရောက်ရလေသည်။

ဤအဖိုးထိုက်သော အပျိုစစ်ဖြစ်ခြင်းမှာ ရန်သူအလွန်များလေသည်။ သို့ရန်သူများခြင်းပင်လျှင် အဖိုးတန်ခြင်း၏ သက်သေဖြစ်လေသည်။

ရှေးဟိန္ဒူကျမ်း၌ အပျိုစင်၊ အပျိုစစ်ကလေးများကို မင်းသူဌေးများအတွက် အာယုဝဍ္ဍနတစ်မျိုးဖြစ်ကြောင်း ပါရှိလေသည်။



ဤအကြောင်းကို ထောက်လျှင် အပျိုစစ်ဖြစ်ခြင်းသည် အဘယ်မျှလောက် အဖိုးထိုက်တန်သည်ကို အထူးပြောရန်မလိုပေ။

အသက်အရွယ်အဘယ်မျှ ကြီးစေကာမူ အပျိုစစ်ဟူသော ဂုဏ်ကား ရှိချေက အင်္ဂလိပ်စကားမှာ (ဗာဂျင်) ဟုခေါ်၏။ အသက်ရှစ်ဆယ် တစ်ရာရှိစေကာမူ ယောကျ်ားတစ်ပါးနှင့် မတွေ့ဖူးလျှင် (ဗာဂျင်) ဖြစ်၏။ ၎င်းစကား၏ အဓိပ္ပါယ်မှာ အဘိဓာန်အရ ကညာဖြစ်လေသည်။ ကညာပျိုဟူသော စကားရှိက ကညာအိုဟူသောစကားလည်း ရှိရပေမည်။ အသက်အဘယ်မျှ ကြီး၍ ကညာအိုဖြစ်စေကာမူ အသက် ၁၃ နှစ် ကညာမဟုတ်သော အပျိုထက် အဖိုးတန်လေသည်။

အဖိုးတန်သည်မှာ တခြားကြောင့်မဟုတ်၊ ဆေးကြီးတစ်ပါး ဖြစ်ခြင်းကြောင့်ပေတည်း။ ထိုဆေးသည် အမြဲနုပျိုသောဆေး ဖြစ်လေသည်။ တစ်ကြောင်းမှာလည်း ယောကျ်ားတစ်ပါးနှင့် မတွေ့ကြုံဖူးသေးသမျှ အခြားသွေးဆောင်သော မကောင်းသော အပေါင်းအဖော်တို့၏ စကားကို မကြားဖူးသူဖြစ်အံ့၊ ယောကျ်ားတစ်ပါးနှင့် တွေ့လိုသော စိတ်ဆန္ဒသော်မှ မပေါ်ပေါက်သဖြင့် လွန်စွာစင်ကြယ်သည်ဟု ဆိုပေမည်။ လိင်ဆန္ဒသည် တွေ့ကြုံဖူးသော အပေါင်းအဖော်တို့က စေ၍နှိုးသော ဆန္ဒဖြစ်လေရာ အလွန်စင်ကြယ်လှပသော ကညာစစ်၊ ရတနာစစ်ဖြစ်လိုက အမှတ္တ အကြံများ၍ အားကျအောင် ပြောတတ်သော အဖော်အပေါင်းတို့၏ စကားကို နားထောင်ခြင်းမှ ရှောင်ကျဉ်အပ်ပေသည်။

❖❖❖

## အလှပြုပြင်နည်း

မိန်းမတို့မှာ အလှပြုပြင်နည်းသည် အတတ်ပညာတစ်ခု ဖြစ်၏။ အလှပြင်ခြင်းကို ကဲ့ရဲ့ရန်မဟုတ်ပေ။ အလှပြင်ရာ၌ စိတ်ကူးဉာဏ်ကို သုံးနိုင်သမျှ သုံးအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူကား မိန်းမများမှာ အဆင်းသည် ဥစ္စာမည်၏ဆိုသည့် စကားအရ အဆင်းဖြင့် ယောကျ်ားကောင်းတစ်ယောက် ရနိုင်၏။ ရပြီးသော ယောကျ်ားကိုလည်း အဆင်းဖြင့် စွဲအောင် ခင်မင်တွယ်တာကြင်နာအောင် လုပ်ရလေသည်။

ယောကျ်ားသည် ပင်ပန်းစွာ လုပ်ကိုင်ရှာဖွေရာမှ ပြန်လာရာ၌ လှပသန့်ရှင်းစွာ ဆင်ပြင်ဦးကြိုပြုသော အိမ်သူဇနီးကို တွေ့ရလျှင် အားတက်၍ လာနိုင်လေသည်။

သို့ဖြစ်လေရာ အလှပြင်ခြင်းကို ယောကျ်ားရဖို့အတွက် ဟူ၍သာ သဘောမထားဘဲ ယောကျ်ားရပြီးနောက်လည်း မပြုမပြင် မနေနိုင်သော အကျင့်တို့ ရအောင်လေ့လာရလေသည်။ မြန်မာအမျိုးသမီးများ အလှပြင်ရာ၌ အများအားဖြင့် အလွန်ရှေးကျ ရိုးစိုးသည်မှာ လောကဓာတ်နည်းမကျဘဲ ဖြစ်ကတတ်ဆန်း လုပ်၍ရောင်းသော ပန်းရောင်နံ့သာအမှုန့်တွေနှင့် မျက်နှာကို သုတ်ခြယ်ခြင်း၊ မျက်ခုံးကို မီးခြစ်ဆံနှင့် ဆွဲခြင်းသည် အမြတ်ဆုံးသော မျက်နှာကို ဖြစ်တတတ်ဆန်း လုပ်ရာရောက်လေသည်။

အချို့မျက်နှာချေများမှာ ကျောက်မှုန့်မြေဖြူမှုန့်တွေကို ကြိတ်ချေပြီး အရောင်ခြယ်ကာ အမွှေးကလေးထည့်၍ လိမ်းကျံခြင်းထက် များစွာမထူးလှပေ။

ပြုပြင်ပုံနည်းစနစ်မကျ၍ မပြင်နိုင်သော အညစ်အကြေးတွေရှိသဖြင့် အသားအရေကို ပျက်စေနိုင်လေသည်။

အချို့မျက်နှာချေများမှာ လိမ်းနေကျဖြစ်၍နေသောအခါ မလိမ်းလျှင် မျက်နှာသွေ့ခြောက်လျက် ကျက်သရေမရှိ၊ လူသေမျက်နှာလိုဖြစ်ကြလေသည်။

တကယ်ကောင်းမွန်သန့်ရှင်းသော မျက်နှာချေမှာ ဓာတုဗေဒနည်း



အရ စင်ကြယ်သန့်ရှင်းစွာ လုပ်ရလေသည်။

တစ်ထုပ် ၁ပဲခြောက်ပြား၊ တမူးနှင့်ဝယ်၍ လိမ်းကြသော မျက်နှာချေများမှာ အဘယ်နည်းနှင့်မျှ ကောင်းမည်မဟုတ်ပေ။ နိုင်ငံခြားကလာသော ပေါင်ဒါများမှာ အဖြစ်ကောင်းသော်လည်း အဖိုး ကြီးလွန်းသဖြင့် ကိုယ်တိုင်ဖော်စပ်၍ အသုံးပြုရန်သင့်ပေသည်။

အင်္ဂလိပ်ဆေးဆိုင်များတွင်ရှိသော မျက်နှာချေ၊ ပေါင်ဒါဆေးများသည် အထူးသန့်ရှင်းလေသည်။

သို့သော်လည်း မြန်မာလူမျိုးအသားအရောင်နှင့် စပ်သည့်အခါပြောသည်မှာ ထင်ရ၏။ စင်စစ်မှာ မပြောပေ။ အသားကိုလည်း အန္တရာယ်မဖြစ်စေနိုင်၊ ခိုင်အား စွဲအားကြီးသော ဆေးပေါင်ဒါများသည် အသားကိုပျက်စေတတ်လေသည်။

ရင်းပေါင်ဒါမှုန့်များကို (ဂလီဆရင်)နှင့်ရောပြီး နံ့သာရောင်ပန်းရောင်ခြယ်၍ ဖန်ပုလင်း၌ထည့်ပြီး စိတ်ချလက်ချ ဖောဖောသီသီအသုံးပြုနိုင်ပေသည်။ အိမ်မှာနေသည့်အခါ၌ကား ဒီ့ထက်ကောင်းသောအရာမရှိပေ။

သို့ဖြစ်လေရာ မွန်မြတ်သော မျက်နှာပေါ်၌ သူ့သူငါငါ စိတ်ကူးနှင့် ဖော်စပ်၍ ရောင်းသော အမှုန့်များကို မတင်အပ်ကြပေ။

❖❖❖

## အဝတ်နှင့်အစား

မိန်းမပျို အမျိုးသမီးများမှာ ကျန်းမာခြင်းသည် အဖိုးတန်ဆုံး ဖြစ်လေသည်။

မဝတ်ရမှာကို မပူအပ်၊ မကျန်းမာမှာကို ပူအပ်လေသည်။ ကျန်းမာလျှင် အလိုလို လှ၍နေ၏။ မကျန်းမာလျှင် အဘယ်မျှပင် အဝတ်အစားဆင်သော်လည်း လှမည်မဟုတ်ပေ၊ ကျန်းမာခြင်း၌ အလှသည် ဒွန်တွဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေ၏။ မကျန်းမာလျှင် လှနိုင်မည် မဟုတ်ပေ။

ကျန်းမာစိုပြေလျှင် အထူးလှပနိုင်သည့် အမျိုးသမီးကလေးများကို အခါခါ တွေ့မြင်ရသဖြင့် သနားမိလေသည်။

ထိုအမျိုးသမီးကလေးများမှာ ပိန်ပါးသွေ့ခြောက်လျက် အသွေးအရောင်မရှိ မျက်လုံးမှာ မကြည်မလင်၊ သစ်ယောင်းဝါးယောင်းလိုဖြစ်၍ နေကြလေသည်။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ ကျန်းမာခြင်းကို ဂရုမစိုက်ကြခြင်းကြောင့် ဖြစ်လေသည်။ မကျန်းမာခြင်း၏ အစမှာ အနေအထိုင် အစားအသောက် ပင် ဖြစ်လေသည်။ မြန်မာအမျိုးသမီးများစားသော အစာအစာမှာ များသောအားဖြင့် အဟာရဓါတ်မပြည့်စုံ၊ အဆာပြေ၍ ဝမ်းပိုက် ပြည့်လျှင်ပြီးရော အနေမျိုးနှင့် စားကြလေသည်။

အစားထက် အဝတ်နှင့် ဓိုးလိမ်းဖို့တို့ ဂရုစိုက်ကြလေသည်။ လှပစွာ ဖီးလိမ်းဝတ်ဆင်လျက် လမ်းနံ့ဘေး မုန့်ဟင်းခါးသည်၏ ဟင်းအိုးနားမှာ ဆောင့်ကြောင့်ထိုင် စားသောက်နေကြသည်ကို မြင်ရသည့်အခါ ‘ခဏ အစာပြေပြီးရော ပွင့်စဝ်ရှား ဩဇာဓာတ် တစ်စုံတစ်ရာမျှမရှိသော အပုပ်စာကိုစား၍ နေကြပါကလား’ ဟု တွေးမိလေသည်။

မုန့်ဟင်းခါးမှာ ဆန်ပုပ်နှင့်ငပြာရည်မျှသာဖြစ်ရာ ငါးမှာလည်း အားကို အထူးဖြစ်စေသည်မဟုတ်၊ ချေတ်စပ်စပ်မှာ ပူပြင်းရုံမှာ တပါးအကျိုး မရှိပေ။

လက်သုပ်များမှာလည်း ထို့အတူဖြစ်လေရာ ကြက်သွန်ကြော်၊ ငပြာ ရည်နံ့ကိုသာ ခံ၍ စားကြခြင်း ဖြစ်လေသည်။

ထိုအစာမျိုးကိုစားသူတို့မှာ ခိုင်ခန့်ကျန်းမာမှုနှင့် စိုပြေဝင်းထိန်သော အလှကို မရနိုင်ပေ။

အနေမတတ်သဖြင့် ဝေဒနာမကင်းသည့်အခါ ဘောလုံးမှ လေထွက်



သလို နွမ်းပိန်၍သွားလေသည်။

သွေးသားကို ဆူပွက်၍ထစေသည့် ဆီဦးယောဝပတ်များကို စားရမည် ဟု မဆိုလိုပေ။ အဟုတ်တကယ် အဟာရဓါတ်ကို ဖြစ်စေသော ပဲ၊ ဥ၊ သစ်သီး၊ အသားအတော်အတန်၊ အာလူး၊ ပေါင်မုန့်၊ ထမင်းရည် မငဲ့သော ထမင်း၊ လူးဆန်၊ ပြောင်းကဲ့သို့သော အဟာရများသည် ခိုင်မြဲသော ကျန်းမာခြင်းကို ဖြစ်စေလေသည်။

နံနက် မိုးလင်းသောအခါ ငှက်ပျော်သီး၊ သဘော်သီး၊ လိမ္မော်သီး၊ သစ်အယ်သီး၊ သစ်တော်သီး၊ ကုလားပဲနှင့် မတ်ပဲ၊ တရုတ်ကြော်၊ လက်ဖက်ရည်နှင့် နို့စင်အနည်းငယ် မှီဝဲခြင်းသည် ကျန်းမာ၍ အစာကို လည်း ကြေစေလေသည်။ မြန်မာမုန့်ကြမ်းမုန့်များမှာ များစွာအကျိုး မရှိပေ။

သို့ဖြစ်လေရာ လှချင်လျှင် ကျန်းမာအောင်လုပ်၊ ကျန်းမာချင်လျှင် အဝတ်ထက် အစားတိုပိုမို၍ ဂရုစိုက်ရမည်။ “ အစားကို လူမမြင် ၊ အဝတ်ကို လူမြင်သည် ” ဟူသော စကားသည် အလွန်မှားသော စိတ်ဓာတ် ဉာဏ်ထဲမှ ထွက်ပေါ်လာသော စကားဖြစ်ကြောင်း သတိပေးလိုက်ရပေ သတည်း။

❖❖❖

## အရှက်အကြောက်

အရှက်, အကြောက်ဟူသော စကားသည် ရှက်ရမည်က မှန်၏။ ဘယ်အတွက်ကြောက်ရမည်နည်း။

မိန်းကလေးများသည် မိမိကိုယ်ကို မိမိတို့ မထိန်းမစောင့်နိုင်၊ တစ်ယောက်တည်း သွားလာလျှင် တစ်စုံတစ်ခု ဖြစ်တတ်၏။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ အရှက်အကြောက်ဟူသော စကားကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှက်သည် မိန်းမတို့၏ ဂုဏ်ရှိမှုနှင့် ပတ်သက်၏၊ အကြောက်နှင့် မသက်ဆိုင်ပေ၊ ဘာကိုကြောက်ရမည်၊ မည်သူ့ကို ကြောက်ရမည်နည်း။

ရှက်ခြင်းမှာလည်း ယုတ်သောအမှုတို့သာ ရှက်ရာ၏။ ယုတ်သော အမှု တစ်စုံတစ်ခုကို မပြုဘဲလျက် ဘယ်အတွက် ရှက်ရ မည်နည်း။

မိန်းကလေးများ၏ အပိုဆိုက်တန်ခြင်းသည် ခြေလှမ်းကို ရေတွက်၍ လှမ်းခြင်း၌မတည်၊ ဘုန်းကြီးများလို ရှေ့သို့စိုက်၍ သွားခြင်း၌လည်း မတည်၊ ခြေလှမ်းစိတ်စိတ်လှမ်းခြင်း၌လည်း မရှိ၊ အကျင့်ကောင်းခြင်း၊ စိတ်ကောင်းခြင်း၌သာ တည်လေသည်။

ကာမဂုဏ်စိတ်၏ လှုပ်ရှားထကြွ သောင်းကျန်းခြင်းကို မခံရ သေးသော မိန်းမပျိုကလေးများ၏ အမူအရာမျိုးသည် ချစ်ဖွယ် ကောင်းလျက် လုံးလုံးကြီး အပြစ်ကင်း၏။

အသံကျယ်ကျယ်နှင့်စကားပြောခြင်းသည် အပြစ်မဟုတ်၊ ရဲရင့်စွာ ကြည့်ခြင်းသည် အပြစ်မဟုတ်၊ အိပ်ပေါ်မှ ဖွားခုန်၍ လှေခါးသုံးထစ် ကျော်ဆင်းခြင်းသည် အပြစ်မဟုတ်၊ ကမြင်းမှသာ အပြစ်ဖြစ်၏။

ကမြင်းခြင်း၊ နှစ်ခြင်းဆိုသည်မှာ ယောကျ်ားချောချောကလေး များကို ချောင်းမြှောင်းကြည့်ခြင်း စသည်များဖြစ်ကြလေသည်။

ယောကျ်ားများ ချစ်ကြိုက်အောင် တမင်သက်သက် ကိုယ်အမူ အယာ, နှုတ်အမူအရာကို ပြုခြင်းကို (ဆက္ကအစီးအဲလ်)ဟု ခေါ်၏၊ အမီပွားယ်မှာ ကြာပေးခြင်းဖြစ်လေရာ အမျိုးအရှယ် အထူးသဖြင့် ခပ်ငယ်ငယ်ကလေးများ၏ ဝါသနာဖြစ်လေသည်။

အချို့သော မိန်းမပျိုမှာ ဤသတ္တိမျိုး များစွာ မရှိသဖြင့် ချစ်ကြိုက်သူ နည်းပါးတတ်လေရာ မိမိတို့ကိုယ်ကို ကံဆိုးသည်ဟု မှတ်ထင်ကြလေ သည်။

ဝင်စစ်မှာ ကံဆိုးခြင်းမဟုတ်ပေ။ လူမြင်တိုင်း ချစ်အောင်လုပ်



တတ်သော သတ္တိအစွမ်းရှိသော မိန်းမသည် ထိုသတ္တိတန်ခိုးကို အသုံးမ ပြုဘဲမနေတတ်၊ ယောကျ်ားတစ်ယောက်ကို တကယ်ယူဖို့ပင် စိတ်အကြံ ရှိနေကာမူ 'မိမိကို ချစ်အောင် ကြိုးတ်အောင်' ထိုအစွမ်းကို ရှာန်ကစားသည် ကိုရင်ပမာ ပြုတတ်လေရာ ထိုအစွမ်းသတ္တိကြောင့်ပင် ပျက်စီးတတ်ကြ လေသည်။

ထိုအစွမ်းသတ္တိရှိလျက် မပြုဘဲ နေနိုင်ကြအောင် စိတ်ကိုသာ သိမ်း ဆည်းချုပ်တည်းတတ်မှ အဖိုးတန်လေသည်။

ယောကျ်ားများသည် မိန်းကလေးများ၏ အကဲကို ရှေးဦးပထမ ခတ်ပြီးမှ စဝုံကြ၏၊ စ၍ရမည့် မိန်းမ၊ မရမည့်မိန်းမဟု ရွေးပြီးမှ စတတ် ကြလေသည်။

မြန်မာအမျိုးသမီးများမှာ အများအားဖြင့် အင်္ဂလိပ်လူမျိုး ကပြား လူမျိုး၊ မိန်းမများလို မရဲကြပေ။ ကြောက်ရွံ့သော အမူအရာကို နေရာတိုင်း မှာ ပြုတတ်ကြ၏၊ တစ်ယောက်တည်း သွားလာရလျှင် မိမိတို့ကို တွေ့က ရာ အမူအရာမျိုး ရှိတတ်ကြလေသည်။

အင်္ဂလိပ်များမှာ ဤအမူအရာမျိုးမရှိသဖြင့် မည်သူမျှ မစော်ကားဝံ့ ပေ။ မြန်မာအမျိုးသမီးများမှာ ကြောက်သောစိတ်က စော်ကားသူတို့ကို အားပေးသလို ဖြစ်၍နေသောကြောင့် အဘယ်နေရာမျှ စိတ်မချရပေ။ အကျီအိတ်ထဲမှာ မောင်းချားကလေးတစ်လက်ကို ဆောင်၍ထား, အနားမကပ်နဲ့ ကပ်ရင်တွယ်လိုက် မယ် 'ဟူသော အမူအယာအမျိုးမျိုး ရှိလျှင် အချိန်မတော်ပင် သွားစေကာမူ လူတိုင်းစော်ကားဝံ့မည် မဟုတ်၊ ပြောင်လှောင်ခြင်းကိုပင် ပြုရဲလိမ့်မည် မဟုတ်ပေ။

သို့ဖြစ်လေရာ မသင့်မှုလျော်သော အပြုအမူမှတစ်ပါး ရှက်စရာ လည်းမရှိ ကြောက်စရာလည်းမရှိဟု စိတ်ချယုံကြည်သင့်ကြပေသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## ဗူးတောင်းမှစင်ခံ

အမျိုးသမီးကလေးများ၏စိတ်၌ ယခုအခါသမယ လွတ်လပ်ခြင်းရဖို့ အရေးကို အထူးသတိပြုအပ်လှပေသည်။

လောက၌ အဘယ်မျှပင် ကြွယ်ဝစေကာမူ မလွတ်မလပ် တကယ် ချမ်းသာခြင်းကို ရရှိခံစားနိုင်မည် မဟုတ်ပေ။

မိဘအဘယ်မျှပင် ကြွယ်ဝစေကာမူ မိမိကိုယ်တိုင်ကို အားမကိုးနိုင်၊ မိဘမောင်ဘွား သားချင်းပေါက်ဖော်ကိုသာ အားကိုးရချေက အဘယ်မှာ ချမ်းသာသုခ ရှိပါတော့မည်နည်း၊ လင်ယောကျ်ားမှာလည်း ထို့အတူ ဖြစ်လေသည်။

မိမိကိုယ်၌ အားကိုးရာ တစ်စုံတစ်ခုမျှမရှိ " ဗူးကောင်းတော့ စင်ခံ လင်ကောင်းတော့စံရမည် " ဟူသော စိတ်မျိုးကို ထားချေက ချစ်စ,ခင်စ, ကြင်နာစမှာ လင်ယောကျ်ားဖြစ်သူကို မိုးသကြားပမာ အားကိုးရ၍ မှတ် ထင်သော်လည်း အချစ်၏သချိုင်းဟု ခေါ် ဆိုအပ်သော အိမ်ထောင်မှုကိစ္စ ကြီးကျယ်၍လာသောအခါ အားကိုးရခြင်း၌ အများကြီး စိတ်မချဖွယ်ရာ ဖြစ်လေသည်။

မြန်မာလူမျိုးမှာ 'ယောကျ်ားကောင်း မောင်းမတစ်ထောင်' ဟူသော စကားရှိ၏။ ထိုစကားသည် မိန်းမများအတွက် အဘယ်မျှလောက် စိုးရိမ် ဖွယ်ရာ ကောင်းပါသနည်း။

သမီးရည်းစားဘဝ၌ 'ဖွဲ့နှင့်သလဲ' ဟူသော စကားမျိုးတွေ၊ ကျိန်စာတွေ၊ သစ္စာတွေ၊ အဘယ်မျှထားစေကာစေ ညီမလေးတစ်ယောက် စွတ်စွတ်၊ ရွတ်ရွတ်၊ ဘွားကနဲ ပေါ်ပေါက်၍ မလာနိုင်ဘူးဟု မသိသူ အာမခံနိုင်ပါမည်နည်း။

အင်္ဂလိပ်လူမျိုးမှ တစ်လင်တစ်မယားသာရှိ၏။ သို့ပါလျက်နှင့်ပင် လင်ကွာ၊ မယားကွာရုံးများမှာ လွန်စွာအလုပ်များနေကြလေသည်။



မြန်မာမှာ (ဘီးစင်းမီး) ခေါ်သော ဖြစ်မှုသည် ယောကျ်ားအတွက် မရှိ မယားကြီးရှိလျက်နှင့်ပင် တင့်တင့်တယ်တယ် တောင်းရမ်း၍ နောက် မယားယူနိုင်လေရာ ဗူးကောင်းမှ စင်ခံဆိုသည့် မိန်းမမျိုးအတွက် အဘယ် မှာ နေရာရှိပါမည်နည်း။

သို့ဖြစ်လေရာ အထူးသဖြင့် သတိပေးလိုသည်မှာ အမျိုးသမီး ကလေးများသည် လင်ယောကျ်ားကိုသာ အားကိုး၍မနေရအောင် မိမိ ကိုယ်တိုင် အသက်မွေးနိုင်သည့် " အသက်မွေးမှုတစ်ခု ပညာကိုယ်စီ ကိုယ်ငှ " ရှိကြဖို့ရန် သတိပေးအပ်ပါသည်။

❖❖❖

## လှအောင်လုပ်နည်း

မည်သည့်မိန်းမဆို လှချင်၏။ မလှချင်သော မိန်းမမရှိပေ။ သို့ဖြစ် လေရာ မျက်နှာချေ၊ ပေါင်ဒါ၊ နံ့သာတို့ကို အများအားဖြင့် သုံးကြလေ သည်။

" အလှသည် အရေပြားတစ်ထောက်သာရှိသည် " ဟု ပြောလေ သော်လည်း စိတ်မှထွက်သော အလှသည် အရေပြား တစ်ထောက်ထက် လေးနက်လေသည်။ မျက်နှာချေ၊ ပေါင်ဒါ၊ နံ့သာတို့သည် အရေပြား တစ်ထောက်သာ မှီ၏။

ထိုနည်းသည် မျက်နှာထားဆိုးသူကို လှအောင်မတတ်နိုင်ပေ။ အဘယ်မျှပင် လှအောင်ချယ်လှယ်၍ ထားစေကာမူ မျက်ကြိုတ်ရန်လို၊ မနာလိုမုန်းထားသော စိတ်အမူအရာ ပေါ်ပေါက်၍ လာသည့်အခါ မျက်နှာကို ထိခိုက်ပြီးလျှင် မျက်နှာ၌ ခတ်တရော်ကြမ်းတမ်းခြင်းကို ဖြစ်စေလေသည်။

လှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ၊ ချစ်ဖွယ်ကောင်းသော အသွင်

www.burmeseclassic.com

www.burmeseclassic.com



သည် ချစ်ခင်ခြင်းကို ဖြစ်စေလေရာ လှပသောစိတ်သည် ချင်ဖွယ်ကောင်းသော အသွင်ကို ဖြစ်စေလေသည်။

'မျက်နှာထား' ဟူသော စကားရှိ၏။ ထိုစကားမှာ မျက်နှာ၌ စိတ်၏အဆင်းရောင် ပေါ်ပေါက်အောင်ထားခြင်းကို ဆိုလိုလေသည်။ သို့ထားခြင်း၌ အကြောကြီးငယ်၊ အသားအမျှင်၊ အသားဆိုင်၊ အသွေးမာတ်တို့၏ အနေအထား ပြောင်းလွဲခြင်းပင် ဖြစ်လေသည်။ မကောင်းသော စိတ်ဆိုး၊ စိတ်ကြမ်းများ လွှမ်းမိုး၍ နေသည့်အခါ ထိုအကြောအသား၊ အသွေး၏ အနေအထားသည် အချိုးအစားမကျ ခက်ထရောခြင်းဖြစ်အောင် ဖူးရောင်တင်းကျပ်ခြင်း ဖြစ်စေသည်။ ထိုစိတ်ကြမ်းများ ခေတ္တရှိက ခေတ္တမျှ မျက်နှာကြမ်းကြုတ်လျက် အရုပ်ဆိုးသော အသွင်ကို ပေါ်ပေါက်စေ၏။ ထိုစိတ်ကြမ်းတွေ အခါများစွာပေါ်ပေါက်သည့်အခါ ထိုအကြော၊ အသားတို့၏ ခက်ထရော်သော အနေအထားသည် မျက်နှာ၌ အမြဲထင်ပေါ်စေသည့်အကြောင်း၊ အမှတ်အရေးတို့ကို ဖြစ်စေလေသည်။

ရုပ်ရည် အသင့်အတင့်မျှရှိသူတွေ များစွာရှိကြ၏။ အလွန်အရုပ်ဆိုးသဖြင့် ကြည့်ရန်မကောင်းအောင် ဖြစ်၍နေသော မျက်နှာတို့မှာ လွန်စွာရှားပါလေသည်။ အများအားဖြင့် အတွင်းစိတ်ကို ကောင်းအောင်ထားချေက ကြည့်၍ကောင်းအောင် တင့်တယ်ဖွယ်ရာ ကျက်သရေရောင်ဝါနှင့် ပြည့်စုံသည့် မျက်နှာမျိုးတွေသာ များကြလေသည်။ သို့သော် ထိုအကြောင်းကို သတိမထားကြသောကြောင့် စိတ်ထားမထားတတ်ကြသည့်အတွက် အရုပ်ဆိုးမတွေ ဖြစ်၍ နေကြရလေသည်။

များစွာသော သူတို့မှာလည်း အလှကို မြင်လွယ်သော အသိမရှိကြချေ။ မိမိတို့ ကိုယ်ကို မှန်၌ကြည့်ကာ မိမိတို့ထက် သိသိသာသာ ပိုမိုလှသူများနှင့် မိမိကိုယ်ကို နှိုင်းယှဉ်ခါ အားငယ်စိတ်ပျက်ကြပြီးလျှင်



" သူတို့များတော့ ချောကချောနဲ့ ကုသိုလ်ကောင်းလိုက်တာ " ဟုတွေးတတ်ကြလေသည်။

အလှမှာ မျက်နှာကလေးတစ်ခု၌သာ တည်သည်မဟုတ်၊ တစ်ကိုယ်လုံး၌ တစ်နေရာရာမှာသော်လည်းကောင်း၊ အချက်ကောင်းကလေးများ သဖွယ် မသိမသာ ရှိတတ်လေရာ ထိုအချက်ကောင်းများကို သိသာအောင် ဖော်ထုတ်ဖို့ လိုလေသည်။

" လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး " ဟူသော စကားလည်း ရှိလေသည်။

သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်လျက် မျက်နှာကို ထားတတ်၍ အတွင်းစိတ်ရင်းကောင်းမြတ်ချေက ထိုထိုမိန်းမချော၊ မိန်းမလှများစွာတို့ထက်ပင် ထင်ပေါ်နိုင်လေသည်။ ထိုကဲ့သို့သော မျက်နှာများက သာ၍ကြည်လင်သည်ဟု ပြောကြလေသည်။

ထိုကြည်လင်သော မျက်နှာမျိုးကို ရဖို့ရန် မုန်းထားသူ တစ်စုံတစ်ယောက်အဖြစ်ကို လည်းကောင်း၊ မခံချင်စရာအကြောင်းအရာ များကိုလည်းကောင်း၊ စိတ်မချမ်းသာဖွယ်ရာကို လည်းကောင်း၊ မနာလိုခြင်းကို ဖြစ်စေသည့် အရာတို့ကို လည်းကောင်း၊ ကလဲ့စားချေလိုသော စိတ်ကိုဖြစ်ပေါ်စေသည့် အရာတို့ကိုလည်းကောင်း၊ တက်ကြွထောင်ထား မောက်ကြွားခြင်း ဖြစ်စေသည့် အကြောင်းအရာတို့ကို လည်းကောင်း၊ မတွေးတောပဲ အပြစ်ကင်းသော ကလေးကဲ့သို့ သဘောမနော ဖြူစင်စွာထားတတ်၍ တွေ့သမျှသော သူတို့၏သဏ္ဌာန်၌ လည်းကောင်း၊ အကျင့်စာရိတ္တ၌ လည်းကောင်း၊ မုန်းဖွယ်ရာသော အချက်ဟူသမျှကို မတွေ့ရှုမြင်တတ်သော အလေ့ကို ဖြစ်စေရန် လိုပေသတည်း။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## တကယ့်အချစ်

အမျိုးသမီးကလေးများမှာ ရှေးကနှင့်မတူ၊ ယောကျ်ားကလေးများကဲ့သို့ အတတ်ပညာသင်ကြားရခြင်းဆိုင်ရာ တာဝန်တစ်ခု တိုး၍ လာလေပြီ။ ရှေးအခါက မိခင်များ အဘွားများမှာ ထိုတာဝန် သည် စာပေဖတ်ရုံမျှ သင်ကြား၍ ဇာတ်စာပေ၊ ဗေဒင်များကို ဖတ်ကာ ကုသိုလ်ပွားများရာ အလုပ်တို့နှင့် နေရာ၊ နောက် တိုးတက်စဖြစ်ခဲ့သော ဇာထိုး၊ ပန်းထိုးအတတ်ကလေးမျှသာ ဖြစ်ခဲ့ လေသည်။ ထို့ထက် အရေးကြီးသောအတတ်မှာ မီးဖိုချောင်နှင့် ဆိုင်ရာ ကောက်စိုက်၊ ထင်းခွေ၊ ရေခပ် အလုပ်များသာ ဖြစ်ခဲ့ လေသည်။

အချို့သော စွမ်းရည်သတ္တိရှိသူများမှာ ယောကျ်ားများနှင့် မခြား ကူးသန်းရောင်းဝယ်ခြင်းအလုပ်ကို လုပ်ကြလေသည်။ အခု အခါမှာမူကား ထိုအလုပ်တာဝန်များမှာ အခြေအနေနှင့် လျော်ညီ စွာ မဆုတ်၊ မယုတ် ရှိခဲ့ရာတွင် ယောကျ်ားလေးများကဲ့သို့ ကျောင်းတက် ရခြင်း အလုပ်ပို၍လာလေသည်။ များမကြာမီ လခစား စာရေးစာချီ အလုပ်များကို ယောကျ်ားများကဲ့သို့ ရှာဖွေ လုပ်ကိုင်ကြရသောအခါ ကာလတစ်မျိုးပေါ်ပေါက်၍ လာရမည် ဖြစ်ကြောင်းကို ယခု သင် မျက်မြင်တွေ့ရှိရသော လခစား မိန်းမ စာရေး၊ စာချီ၊ ဆရာမ စသည်တို့ကို ထောက်သဖြင့် သိရလေသည်။

ထိုပြောင်းလဲခြင်းမှာ အမျိုးသမီးများသည် ရှေးကထက် လွတ်လပ်စွာ ပေါင်းသင်းဆက်ဆံကြရမည့် အခြေအနေ၏ အစ ဖြစ်လေသည်။ မြန်မာအမျိုးသမီးများမှာ အိန္ဒိယတိုင်းရင်းသား များနှင့်မတူ၊ မူလကပင် လွတ်လပ်ခြင်းကို ဥရောပ တိုင်းသူများ လောက်နီးနီး ရရှိကြသူများ ဖြစ်ကြလေရာ တိုးတက်ခြင်းအရာ၌ အိန္ဒိယတိုင်းသူများထက် လျင်မြန်လိမ့်မည်ဟု ယုံကြည်ပေသည်။



သို့သော်လည်း တိုးတက်ခြင်းသည် ပြောင်းလဲခြင်းမှ အစပြု လေရာ တိုးတက်ခြင်းမှာ အကောင်းသက်သက်မဟုတ်၊ စိုးရိမ် ဖွယ်ရာဖြစ်သော အဆိုးဝှတွလည်း အမှန်ပင် ပါရှိပေမည်။ ထိုဆိုးသောအချက်များသည် နဂိုကရရှိပြီးသော လွတ်လပ်ခွင့်ထက် တိုး၍ရရှိလျှင် အတုယူခြင်း၌ အလွန်လျင်မြန်၍ တတ်မြောက် လွယ်သော မြန်မာအမျိုးသမီးများမှာ ဥရောပတိုင်းသူများကဲ့သို့ ဖြစ်ကြမှာ လွန်စွာ စိုးရိမ်ရလေသည်။ ယခုပင် ဥရောပတိုင်းသူ များမှာ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် မဟုတ်၊ ရည်းစားရှိသလောက် လင်ယောကျ်ား များတော့မည့်အလား လင်ကွာ၊ မယားကွာ ရုံးများမှာ လွန်စွာမှ အလုပ်များ၍ နေကြ လေပြီ။ ဥရောပတိုင်းသူများမှာ လင်မယားကွာရှင်းခြင်းအလုပ်သည် မြန်မာ လူမျိုးထက်ခက်ခဲပါလျက် ထိုမျှလောက် အကွာ အရှင်းများကြလေရာ မူလကပင် တွေ့လွယ်၊ ကွဲလွယ်သော မြန်မာ လူမျိုးများမှာ အနောက်တိုင်း သားတို့၏ အတုကို ယူကြလျက် လွတ်လပ်ခြင်းကို အလွဲသုံးကြပါလျှင် များစွာပိုမိုဆိုးရွားသော စကားသည် လတ်တလော ချစ်နေခိုက်မှာသာ မှန်လေသည်။ သို့ဖြစ်၍ အချစ်ဟူသမျှ ထာဝရ လပ်ဖ်သာဖြစ်ရာ မပျက်နိုင်သော ထာဝရလပ်ဖ်ဟူ၍ မရှိ၊ စိတ်က ချုပ်တည်းသိမ်းဆည်း ခြင်းဖြင့်သာ မျက်နှာမများအောင် ကြိုးစားဖို့ ရှိလေသည်။

ဥရောပတိုက်သားများမှာ အပျော်အပါးလွန်သဖြင့် လွတ်လပ် ခွင့်ကိုလည်း အလွဲသုံးကြသောကြောင့် လင်ရှိမယားနှင့် မယားရှိ သော လင်ယောကျ်ားများမှာ လွတ်လပ်စွာ တွေ့ကြရလျက် ဖောက်ပြန်တတ် ကြလေသည်။ ထိုကဲ့သို့ ဖောက်ပြန်ခြင်းဖြစ်သည့် အခါ စိတ်ကို ချုပ်တည်းခြင်းမပြုကြဘဲ 'ဒါမှ အစစ်ဖြစ်တဲ့ အချစ်ကြီး၊ ငါနဲ့ ညားနေရသူ ဟာ ဖူးစာဖက် အစစ်မဟုတ်၊ ဘုရား သခင် အလိုတော်ရှိအချစ်ကား အခုမှ တွေ့ရပါဂ လား၊ အိမ်က ဟာကြီးဟာ ဘုရားသခင် အလိုရှိသော

www.burmeseclassic.com

www.burmeseclassic.com



ဟာကြီးမဟုတ်၊ ယခု မင်္ဂလာဆောင်ခြင်းမှာ မိုးကောင်းကင်၌ ဖြစ်သည်။ အိမ်က ဟာကြီးနှင့် ညားခဲ့သည်မှာ ရေထဲကမင်္ဂလာ၊ မိုးကောင်းကင်က မင်္ဂလာ မဟုတ် ' ဟူသော ဆင်ခြေမျိုးကို သုံးသပ်ကြပြီးလျှင် နဝံပီယံကို လိုက်စားကြခြင်း ဖြစ်လေသည်။

မြန်မာအမျိုးသမီးများမှာလည်း ယခုတွေ့လွယ် ကွဲလွယ်ဖြစ်၍ နေကြသည့်အထဲမှာ ဥရောပတိုင်းသူများကဲ့သို့ နောက်ထပ် 'ထရူးလပ်ဖ် 'တွေ အဆက်မပြတ်ဘဲ တွေ့ကြရမည်ဆိုလျှင် မြန်မာ အမျိုးသမီးများမှာ ' ပိုးဖလန်မျိုး မီးကိုတိုး ' ဆိုသည့် ခေတ်သစ် ခေတ်စစ်ကြီးကြုံလာလျက် အပျက်ကြီးပျက်မှာကို စိုးရိမ်ရသဖြင့် ခေတ်ကာလပညာကို တတ်သော်လည်း ရှေးမှုကိုမပျက်စေရအောင် အထူး သတိထားဖို့ အချါကြီးနိုးကပ်၍ လာသည်ကို အစ်မ၊ ညီမအပေါင်းတို့အား ကြိုတင်သတိပေး ရေးသားဖော်ပြ လိုက်ရပါတော့သည်။

❖❖❖

## ရှေးခေတ်က

မြန်မာတို့ ရှေးကခေတ်နှင့် ယခုခေတ်ကို နှိုင်းယှဉ်ကြည့် လိုက်ရာ မိန်းမများ၏ တာဝန်တွေမှာ အစစအရာရာ ကွာခြား နေသည်ကို အနည်းငယ် ဖော်ထုတ်ရေးရမည်ဆိုပါက ရှေးကခေတ်မှာ ခေတ်ကို လိုက်စားသော်လည်း မပျက်စီးပေ၊ အဘယ့်ကြောင့်ဆိုသော် ပုဂံခေတ်မှာ အချို့အမျိုးသမီးများသည် ဗုဒ္ဓဘာသာ သာသနာတော်၏ အဆုံးအမ များကို အထူးလိုက်နာ ကြပြီးလျှင် အဝတ်အစားအနေအထိုင်မှစ၍ သပ်ရပ်ကောင်းမွန် နည်းလမ်းကျသည်တို့ကိုသာ သင်ကြားရခြင်းကြောင့် ဖြစ်၏။ ထိုခေတ်က ယခုခေတ် အင်္ဂလိပ်ပညာ စာပေတို့ကို ခေတ်စားသင် သလိုပင် မာဂဓဘာသာ ခေတ်စားရကား အချို့မင်းသမီးများမှာ ရဟန်းတော်များကိုပင် စာပေသင်ကြားပို့ချ ပေးနိုင်ကြောင်းနှင့်



ရာဇဝင်အထင်အရှားရှိသည့်အပြင် အမျိုးသမီးများ အလ္လာပ သလ္လာပ နှုတ်ဆက်စကားတို့မှာပင် ' ညည်း ဘာစားရသလဲ ' ဟု တစ်ယောက်က မေးလျှင် တစ်ယောက်က ' ငါ့အေ တလေးတဘက် ချက်ပြုတ်ရတာပါ တဘက်နဲ့ ငိုကာကျော်ကလေးမှ အနိုင်နိုင် ကျက်ရပါတယ် ' ဟူသော စကားတို့ကိုသုံးကြောင်း ဥဒါန်းတွေ များစွာပင် ကြားဖူးပါသည်။

ဂုင်းခေတ်တွင်မက မန္တလေးနေပြည်တော်ကြီးတိုင်အောင် ပိဋကတ် ပေဒင်တတ်တွေ အလွန်များခဲ့ကြောင်း မာဂဓဘာသာ စာပေခေတ်စားကြပုံမှာ ယခုခေတ် ' ဝမ်းတူးသရီး ' စသည်တို့ လိုပင် တွင်တွင်ကြီး သုံးကြကြောင်းမှာ အရှောင်းအဝယ်ဘက်၌ အချို့မြို့တော်သူကလေးတွေက တောကျေးလက်ကျသူတို့အား အဖိုးသားနားကို ' သုံးဒသ ' စသည်ဖြင့် ပြောကြား၍ တော ကျေးလက်သားများ အင်္ဂလိပ်စကားနားမလည်သလို ဖြစ်ကြရ ကြောင်းများကိုလည်း ဥဒါန်းစကား ကြားဖူးပေရာ ထိုအခါက ပင်လည်း အမျိုးသမီးများ ခေတ်ကိုလိုက်စားကြောင်း ထင်ရှားပေ၏။ ခေတ်ကို လိုက်စားတိုင်း ကောင်းသည်ဟု မအောက်မေ့ရာသော အကြောင်းပင် ဖြစ်ပေသည်။ ရှေးခေတ်အခါက ထိုကဲ့သို့သော အိမ်ထောင်ရေးတို့မှာ ယခုခေတ်လို မလွတ်လပ်သည့်ပြင် မိခင်ဖခင်တို့က နေရာချထားပေး သမျှကိုပင် လိုက်နာရပြီး တစ်ဦးနှင့် တစ်ဦး ဆက်ဆံရေးအတွက် ရက် လပင် မဟုတ်ဘဲ သုံးနှစ်၊ လေးနှစ်ကြာအောင် အချစ်အတွက် အထူးစိစစ် လျက် ရှိကြောင်း ကိုလည်း ကြားဖူးပါလိမ့်မည်။ လူကြီးများ မင်္ဂလာကိစ္စ ချထားသော နေရာမှာလည်း ယောကျ်ားကလေး၏ မိဘကသာလျှင် ယောကျ်ားလေးမပါဘဲ သွားရောက်တောင်းဆိုကြလေသည်။ ယခု ထက်တိုင်ပင် အထက်မြန်မာနိုင်ငံမှာ ထိုစနစ်များ ရှိကြသေးသည်ဟု ကြားဖူးရသေးသည်။ ထိုထက် ရဲရင့်သောသူတို့မှာ ငွေကြေး၊ ရွှေခွက်တို့၌

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးလက်ချကာ ဤရေမကွဲမပြိုသလို မင်္ဂလာ သတို့သား သတို့သမီးတို့ မြဲမြဲစွာပေါင်း စသော မင်္ဂလာစကား တို့ကိုသာ ကြားဖူး ပေ၏။ ယခုခေတ်ကဲ့သို့ ကုလားထုံးစံမျိုးနှင့် လက်ထပ်ခြင်းကို မကြားခဲ့ ရဖူးချေ။

ထိုကဲ့သို့ လူကြီးများနေရာချခြင်းမျိုးမှာလည်း နေ့၊ နက္ခတ်၊ ဇာတာ စသည်တို့မှစ၍ တည့်မတည့် ရွေးချယ်ပြီး ကောင်းမြတ် သော အခါကာလ ကောင်းမြတ်သော သုတိမင်္ဂလာတို့ကြောင့် လင်နှင့်မယား သေသည့် တိုင်အောင်ပင် အေးအေးမြဲမြဲ ပေါင်းသင်း ဆက်ဆံကြရခြင်းပင်။

ကျွန်ုပ်တို့ မြန်မာအမျိုးသမီးများမှာ ရှေးက ဗုဒ္ဓဘာသာစာပေ၊ ပဋိကတ်၊ ဗေဒင် စသည်တို့ကို တတ်ကျွမ်းကြသည့်အတွက် မိန်းမ ကျင့်ဝတ်ကို မချွတ်မယွင်း မလစ်ဟင်းစေသည့်ပြင် လင်သားတို့ အယုတ်ဆုံး စစ်တိုက်ပင်သွားကြစေကာမူ မိန်းမတို့ဝတ္တရားအတိုင်း အိမ်မှာပင် စိတ်ချလက်ချ နေထိုင်နိုင်ကြပြီးလျှင် ဗေဒင်ကျမ်းများ အရ မိမိခင်ပွန်း၏ဇာတာမှာ ထိုအခါ၌ ကြံ့ဟတ်စီးကြံ့ဟတ်နင်းရှိတာ သိနိုင်ကြ၍ အိမ်ကပင် ယတြာဆင်ခြင်း၊ ဘေးကင်းရန်အကြောင်း သမြေပန်းနှင့် ရေချမ်းများလောင်း၍ ညောင်ရေအိုးများကို ပန်းမညှိုးအောင်ထိုးပြီး စစ်အောင်ပါစေကြောင်း အမျိုးမျိုးတို့ကို ဆောင်ရွက်ကြသည်ဟူ၍လည်း ကြားဖူးပေသည်။ ယခုကာလ နိုင်ငံခြားအမျိုးသမီးတို့မှာကား စစ်တပ် များတွင် လူနာပြုစုရေး၌ ပါဝင်နေကြသည်ကို သတင်းစာတို့၌ တွေ့မြင် ရသဖြင့် ကျွန်ုပ်တို့ အမျိုးသမီးကလေးတွေလည်း ထိုကဲ့သို့မျိုးကို တွေ့ကြ လျှင် ထိုသို့ပင် လိုက်ရတော့မည်ကဲ့သို့ ဖြစ်နေလေပြီ။

ကျွန်ုပ်တို့ဆန္ဒကား ထိုကဲ့သို့ လိုက်ကြရခြင်းမှာ မိန်းမတို့၏ ကျင့်ဝတ် နှင့် ညီညွတ်စွာနေကြ၍ အဆိုပါညောင်ရေအိုးကို ပန်း မညှိုးအောင်ထိုး၍ ဆုမွန်ကောင်းတောင်းခြင်းမျိုးလောက် သတ္တိ ရောက်မည်ဟု မယူဆမိပေ။



သို့အတွက် မြန်မာအမျိုးသမီးများမှာ မိန်းမတို့ကျင့်ဝတ်ကို မချွတ်ယွင်း စေဘဲ ခေတ်သစ်သို့လည်း လိုက် သင့်သလောက်လိုက်၍ မခေတ်ဟောင်းက အကြောင်းများကိုလည်း ပြန်မပြောင်းခဲ၊ ဝိစစ်ရှာဖွေ့ဖို့ရန် အရေးကြီးလှပြီ ဖြစ်ကြောင်း၊ အကြောင်းအားလျော်စွာ သတ်ပေးစကား ရေးသားလိုက်ရပေ သည်။

❖❖❖

အလှဆေး

လူ၏ တစ်ကိုယ်လုံးမှာ မျက်နှာသည် အလှ၏ နေရာကျက်သရေ၏ ထင်ရှားရာ အရေးအကြီးဆုံး အထင်ပေါ်ဆုံးသော နေရာ အစိတ် အပိုင်းဖြစ်၏။ သို့အတွက် အထူးဂရုစိုက်ဖို့လို၏။ အလှကို မည်သူမဆို နှစ်သက်၏။ မိမိကိုယ်ကို အရုပ်ဆိုးအောင် ရှုပ်ဆင်း ပျက်အောင်ဝင် မည်သူမျှ မလုပ်သင့်၊ မလုပ်အပ်၊ မလုပ်ကောင်း ပေ၊ အလှသည် အရေးကြီးဆုံးသော ဂုဏ်သရေဖြစ်လေသည်။ အလှပြုပြင်ခြင်းကို မည်သူမျှ မကဲ့ရဲ့ မရှုတ်ချအပ်ချေ။ အကြောင်း မူကား အလှကို မည်သူမဆို ကြည့်ချင်လေရာ ရှုချင်သူတို့၏စိတ်၌ ချမ်းမြေ့သာယာခြင်းကို ဖြစ်စေဖို့ရန် မိမိကိုယ်ကို လှအောင်လုပ် ခြင်းသည် ကောင်းမြတ်သော အလုပ်ဖြစ်လေရာ မြန်မာအမျိုးသမီး လှအောင် လုပ်ခြင်းသည် မိန်းမတိုင်းလှအောင် လုပ်အောင် ခမ္ဘတာသဘောဟာရားအရသာ ဖြစ်လေ၏။ သို့အတွက် လှအောင် လုပ်မှုသည် မိန်းမတိုင်း၏ တာဝန်ဝတ္တရား ဖြစ်လေသည်။ ယောကျ်ားရှိသော မိန်းမတို့ မိမိတို့၏ယောကျ်ား မောမောပန်းပန်း နှင့် အလုပ်မှပြန်လာသည့်အခါ သန့်သန့်ရှင်းရှင်းလှလှပပ ဇနီးဖြစ်သူ၏ မျက်နှာလေးကို မြင်လိုက်ရခြင်းသည် အားဆေးတော် နှစ်တစ်မျိုး ကော်ဖီလာ အဖျော်ရည်တစ်မျိုးနှင့် တူလေရာ နှလုံးသွေးကို ငြိမ်းချမ်းခြင်း ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့်သတ္တိမျိုး ဖြစ်လေသည်။

လှပသန့်ရှင်းခြင်းတို့ ဂရုစိုက်ပါ။ 'ငါ့ယောကျ်ားနဲ့ ငါနဲ့ဟာ ငယ်လင်ငယ်မယားပဲ၊ အရွှေအမှုံးချစ်ကြလို့ ညားကြတာပဲ၊ ဒီလောက် တောင်မှန်တော့ခါ သ နေဖို့ မလိုပါဘူး' ဟူသော သဘောမျိုးနှင့် ပေါ့ပေါ့တန်တန် နေကြလျှင် (ဆံပင်နီထွေးပြောင်းဖူးမွှေးသို့ နှုတ်ခရေးပေါ့ပါး ကျုပ်မယားပုံကာ ဆိုးလှရွှေလည်တော်အောက် ဝဲခြောက်ကထူ နတ်နေတူ ဇမ္ဗူမြေဝယ် ရှားလိမ့်မယ်) ဆိုတဲ့ ဦးပုညစကားပမာလို တိုယ့်မယားမှီ အဘယ်မျှပင် အရုပ်ဆိုးစေကာမူ ချစ်နိုင်မည်မှတ်အပ်သော်လည်း (ချစ်လို့သာနမ်းရတော့ နှုတ်ခမ်း ကတာတေလန် အာပုပ်စော်တနံ့နံ့နှင့်) ဆိုသည့်တေးလို ကြာကြာ ပေါင်းရသောအခါ ဆောင်း၍မျှ မကြည့်ချင်သော အခြေသို့ ဆိုက်တတ်လေသည်။ မျက်လုံး၊ သွား၊ နှာခေါင်း၊ နှုတ်ခမ်းများကို သန့်ရှင်းအောင်ဂရုမစိုက်လျှင် မြင်သူတို့၏စက်ဆုပ်ရွံရှာမှုကို ခလုတ်ကန်သင်းပမာဂရုမစိုက် မညှာမတာ မသတ်မသာ ဖြစ်အောင် ပြုရာသို့ ရောက်တတ်သဖြင့် အိတ်ဆောင်မှန်ကလေးကို ထားအပ်ကြလေသည်။ အထူးအရေးကြီးသော အရာတစ်ခုမှာ မျက်နှာကို ဆေးခြယ်ခြင်းဖြစ်လေရာ ဆေးရောင်ခြယ်၍ထားသော မွှေးကြိုင်သည့်အမှုန့် ဟူသမျှကို အဖိုးတန်သော မျက်နှာပေါ်သို့ အရမ်းတင်ခြင်း ဖြစ်လေသည်။

လောကဓာတ်ပညာ နည်းအရ သန့်ရှင်းစင်ကြယ်စွာ ဖော်စပ်ထားသော ပေါင်ဒါမဟုတ်က အဖိုးတန်လှသော မျက်နှာပေါ်သို့ မတင်အပ်ကြပေ။

စိတ်ကူးနှင့် လုပ်သောကျောက်မှုန့်တွေ မသန့်ရှင်းသော မြေဖြူအရိုင်းတွေကို ဆေးခြယ်ထားသည့်အခါ သန့်သည် မသန့်သည်ကို သိဖို့ရန် ခက်လေရာ မသန့်သော မျက်နှာချေးများမှာ လိမ်းဖန်များ



သောအခါ မလိမ်းဘဲနေလျှင် မျက်နှာသွေ့ခြောက်လျက် ကျက်သ ရေမရှိ ဖြစ်တတ်လေသည်။ ကောင်းသော မျက်နှာချေမှာ ကြာမြင့်စွာ လိမ်းခြယ်ပြီးနောက် မလိမ်းခြင်းဘဲနေသည့်အခါတွင်လည်း မျက်နှာမှာ နဂိုအတိုင်း လန်းဆန်းစိုပြေ၍ နေရလေသည်။

ညီညာစွာစွဲတိုင်းလည်း မျက်နှာချေကောင်းမဟုတ်၊ လိမ်းခိုက် မှာ ဖြူရုံနှင့်လည်း မျက်နှာချေကား မဟုတ်ပေ။ မြန်မာအမျိုးသမီး များ၏ အသားအရောင်မှာ မျက်နှာချေအဘယ်မျှပင် သန့်စေကာ မူ ဖြူသောမျက်နှာချေဖြစ်က လိမ်းသည့်အခါ ပြာသည်ဟု မှတ်ထင်ရတတ်လေသည်။ စင်စစ်မှာ ပြာသည်မဟုတ် အဖြူအမှုန့်ကလေး များနှင့် အသားညိုရောင်စပ်မိသည့်အခါ အရိပ်အရောင်တစ်မျိုး ဖြစ်ခါ ပြာသည်ဟု ထင်ရခြင်းဖြစ်ပါသည်။ မသန့်သောမျက်နှာချေပင် ဖြစ်စေကာမူ ဆေးရောင်ကလှည့်စားသဖြင့် မပြာဟု မှတ် ထင်ရတတ်သည်ကိုလည်း သတိပြုအပ်လေသည်။ စိတ်အချရဆုံးမှာ လောကဓာတ်ပညာ နည်းအားဖြင့် တျနစွာ ပြုလုပ်ထားသော အမှုန့်များမှာ အသားရောင်စပ်သဖြင့် လိမ်းခိုက်မှာပင် ပြာသည်ဟု ပင် ထင်ရသော်လည်း အသားအန္တရာယ်ကို မဖြစ်စေနိုင်သေး၊ မသန့်မရှင်း လောကဓာတ်ပညာနည်းမကျက လိမ်းခိုက်မှာ ညီညာ စွာစွဲလျက် မပြာမညစ်ဟု ထင်ရစေကာမူ ကြာကြာလိမ်းသောအခါ အသားအန္တရာယ် ဖြစ်စေတတ်သည်ကို သတိပြုဖို့ ကောင်းလေ သည်။

သဘောကျဖို့ အကောင်းဆုံးနည်းမှာ 'ဂလီဆရင်' ခေါ် အလှ ဆီနှင့် သနပ်ခါး သို့မဟုတ် သန့်ရှင်းသော ဓာတုဗေဒဆေးပေါင်ဒါ များဖြစ်ရာ တပေါင်လျှင် (၈-ပဲ ၁၀-ပဲ) နှင့်ဝယ်၍ထားပြီး သနပ်ခါးနှင့်ဖြစ်စေ အရောင်တင်ဆေးပေါင်ဒါနှင့် ဖြစ်စေ နှံ့သာ ရောင်ရွှေဒင်္ဂါးရောင် စသည်ဖြစ်အောင်စပ်၍ သုံးဆောင်ခြင်း ဖြစ် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းမှာ လက်တွေ့ကိုယ်တိုင်အသုံးပြုခဲ့သဖြင့် စရိတ်လည်း မကုန်သဖြင့် တစ်ကိုယ်ယုံဖုံဖောင်ဖို့သော်လည်း နှမြောစရာ မရှိပေ။ ဆေးပေါင်ဒါမှာ အသားကို အေးစေချောစေ၍ အသားပတ်ခြင်း၊ ဖိုက်စပ်ပူလောင်ခြင်းများအပျောက် ယွန်စွာတောင်းပါပေသည်။

❖❖❖

## မိန်းမအဆင့်အတန်း

မိန်းမများအကြောင်းနှင့်ပတ်သတ်၍ ရေးသားထားသော စာ ဟောင်း စာသစ်ဟူသမျှတို့မှာ အကောင်းကို မတွေ့ရ မိန်းမမျိုးမှန် သမျှ အဆိုးအယုတ်ဟူ၍သာ ရေးသားထားသည်ကို တွေ့ရသည်မှာ ကျွန်ုပ်တို့ အမျိုးသမီးများအတွက် အများကြီး မခံချင်ဖွယ်ဖြစ်သည် ဟု သဘောရှိအပ်ပေသည်။

အမျိုးသမီးများကိုယ်တိုင်တလည်း ထိုစာကို ယုံကြည်ကာ မိမိ တို့ကိုယ်ကို သုံးတောင်ဝတ် အညံ့စားအောက်မျိုးဟူ၍ မှတ်ယူကြလျက် ထိုစာများနှင့် ညီညွတ်အောင် ထိုစာများကို ကျူညီထောက်ခံသော အနေသို့ရောက်အောင် ကျင့်ကြံကြသည်ကိုများစွာ တွေ့မြင်ရလေ သည်။

ထိုစာများမှာ အများအားဖြင့် ယောက်ျားများက ရှေးအခါမှ စပြီး မိန်းမများအပေါ်၌ နိုင်ထက်စီးနင်း ရေးခဲ့သောစာများ ဖြစ်လေသည်ဟု ကျွန်ုပ်တို့ သဘောရှိပေသည်။ ကျွန်ုပ်တို့ မြန်မာစာပေ ကျမ်းဂန်များတွင် အများအားဖြင့် ရှေးအိန္ဒိယတိုင်းသားများ၏ အမူအဆကို အဟုတ်အမှန် စွဲမှတ်ယုံကြည်၍ နေကြလေသည်။ အိန္ဒိယတိုင်းသားများမှာ ကမ္ဘာဦးကစ၍ မိန်းမများအပေါ်၌ မိမိ တို့စိတ်ကြိုက်စည်းကမ်းဥပဒေ တို့ကိုပြုလုပ်ကာ တစ်ကိုယ်ကောင်း စိတ်ထားနှင့် အနိုင်ပြုကျင့်ခဲ့ကြ သည်မှာ ပုဆိုးမများ နောက်အိမ်ထောင်မပြုရခြင်း၊ လင်သေလျှင် မယား လိုက်ရခြင်း၊ အသက် ၆၀-ကျော် အဖိုးကြီးတ အဖျိုပေါက်စကလေးကို



ယူပြီး မြန်မြန်သေသောအခါ မိမိဇနီးကလေး သူတစ်ပါးရင်ထဲသို့ ရောက်ရ မှာ စိုးသဖြင့် မိမိနောက်သို့လိုက်၍ သေစေလိုခြင်းစသည်တို့မှာ တစ်ကိုယ် တောင်း အကြံတွေ ဖြစ်သည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ မိန်းမများကို ရှုတ်ချရေးသားသော ကျမ်းများကို ယုံကြည်ကာ အမျိုးသမီးများသည် ထိုကျမ်းများနှင့်ဟူအောင်သာ ကျင့်ကြံ၍ နေကြမည်ဆိုလျှင် အမျိုးသမီးများမှာ အများအားဖြင့် အောက်ကျနောက်ကျဖြစ်ဖို့သာ ရှိလေသည်။

အမျိုးသမီးဟူသမျှ၏စိတ်၌ ဤစာများနှင့်မတူအောင် ဤစာ များအောင်ဟု သဘောထားကြလျက် စိတ်ဓာတ်သဘောထားကို မြှင့်ကာ အစစအရာရာ၌ သဘောကြီးကြီး ထားသင့်ကြပေသည်။

မိန်းမများမှာ သဘောထား သေးငယ်ခြင်း၊ ကလေးကဲ့သို့ ကျင့်ခြင်းသည် အများအားဖြင့် မိန်းမတို့၏ဓမ္မတာကဲ့သို့ ဖြစ်နေ လေရာ ထိုစိတ်မျိုးရှိသော မိန်းမများမှာ ထူးခြားခြင်းမရှိ၊ သာမန် မိန်းမ အမျိုးအစားသာ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်လေရာ သေးငယ် ခံသော စိတ်ကို ပြုပြင်ကာ စိတ်ကိုကြီးကြီးထားသော မိန်းမ တစ်ယောက်ကို တွေ့ရ သည့်အခါ ထိုမိန်းမမှာ အများနှင့်မတူ ထူးခြားသလို ဖြစ်နေသည်ကို မည်သူမဆို သိနိုင်လေသည်။ ထို ထူးခြားခြင်းသည် အများနှင့်မတူခြင်း၌ အဖိုးထိုက်တန်ခြင်း ဖြစ်နိုင် လေသည်။ အဖိုးတန်လျှင် မည်သူမဆို တတ်မက်ဖွယ်ရာ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်လေရာ ကျွန်ုပ်တို့ အမျိုးသမီး များမှာ မိမိတို့ ကိုယ်ကို အများနှင့်မတူ အဖိုးထိုက်အဖိုးတန်ဖြစ်အောင် လုပ်ဖို့ရန် လွယ်ကူလေသည်။

အကြောင်းမူကား အများကဲ့သို့ စိတ်ကိုမနုစေဘဲ စိတ်ကို ကြီးစွာ ရင့်စွာထားဖို့သာ လိုလေသည်။ သို့ရင့်စွာထားရန် အတွက် စာပေကိုဖတ်ခြင်းသည် လိုအပ်သော အရာတစ်ခုဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တာပေကျွမ်းဂန် အတော်အတန် တတ်မြောက်ပြီးနောက် တက်ကြွ သော စိတ်ရှိပြန်လျှင်လည်း ချစ်ဖွယ်ရာပင် ကောင်းသော ယောကျ်ားများ၏ စိတ်၌ မနှစ်လိုဖွယ် ဖြစ်တတ်ပြန်လေသည်။ ပညာတတ်၍ တက်ကြွ ခြင်းသည် စိတ်သဘောထား သေးသိမ်ခြင်း ၏ ထင်ရှားသော အမှတ်ဖြစ်လေရာ အမျိုးသမီးများမှာ စာပေတတ်ရုံနှင့်မပြီး၊ စာပေ ဖတ်ရန် ဗဟုသုတနှင့် ပြည့်စုံပြီးနောက် တက်ကြွထောင်လွှားခြင်းမရှိမှ သာ အဆင့်အတန်းမြင့်နိုင်သည်ကိုသတိထားအပ်ကြပေသည်။ ယောကျ်ား ၏ အဆင့်အတန်းလို ပညာတတ်ရုံမျှနှင့် မှီသည်မဟုတ်၊ ပညာ တတ်ပြီးနောက် ယောကျ်ားများလို သဘောထားကြီးမှသာ ယောကျ်ား၏ အဆင့်အတန်းကိုမှီနိုင်လေရာ တက်ကြွလျှင် ပညာတတ်ခြင်း၏အကျိုးကို မခံစား မျှမက မိမိကိုယ်ကို နိမ့်ကျသော မိန်းမမျိုးဖြစ်ကြောင်း သာလွန်ထင်ရှားစွာ ဝန်ခံရာသို့ ရောက်လိမ့်မည်။

အဘယ်ပုံ ဝန်ခံပါသနည်း။ 'ငါ မိန်းမဖြစ်သည် မိန်းမဖြစ်လျက် ယောကျ်ားများလို ပညာတတ်သည်။ ငါအာဂမိန်းမ၊ တကယ့် မိန်းမ၊ ထူးတဲ့ မိန်းမ' ဟူသော စိတ်သည် မိမိကိုယ်ကို မိန်းမဆင့်အတန်း၌ သာလွန်တည်မြဲခြင်းကို ဖြစ်စေသော စိတ်ပေတည်း။

ဤစိတ်မျိုးရှိသမျှ မိန်းမများကို အယုတ်ထား၍ ရေးသောစာ များသည် မှန်သကဲ့သို့ရှိဖို့ ဖြစ်လေရာ ထိုစာများမမှန်အောင်ပြုကြ မှသာ အဆင့် အတန်းမြင့်နိုင်ကြောင်းကို အကြောင်းအားလျော်စွာ သတိပေးလိုက်ရပေကြောင်း။

❖❖❖

## မိန်းမကွက်ခြေ

'မိန်းမကွက်ခြေ ရွှေပေးမရ' ဆိုသောစကားရှိလေသည်။ ကျွန်ုပ် တို့ မြန်မာအမျိုးသမီးများမှာ ကွက်ခြေသိက္ခာကို အထူးအမြတ်ပြုကြ လေသည်။



သို့ပင် အထူးအမြတ်ပြုကြသော်လည်း အဘယ်အပြု အမူမျိုးသည် ကွက်ခြေသိက္ခာရှိသည်၊ အဘယ်လိုအပြုအမူမျိုးသည် ကွက်ခြေသိက္ခာ ကင်းလွတ်သည်ဟူ၍ သေချာစွာ သတိထားဆင်ခြင် သူ ရှိကြ၏လော၊ သွန်သင်ပြသော မိဘ ဆရာများအဘယ်မျှ လောက် ရှိကြပါသလဲဟူသော အကြောင်းကို ကျွန်ုပ်တို့စိတ်၌ တွေး ဆဆင်ခြင်သည့်အခါ အမြင်အကြားကို ထောက်ခြင်းဖြင့် များစွာ မရှိကြောင်း သိရလေသည်။

'ဘယ်သူဖြင့် မိန်းမ မပီသဘူး၊ ဘယ်သူဖြင့် ဟီလာတိုက်နေ တာပဲ၊ ဘယ်ဝါဖြင့် အင်မတန်ပျံတာပဲ' ဆိုသည့် ကဲ့ရဲ့စကားသံများ သာ ကြားရလျက် ' အဘယ်လို ကျင့်ရမယ်၊ အဘယ်ပုံ ပြောရမယ်၊ အဘယ်ပုံထားမှ မိန်းမပီသတယ်' ဆိုသည့် နည်းလမ်းကို ညွှန်ကြား သင်ပြသူဟူ၍ကား အများအပြား မတွေ့ရှိခဲ့ရဖူးပေ။

အများအား ဖြင့် ခုန်ပျံသွားလာတတ်ခြင်း သွက်လက်လျှင်မြန် ခြင်း၊ ရဲခြင်း များကို မိန်းမ မပီသဘူး ဟူသော သဘောမျိုးဖြင့် ကဲ့ရဲ့ပြောဆို ကြသည်သာ များကြလေသည်။ ကွက်ခြေသိက္ခာ ဆိုသည်မှာ ပထဝီ မြေကြီးပြို၍ကျမှာစိုးသကဲ့သို့ ထမီကိုတုတ်ကာ ခြေလှမ်းစိပ်စိပ် ကလေးလှမ်းခြင်း တစ်စုံတစ်ယောက်နှင့် စကား ပြောသည့်အခါ မရဲတရဲနှင့် ကြောက်သလိုရှက်သလိုလို အမူအရာ မျိုးနှင့် စကားပြောခြင်း၊ အလည် အပတ် အသွား အလာ မရှိ၊ အိမ်ထဲမှ ကုပ်၍ နေခြင်းစသည့် ငြိမ်သက်သော အပြုအမူတို့ကို ကွက်ခြေသိက္ခာဟု မှတ်ထင်၍ နေကြဟန်တူလေသည်။

ကွက်ခြေသိက္ခာသည် ကျွန်ုပ်တို့ ဖတ်ဖူး၊ ကြားဖူးသည့်အရ ကိုယ်မှာထက် စိတ်မှာ ပိုမို၍ များပြားလေသည်။ အချုပ်မှာ ဟန်အမူအရာ မဟုတ်၊ ရိုးသားသောစိတ်မှ ထွက်ပေါ်လာသော အမူအရာတို့ကို ကွက်ခြေသိက္ခာသည် ကျွန်ုပ်တို့ ဖတ်ဖူးကြားဖူးသည် အရ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မှာထက် စိတ်မှာ ပိုမို၍ များပြားလေသည်။ အချုပ်မှာ ဟန်အမူအရာ မဟုတ်၊ ရိုးသားသောစိတ်မှ ထွက်ပေါ်လာသော အမူအရာတို့ကို ကောင်းမြတ်သော ကုန္ဒြေဟုခေါ်အပ်ပေသည်။

အထက်ဖော်ပြသော အမူအရာတို့မှာ ဟန်အမူအရာများ ဖြစ်တတ်ကြလေရာ ကုန္ဒြေဟု မခေါ်နိုင်ပေ။ အရှက်ရှိရမည်။ အကြောက်ရှိရမည်ဟူသော စကားကိုလည်း အများအားဖြင့် ကြားရဖူးလေသည်။

ထိုစကားနှင့် ပတ်သက်၍ ကျွန်ုပ်တို့ယူဆချက်မှာ အဘယ်သူနှင့်မျှ စကားပြောဖို့ မရှက်၊ အဘယ်သူကိုမျှ နှုတ်ဆက်ဖို့ မကြောက်၊ ယောကျ်ားအသိမိတ်ဆွေများနှင့် ရဲတင်းစွာ စကားပြောသည့် အတွက် အပြစ်မဆိုလို၊ အကြင်အမျိုးသမီးတစ်ဦးသည်။ ရှက်စရာ ကောင်းသော အကျင့်တစ်စုံတစ်ရာကို မကျင့်ဖူး မပြုဖူးသူတစ်ဦး မှန်ပါလျှက် ရှက်ရမည် ကြောက်ရမည်ဟု ပြောသည်မှာ ဘာကို ရှက်ရမလဲ၊ ဘာကို ကြောက်ရမလဲဟု တွေးကြံ၍ မရအောင် ရှိလေသည်။

အကြင်သတို့သမီးတစ်ဦးက ယောကျ်ားချောချောကလေးများ ကို ကြည့်ချင်သည့်အခါ အချို့သော မိန်းကလေးများလို မျက်စောင်းထိုး၍ မကြည့်၊ တေ့တေ့ ထင်ထင် ကြည့်၏။ အဘယ် ကြောင့်ဆိုသော် ကြည့်ချင်သောစိတ်နှင့် ကြည့်ရာမှာ တည့်တည့် ကြည့်ခြင်းနှင့် စောင်းစောင်းကြည့်ခြင်းမှာ အများကြီးခြားနားမည် မဟုတ်၊ မကြည့်ခြင်းနှင့် ကြည့်ခြင်းသာ ခြားနားလေရာ ကြည့်ချင် လျှင် တည့်တည့်ကြည့်၊ မကြည့်ချင်လျှင် မျက်စောင်းထိုးကြည့်ပါဟု မည်သူကမျှ တာမင်တကာလည်း အကြည့်မခိုင်းပေ၊ မကြည့်ချင်က မကြည့်ဘဲ နေဖို့သာရှိသည်ဟု သဘောရရှိပေသည်။ ယောကျ်ား ကလေးများကို ကြည့်ရုံမျှဖြင့် ကုန္ဒြေမဲ့သည်ဟု စွပ်စွဲပါလျှင်



အမျိုးသမီးများသာ ပုတ်ညှိုးသောအစားသာ ဖြစ်ဖို့ရှိပေတော့မည်။

ရိုးသားသော မိန်းကလေးတစ်ဦးက ဒုံဒိုးကြီးကြည့်ခြင်းမှာ တစ်ခါတစ်ရံကြည့်၍ ကောင်းသောကြောင့် တစ်ခါတစ်ရံ အဘယ် လို လူလဲဆိုသလို သိလိုသောစိတ် တစ်ခါတစ်ရံ အရုပ်ဆိုးသော ကြောင့် တစ်ခါတစ်ရံ ထူးခြားသောအချက်တစ်ခုကြောင့် ကြည့်ခြင်းဖြစ်ရာ ပုထုဇဉ်တို့ သဘာဝအတိုင်း တက်ခါတစ်ရံသာ ယားသောစိတ်မျိုးလည်း ဖြစ်ပေါ်မိပေမည်။ သို့သော်လည်း. . .

စိတ်ကိုချုပ်တည်းသိမ်းဆည်းတတ်သူတစ်ယောက် တေ့တေ့ ထင်ထင် ကြည့်ခြင်းသည် စိတ်ကိုမချုပ်ဘဲ နံရံအပေါက်မှနေ၍ လမ်းမှ လျှောက်လာသော ကာလသားများကို ချောင်းကြည့်ကာ သာယာချင်တိုင်း သာယာ၍နေသော စိတ်မျိုးလောက် ဘေး အန္တရာယ် မဖြစ်နိုင်ဟု ယုံကြည်မိပေသည်။

သို့ဖြစ်၍ ကျွန်ုပ်ဆိုလိုသော ကုန္ဒြေမှာ ရိုးရိုးကြည့် ရိုးရိုးပြော ရိုးရိုးသွား၊ ရိုးရိုးလာ၊ လုပ်သမျှအရာမှာ သန့်ရှင်းစင်ကြယ်သော စိတ်ကို ရိုးရိုးထားခြင်းသာ ကုန္ဒြေသိက္ခာကောင်း ဖြစ်သည်ဟု သဘောရရှိ အပ်ပေသည်။ မိန်းမတို့ စိတ် အကြောင်းကို သိတန်သမျှ သိသည်ဟု မိမိတို့ ကိုယ်ကို မှတ်ထင်နေကြသော ယောကျ်ားတွေများစွာ ရှိကြလေရာ ၎င်းတို့ ဖတ်သော မိန်းမအကြောင်း၊ စာများကို ဖတ်ရှုကာ ၎င်းတို့ အထင်အမြင် လွဲမှားအောင် ရိုးသားသော အမျိုးအမီးများ ရှိချေက ၎င်းတို့၏ စိတ်ကို များစွာပင် အသိခက်ကြမည် ဖြစ်ပေကြောင်း။

❖❖❖

### ကလေးစိတ်

မိန်းကလေးတစ်ယောက်မှာ မိန်းကလေးဖြစ်သည့်အလျောက် တနေ့သ၌ ၎င်းသည် ကလေးများ၏ အမေဖြစ်ဦးမည့်အကြောင်း အရေးကို

www.burmeseclassic.com

www.burmeseclassic.com



တွေးခေါ်ကာ ကလေးများရဲ့ တာဝန်ကို တနေ့တော့ ဆောင်ရမှာပဲဟု သိရသည့်အတွက် ကလေးများအကြောင်းကို မှတ် သားခြင်း ပြုခဲ့လေသည်။

စကားမပြောတတ်သော ကလေးဘဝသည် ကလေးများ အတွက် လွန်စွာမှ ကြောက်စရာကောင်းလေသည်၊ အကြောင်းမှု ကား မိမိတို့မှာ ဝမ်းဗိုက်ကနာသည်၊ ဦးခေါင်းက နာသည်၊ နားက နာသည်၊ မျက်စိထဲက စပ်သည်၊ တစ်ခါတစ်ရံနှာခေါင်းထဲကို ပုရွက် ဆိတ်ဝင်၍ ခဲသည်ကို မပြောနိုင်ကြသဖြင့် သတိမထားသော မိဘများ၏ လက်၌ ကြီးပြင်းရသည့်အခါ လွန်စွာမှ ကြောက်မက် ဖွယ် ကောင်းလေသည်။

အချို့မိခင်များမှာ ကလေးငိုသည့်အခါ ဘာဖြစ်လို့ ငိုမှန်းမသိ ဘဲ ဆောင့်အောင့်ကာ ဒေါသကြီးပြီး ကလေး၏ ကျောကို လက်ဝါး နှင့် တဖြန်းဖြန်း တီးတတ်လေသည်။

နောက်မှ စအိုအကြိုအကြား အသားနုကလေးများကို ပုရွက် နိုဝင်၍ ခဲနေကြောင်း သိရသောအခါကျမှ 'အမယ်လေး ငါ့သား ကလေး ဒါကြောင့် ငိုနေတာလား၊ ကျောကလေးကို မေမေတီးမိ တာ မှားပြီ-မှားပြီ' ဟု ပြောကာ ယူကြုံးမရ ဖြစ်ကြလေသည်။

ကလေးများမှာ အကြောင်းမဲ့ မငိုတတ်ကြပေ၊ တစ်ခါတစ်ရံ အိပ်ရာ၌ အကျီမှာ ချိတ်၍ပေးသော တွယ်အပ်ချိတ်ဆူး၍ ငိုသည် ကို မသိသော မိခင်သည် ထိုကလေးအတွက် အအိပ်ပျက်လျှင် ဒေါသ ထွက်လေသည်။

နာကျင်၍ ငိုခြင်းနှင့် စိတ်ဆိုး၍ငိုခြင်း တစ်စုံတစ်ရာ အလို ရှိ၍ ငိုခြင်းတို့မှာ သတိထား၍ကြည့်လျှင် သိနိုင်လေသည်။

နာကျင်၍ ငိုလျှင် နာသောနေရာကို လှုပ်ရှားတတ်လေသည်။ ဦးခေါင်းနားမှာ နာလျှင် ဦးခေါင်းကိုလှုပ်၍ ငို၏။ ဗိုက်နာလျှင် ဗိုက်ကိုကော့၍ ငိုတတ်၏။ လက်ကလေးများကလည်း တခါတခါ



နာသောနေရာသို့ ရောက်တတ်လေသည်။

သို့သော်လည်း တစ်ခါလည်မပြည့်သေးသော ကလေးများမှာ ငိုခြင်းသည် ၎င်းတို့၏အမိန့်အာဏာဖြစ်လေရာ အစာကိုလို၍ ငိုတတ်လေသည်။ အစာဝလျှင် အကြောင်းမဲ့ မငိုတတ်ပေ။ ရယ်ခြင်း ပြုံးခြင်းသည် မိမိတို့၏အမိန့်ကို နာခံဆောင်ရွက်သည့် အတွက်ဆောင်ရွက်သူ အပေါ်၌ ဆုချခြင်းဖြစ်လေသည်။ မောင်မင်း တော်တယ် ငါ့အမိန့်ကို နာခံသည် ' ဟူ၍ ပြောသကဲ့ သို့တည်း။

အခါလည်ကျော်သောအခါ ၎င်းတို့အား ဝိုင်း၍ မှတ်သူ၊ မြူသူမရှိ အမြဲကပ်ကာ ဂရုစိုက်လျှက်အလိုရှိတိုင်း ငိုတိုင်းဆောင် ရွက်၍ မပေးကြရသည့်အတွက် ဒေါသထွက်၍ ငိုတတ်လေသည်။ ထိုအခါ အရေးကြီးသော အကြောင်းမရှိဘဲ ငိုကြောင်းသိရချေက အငိုမတိတ်စေတော့ဟု သဘောထားကာ လိုသောအရာဟူသမျှ ကို ပြည့်အောင်လုပ်၍ မပေးအပ်ပေ။ ငိုသည့်အခါတိုင်း အလို ပြည့်ဝအောင်လုပ်၍ ပေးလျှင် နောင် အမြဲငိုမည်သာဖြစ်ရာ ထိုအကျင့်သည် ကြီးသည့်တိုင်အောင် ပါလျှက် လူဆိုးဖြစ်၍ သွား စေနိုင်၏။

ထိုအခါ မိန်းကလေးများမှာ ခြေကိုဆန့်ကာ ကြောက်၍ ငိုတတ် ၏။ ယောကျာ်းကလေးများမှာ ခြေဆောင့်၍ ရှိုက်တတ်သည်ကို တွေ့ ရှိဖူးလေသည်။

သုံးခါလည်၊ လေးခါလည်၊ စပ်ကြားကလေးများမှာ စိတ်ဆိုးလျှင် လူးလှိမ့်၍ ငိုတတ်ကြလေသည်။ ယောကျာ်းကလေးများမှာ သော၍ ဆိုးလေသည်။ ငါးနှစ်၊ ခြောက်နှစ်အရွယ်၌ စိတ်ဆိုးလျှင် လူကြီး များ မကြိုက်မနှစ်သက်သော အရာကိုလည်းကောင်း မလုပ်နဲ့ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောသောအရာကို လည်းကောင်း တမင်လုပ်တတ်လေသည်။ ထိုအခါ မမြင်ဟန်ဆောင်၍ နေရမည်၊ ထိုစိတ်သည် ၎င်းတို့ဆိုး ကြောင်းကို လူကြီးများ သိမြင်စေချင်သော စိတ်ကလေး၏ အစွမ်း ဖြစ်ရာ မသိဟန်ဆောင်၍နေလျှင် ၎င်းတို့မှာ ထိုကဲ့သို့ လုပ်ရခြင်း၌ အနှစ်သာရ မတွေ့ရှိသဖြင့် စိတ်လျှော့တတ်သည်။ သို့ဖြစ်လေရာ လူကြီးများက ဒေါသဖြစ်လေ ပိုဆိုးလေ ဖြစ်တတ်လေသည်။

ကလေးများဆိုးသည့်အခါ ပူသည့်အခါ သည်းခံခြင်းသည် လွန်စွာ အရေးကြီးလေသည်။ သည်းခံခြင်းဆိုသည်မှာ လျစ်လျူ ရှုခြင်းကို ဆိုလိုသည်။ ငိုသော်လည်း နားမငြီးဘဲ ပစ်၍ထားခြင်း သည် အကောင်းဆုံးဖြစ်လေသည်။ ရိုက်နှက်ခြင်းသည် ကလေးကို ပိုမို၍ ဆိုးစေတတ်၏။ ငိုတိုင်း ချီပွေ့ကာ ချော့မော့ခြင်းသည် တစ်ကိုယ်ကောင်းစိတ်ကို အားပေးရာ ရောက်သဖြင့် ကြီးသော အခါ မကောင်းသူကလေးတစ်ယောက် ဖြစ်တတ်လေသည်။

မြန်မာလူမျိုး သားသယ်အမေများသည် ကလေးရောဂါရမှာ စိုးသဖြင့် အစားကိုလွန်စွာ ရှောင်ကြရ၏။ ထိုအခါ ၎င်းတို့၌မှာ လွန်စွာ အားမရှိ ဗီတာမင်အားနည်းသဖြင့် ကလေးများမှာ မသန် မစွမ်းဖြစ်လျက် တစ်စုံတစ်ရာဖြစ်လျှင် သေလွယ်လေသည်။ အစားရှောင်ခြင်းကို ဂရုစိုက်သလောက် သန့်ရှင်းခြင်းကို ဂရုစိုက် လျှင် အိပ်ရာမှာ သေးစော်၊ ဆေးစော်တွေနံ၍ မနေရအောင် ဂရုစိုက်ကြလျှင် ကလေးများ ပိုမို၍ အသက်ရှည်နိုင်လေသည်။ အချို့ကလေးများ အိပ်ရာမှာ ကလေးသေးစိုလျှင် နောက်တစ်နေ့ မလျှော်ပဲ နေလှန်းရုံနှင့် ပြီးလေသည်။ ၎င်းတို့အိပ်ရာများမှာ ထူသောခြင်ထောင် မည်းမည်းညစ်ညစ်ကြီးကို လုပ်လိုက်လျှင် သေးစော်၊ ဆေးစော်တွေ တဟုန်တည်း နှာခေါင်းသို့ဝင်၍ တိုးသဖြင့် တိရစ္ဆာန်များ အိပ်ရာ၊ နေရာ ဂူလိုဏ်ပမာ အနံ့ အသက်



ပြင်းထန်သည်ကို တွေ့ရှိရလေသည်။ တိရစ္ဆာန်များ၏ အမျိုးမျိုး ရှိမြဲဖြစ်ရာ လူအိပ်ရာမှာ တိရစ္ဆာန်အိပ်ရာနှင့် မတူအောင် သတိ ထားဖို့ သင့်ကြလေသည်။ ကျန်းမာသော သားသယ်အမေမှာ ကောင်းသော သား၊ ငါး၊ ကြက်၊ ဘဲ၊ ငှက် နို့ကို ရှောင်ဖို့မလိုပေ။ ရှောင်လျှက် ကလေးနို့ဆွဲသဖြင့် တစ်ကြောင်း၊ အစာငတ်သဖြင့် တစ်ကြောင်း အမေရော ကလေးရော ရောဂါ ဖြစ်တတ်လေသည်။

စာရေးသူ၏ ဘွားအေမှာ သူ့သမီးများ၊ သားများ၊ ကလေး ရတိုင်း စမုံဖြူတစ်ဆုပ်ကို သွား၍ပေးလေသည်။ ထိုစမုံဖြူကို ကွမ်းအစ်ထဲမှာထားပြီး ကလေးအမေလုပ်သူမှာ အလကားသော် လည်းကောင်း ကွမ်းထဲမှာသော်လည်းကောင်း ထည့်၍ စားရလေ သည်။ အဲဒီစမုံဖြူရဲ့ အကျိုးမှာ စားချင်ရာတို့ စားပြီး အန္တရာယ် မဖြစ်အောင် တားမြစ်နိုင်သည်ဟု စာရေးသူ၏အဘွား ပြောပြ သည်ကို ကြားရပါသည်။ ကြားရသည့်အတိုင်း မှန်ကြောင်းကို ယခု အခါရှိသော စာရေးသူ၏ဆွေမျိုးကလေးက သက်သေခံကြောင်း ကို ဖောင်းဖောင်းမို့မို့ ဝါးမြှစ်စို့ကလေးပုံကို မြင်ရခြင်းဖြင့် တောင်းမွန်စွာ သိရှိသွားပါ တော့သတည်း။

❖❖❖

## မိန်းမတို့၏ ရန့်များ

စာရေးသူ ကျွန်ုပ်မှာ အတွေ့အမြင်တို့ကို အများကြီး မှတ်သား လေ့ရှိသဖြင့် ကျွန်ုပ်တွေ့မြင်ရသော အများဆုံးတွေ့ရသည့် အရာ များမှာ ငယ်ရွယ်သော အပျိုပေါက်ကလေးများအား ကြွက်ကို ကြောင်အပ်ဖို့ရန် ကြံသည့်အလား လစ်လျှင် အုပ်ဖို့ရန် အချက်ကို စောင့်ရှောက်နေကြသော ရန်သူတွေပင် ဖြစ်၏။

၎င်းရန်သူများမှာ အဝေးတွင် မရှိကြ၊ အဝေးမှ လာကြသည် မဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့၏အနားတွင် ပတ်လည်ဝိုင်း၍ နေကြလေသည်၊ ထိုရန်သူများမှာ အခြားမဟုတ် တူမရေ၊ သမီးရေ၊ ညီမလေးရေ စသည်ဖြင့် ပြုံးစိစိ ချွဲတဲတဲနှင့်ခေါ်ကာ ချစ်ဟန်၊ ခင်ဟန်၊ ကြင်နာဟန်နှင့် ဦးခေါင်းကို ဆွဲ၍ သန်းရှာပေးတတ်သော တစ်ခု လပ်မကြီးတွေ၊ အပျိုဟိုင်းတွေ၊ မုဆိုးမကြီးတွေက ကာလသားလူပျို ကလေးများကို မြှူမြိုက်၍ ချူတတ်သော အမယ်အို အလတ်စား တွေ ပုတီးစိပ်လျက် ဥပုပ်သီတင်းမပြတ်သူ အချို့ကြောင်သူတော် မကြီးတွေ ဖြစ်လာကြလေသည်။

တချို့ ကာလသားကလေးများထံမှ ဖြစ်စေ၊ တရုတ်ကုလား ငွေပေါသဖြင့် သန်ဓာတ်စုတ်သော ဘန်ဒပ်အစုစ်များထဲမှ ငွေကြေးရကြသဖြင့် ပျက်စီးအောင် ကြံကြလေသည်။ အချို့မှာ ဝါသနာပါကြသဖြင့် အပျိုတစ်ယောက်ကို မြင်လျှင် ရည်းစား ထားသည်ကို မြင်ချင်ကြလျက် မနေနိုင်၊ မထိုင်နိုင် တရွရွဖြစ်လျက် အချိန်ကုန်ခံကာ အောင်သွယ်ကြလေသည်။

အချို့မှာလည်း သမီးချင်း၊ တူမချင်းမစာ ဖျက်လိုဖျက်ဆီး မကောင်းသောစိတ်နှင့် ကြံတတ်ကြလေသည်။ သို့ဖြစ်လေရာ အမျိုးသမီးကလေးများ၏ အကြီးဆုံးရန်သူများမှာ ဝင်နိုင်ထွက်နိုင် သော အိမ်နီးပါးချင်းတွေ ဖြစ်လေသည်။

အခါများစွာ ဥပုပ်စောင့်ဖို့ ရုပ်ရှင်ကြည့်ဖို့ ခေါ်ကြပြီး လစ်ရာမှာ မတော်သူနှင့် လှော်၍ ပေးတတ်ကြလေသည်။ သို့အတွက် မိမိနှင့် တစ်စုံတစ်ရာ မတော်စပ်ဘဲလျှက် အလွန်တရာ ရင်းနှီးချစ်ခင်ဟန်သွင်ဖြင့် ' ပလူးနလူး ' နေတတ်သော မိန်းမကြီး များကို အကြီးဆုံးသော ရန်သူများကဲ့သို့ ရှောင်ကြဉ်ရန် အထူး သတိထားသင့်ကြလေသည်။

အချို့မိန်းမကြီးများမှာ ' ဒစ်ပလိုမာ ' ခေါ် အဆွယ်ကောင်း



လက်မှတ်ရကြသူများ ဖြစ်ကြသဖြင့် ယောကျ်ားတစ်ယောက်က အတည်မကြံ အပျော်ကြံသူကိုပင် တစ်ဘက်သားကို ယုံမှားကာ သနားကြင်နာစိတ်ပိုပြီး အတွေ့ခံချင်လောက်အောင် နားသွင်း တတ်ကြလေသည်။

အချို့အမျိုးသမီးများမှာ မိမိတို့၏စိတ်ကို အများကြံနိုင်လှပြီ ဟု မှတ်ထင်ကြလျှက် အတင့်ရဲကြရာ ဤကဲ့သို့ နားအသွင်းကောင်း ဝိဇ္ဇာမကြီးတွေနှင့် အတွေ့မှာ အရည်ပျော်ပြီး အများကြီး မှားယွင်း ကြသဖြင့် ' လင်ကုန်ရုံး တစ်သက်လုံးမှောက် ' ဟူသော စကားဇာတ်နယ်အတွင်းသို့ ချင်းနင်းဝင်ရောက်ကြ၏။

ကျွန်ုပ်တို့ ကြားဖူးသော အကြောင်းတစ်ခုမှာ အောက်ပါ အတိုင်း ဖြစ်လေသည်။ အမျိုးသမီးကလေးတစ်ယောက်မှာ အလွန် တရာမှ ဣန္ဒြေ သိက္ခာနှင့် ပြည့်စုံ၍ ရုပ်ဆင်းကြွန်အင်ကလည်း များစွာပြည့်စုံ၏။ အိမ်နီး ပါးချင်း အိမ်တစ်အိမ်သို့ သနားကမား ကာလသားလူပျိုချောကလေး တစ်ယောက် တစ်နေ့သဉ်ရောက်၍လာပြီး မိန်းမပျိုကလေးအား ကိုယ်ရောင်ကိုယ်ဝါ ပြလာလေ၏။ နောက် ၃ ရက်လောက်ပြုပြီးသည့် တစ်နေ့ အိမ်သို့လာပြီး အမှတ်တမဲ့ စာတစ်စောင် ပေးသွားရာ မိန်းမပျို ကလဲ ဖတ်ကြည့်ပြီး အံ့အားသင့်ရှာသတဲ့၊ နောက် ၃-၄ ခါများ ဆက် ဆက်ပြီး ပေးပေမယ့် စာမပြန်ဘဲနေခဲ့ရာ စာထဲမှာ မရရင် ခိုန်စားသေ ရ တော့ မလိုလို စကားတွေပါသတဲ့၊ မိန်းမပျိုကလဲ ကြာကဲ့အခါ မိန်းမပျို ၏အိမ်မှာ လူပြတ်စဉ် မိန်းမကြီးအရာမှာ အလန့်တကြား ပြေးလာသဖြင့် မိန်းမပျိုက အကြောင်းကို ဆီး၍ မေးရာ . . .

တူမ လာပါဦး၊ တူမ တာဝန်ဖြစ်တော့မယ်၊ အရင်ကသူ့ ကိုယ်သို့ သတ်သေမယ်လို့ ပြောတာတွေကို အဒေါ် မယုံခဲ့ဘူး၊ အခုတော့ တူမရယ် လာသာကြည့်ပါတော့၊ မသေခင် တူမ မျက်နှာလေးမြင်ရ

www.burmeseclassic.com

www.burmeseclassic.com



ပါစေတဲ့၊ လာပါ တူမရယ်၊ စကားပြောယင်း မျက်ရည်တွေကျပြီး အိတ်ထဲက ပုလင်းကလေးတစ်ခုကို ထုတ်ပြီး မော့သောက်လိုက်တယ်၊ ကူမကြီးရဲ့၊ မသေခင်ကလေး စိတ်ကြေရုံ သာ ကြည့်ပါတော့ တူမကြီးရယ်၊ အဒေါ်လဲ သူကြီးအိမ် ပြောရအုံး မယ်၊ အဒေါ်တို့တာဝန် ကျနေမှာမို့ တူမကြီးရဲ့ ၊ လာပါ . . . လာပါ "

ဟု ပြောပြောဆိုဆို ပျှာရိပျာရာ လက်ဆွဲခေါ်ရာ မကြာမီ သနားတတ်သော မိန်းမပျိုမှာ မိန်းမကြီး၏အိမ်ကို ရောက်သွား သတဲ့ ၊ မိန်းမကြီးကလဲ . . .

" အဒေါ် သူကြီးအိမ် သွားပြောလိုက်အုံးမယ် "

ဟု ပြောပြီး ထွက်သွားသတဲ့၊ မိန်းမပျိုကို အိပ်ရာထဲကမှာ တွန့်လိမ်လူးနေသော ယောက်ျားပျို၏ အခန်းထဲရောက်အောင် ပို့ပြီးမှ မိန်းမကြီးမှာ သူကြီးအိမ်ကို သွားခြင်းဖြစ်ရာ ညနေမှ မိန်းမကြီး ပြန်လာသောအခါ နှစ်ယောက်သား စုံတွဲဖြစ်နေသည်ကို တွေ့ရသတဲ့။

ထိုအခါ ခရီးမှာ အတော်လွန်၍ ကျေးဇူးသိတတ်သော မိန်းမ ပျိုမှာ မိမိကိုယ်ကို မကောင်းကြံသော မိန်းမကြီးကိုမှ စိတ်မဆိုးနိုင် တော့ဘဲ " ဟောဒီ အဒေါ်က သိပ်ဥာဏ်များတာပဲ" ဆိုတဲ့ စကား တစ်လုံးကိုသာ ပြုံးတုံးတုံး ရှက်ကိုးရှက်ကန်းနှင့်ပြောပြီး မည်သူမျှ မသိအောင် မိန်းမကြီးအား နှုတ်ပိတ်ခ ပေးခဲ့ရသတဲ့၊

ထိုယောက်ျားပျိုမှာ တစ်လကျော် နှစ်လလောက် ထိုမိန်းမပျို ကလေးနှင့် အကြောင်းသင့်မြတ်ပြီး တစ်ရပ်တစ်နယ်သို့ ပျောက်၍ သွားရာ ယနေ့တိုင် ပြန်၍မလာချေ။ မိန်းမပျိုမှာ အချစ်မီးလောင် ၍ ကျန်ရစ်ရှာသတဲ့။

ဤကဲ့သို့ ယုံလောက်အောင် ယုတ္တိကို ဆောင်တတ်သော မိန်းမ ကြီးများကား ငွေကြေးကိုမနှမြောဘဲ ရက်ရက်ရောရော ထိုးနိုင်သူ တို့က



လက်နက်သဖွယ် အသုံးပြု၍ ကြံကြသည့်အခါမှာ မတော် တဆ များယွင်းမည်ကို လွန်စွာစိုးရိမ်သဖြင့် အထူးသတိပေးရခြင်း ဖြစ်ပေသည်။

❖❖❖

## အမျိုးသမီးများနှင့်အမူအရာ

ကျွန်ုပ်အား အချို့သူတို့က အမျိုးသမီးများအား ဆုံးမကြားပါ၍ ပေးစကားတွေကို ဘာဆိုင်လို့ ရေးထိုက်သလဲဟု ပြောကြလေမလား မသိရ၊ အချို့ကလည်း ဤစာရေးသူသည် အခြားမဂ္ဂဇင်း, ဂျာနယ်, ယုဝတီအခန်းများစွာတို့တွင် နုနု,မိမိ,ခင်ခင်, တင်တင်လို့ ခေါ်ကာ တစ်ခါ အမူအရာနှင့် သူသူငါငါ ယုဝတီစာရေးဆရာတို့လို မရေး ဘဲ ယောကျ်ားကြီးတစ်ယောက်ကဲ့သို့ ရေးခြင်းမှာ အဘယ်လို သဘောပါလိမ့်မလဲဟု တွေးကြပေလိမ့်မည်။

ကျွန်ုပ်ကား အင်္ဂလိပ်, မြန်မာ နှစ်ဘာသာတတ်သည့်အပြင် ဥရောပ, အာရှ, ပညာရှိများ၏ စာကောင်းများကို အများကြီး ဖတ်ဖူးသူဖြစ်ရာ ထိုပညာရှိများ၏ မှတ်သားဖွယ်ရာ အတွေးအခေါ် အကြံအဉာဏ်တို့ကို ရသဖြင့် မိမိအမျိုးဖြစ်ကြသော အမျိုးသမီးများအား အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းမှတပါး စာချောစာလှကလေး များကို အမူအရာ ကြာပါပါနှင့် ရေးလိုသော စိတ်မရှိ၊ သိစရာ, မှတ်စရာတို့ကို ရှိုးဖိုးသားသား ရေးလိုသောစိတ်နှင့် ရေးသားခြင်း ဖြစ်ရာကား အလှပြ ယုဝတီစာရေး ဆရာများနှင့် ဤအချက်များမှ ခြားနားနေပါသည်။

ဤအကြောင်းကိုရေးယင် 'အမူအယာ' ဟူသော စကားတွင်မှ ပြောစရာ-ရေးစရာ အချက်တစ်ခုဟူ၍ ပေါ်လာပါသည်၊ ယို အချက်မှာ အခြားမဟုတ်၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ အပြောသွင်လည်းကောင်း အမူအရာ မကင်းတတ်သည်ကို များစွာ ဖင် တွေ့ရှိရတတ်လေသည်။

ထိုအမူအရာများမှာ ကိုယ်ပိုင်အမူအရာ အဟုခိုးသော အမူ

www.burmeseclassic.com

www.burmeseclassic.com



အရာဟူ၍ နှစ်မျိုးရှိလေသည်။ ကိုယ်ပိုင်အမူအရာမှာ အချို့သော သူများ၌ ပင်ကိုယ်ပင်ရင်းဖြစ်၍ ကြည့်ကောင်း၏။ အချို့မှာ ကြည့်မကောင်း၊ အချို့မှာ လုံးလုံးကြီး အမူအရာကင်းလျှက်နေရာမှန်က အနံ့ဆိုးက ရှိးသားကြလေသည်၊ အချို့မှာ ကိုယ်ပိုင်စတိုင် မရှိသောကြောင့် အတုခိုးကြရ၏။

သို့ အတုခိုးရာ၌ တင့်တယ်သည်၊ မတင့်တယ်သည်ကိုလည်း သတိပြုအပ်ပေသည်။ အထူးသဖြင့် မိန်းမချောလှလှကလေးများ ပြုမူပုံများကို အတုခိုးမရဲသင့်ကြပေ၊ အကြောင်းမူကား မိန်းမချော လှလှကလေး သွယ်သွယ်မှာ အဘယ်သို့ပင် ပြုမူစေကာမူ ကြည့်၍ ကောင်းတတ်ကြလေသည်။

၎င်းတို့အမူကို အတုခိုးရာ၌ မိမိ၏ပုံသဏ္ဌာန်နှင့်သင့်မည် မသင့်မည်ကို ချင့်ချိန်ရလေသည်။ ချင့်ချိန်ခြင်းမပြုဘဲ မိမိနှင့် တော်သည် မတော်သည်ကို မဆင်ခြင်အတုယူလေက အများ၏ မျက်လုံးထဲကို ခွေးလေးသီးဝင်သလို ဖြစ်တတ်လေသည်။

တပည့်များသည် ဆရာမ၏ အမူအရာကို ခိုးတတ်ကြ၏၊ စာရေးမများသည် သဌေးမ၊ သဌေးသမီးမိမိတို့နှင့် နီးစပ်သော ခိုးတတ်သော သတ္တဝါမျိုး ဖြစ်လေရာ အခါများစွာ မိမိကိုယ်တိုင် ကပင် အတုခိုးမှန်း မသိဘဲလျက် အကြောထွေ၊ အချဉ်တွေ အာရုံ ကြောတွေက နီးစပ်ရာ နှစ်သက်ရာ သဘောကျရာကို အလိုလို သိသိသာသာ အဖြစ်သို့ ရောက်သည့်တိုင်အောင် အတုခိုးမိလျက် သား ဖြစ်၍ နေတတ်လေသည်။

သို့သော် အတုခိုးသော အမူအရာဖြစ်စေ၊ အတုယူမှုသည် မိန်းမပျိုများအား ကြောက်မက်ဖွယ် ကောင်းစေသောအရာ ဖြစ်လေသည်။ ထိုအမူအရာသည် စင်စစ်မှာ မိန်းမ၊ ယောက်ျား တို့၏ မမွေတာ အဖိုအမ ဟူသော သဘောတရားကြီးမှ ထွက်ပေါ်သည့် အရာများဖြစ်ကြလေရာ



ရဟန်းတော်၊ မယ်သီလ၊ ဖိုးသူတော်၊ ရသေ့၊ မကျန် အစွမ်းကို ပြတတ်ကြလေသည်။ သို့သော်လည်း မိန်းမပျိုများမှာ ထိုအမူအရာသည် ယောကျာ်းများ၏ စိတ်ကို ဆွဲတတ်သော အမူအရာ ဖြစ်လေရာ ဆွဲဓာတ်တစ်မျိုးဖြစ်ရကား ထိုအဆွဲဓာတ်သည် ယောကျာ်းတစ်ယောက်၏ စိတ်နှလုံးကိုထိခိုက်မှန်းသိရသောအခါ တျေနပ်ခြင်း၊ သဘောတူခြင်း တစ်မျိုး ဖြစ်တတ်လေသည်။ မျက်ခုံးကိုချီခြင်း၊ လည်တွန့်ခြင်း၊ မျက်စောင်း ကလေးကို ထိုးခြင်း စသည့်အမူအရာတို့သည် မိန်းမများအဖို့၌ မိမိ၏ ရှုပါရုံ မိမိကိုယ်ခန္ဓာကို ဆိုင်များ၌ ဆိုင်းဘုတ်စာတမ်းမမာ ပြုလုပ်ခြင်းနှင့် တူလေရာ ထိုအမူအရာမျိုးတွေ သတ္တိရောက်လေလေ ဖြစ်တတ်လေသည်။

အကြောင်းမူကား ထိုအမူအရာမျိုးသည် ယောကျာ်းများကို သွေးဆောင်ခြင်းတစ်မျိုးဖြစ်လေရာ ယောကျာ်းများကလည်း မိမိ ကိုယ်ကို သွေးဆောင်ကြောင်း သိတတ်လေသည်။

မိန်းမများသည် အခါများစွာ ယောကျာ်းတစ်ယောက်ကို အဘယ်လိုမှ သဘောမထားဘဲလျက် ၎င်း၏စိတ်ကို အကြောင်းမဲ့ ဆွယ်တတ်သော ဝါသနာ ရှိလေသည်။ ထိုဝါသနာမှာ နောက်ဆုံး၌ မိမိကိုယ်ကို ရန်ရှာသောနည်း ဖြစ်လေသည်။ အဘယ်ကြောင့် ဆိုသော် နောက်ဆုံး၌ ထိုနည်းဖြင့် မိမိကိုယ်ကို ရန်သူလက်တွင်း သို့ ကျရောက်အောင် ပြုတတ်လေရာ ' ဆက်အပီးအဲ(လ်) ' ဟုခေါ် ကြားပေးသော ထိုအမူအရာမျိုးကို နေရာတိုင်း နေရာတိုင်း အခါ တိုင်း အသုံးမပြုအပ်ကြောင်း သတိပေးလိုက်ရပေသတည်း။

အမျိုးသမီးကလေးများသည် အပျိုဘော်ကလေးဖြစ်ကာစ အရွယ်သည် အလွန်တရာမှ ဘေးအန္တရာယ်များသော အရွယ် ဖြစ်သည်ဟု မိန်းမများဆိုင်ရာ ကျန်းမာရေး ကျမ်းစာများမှ ကျွန်ုပ် တို့

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရဖူးလေသည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း သက်ဆိုင်သော အမျိုးသမီးကလေးများအား ကျန်းမာခြင်း အထူးပင် ဂရုစိုက်ရန် မကြာခဏ သတိပေးလေ့ ရှိ၏။

အဘယ့်ကြောင့်ဆိုသော် . . .

အပျိုပေါက် အရွယ်ကလေးများမှာ အဆင်းအင်္ဂါမှစ၍ အစစအရာရာ ခိုင်မြဲသောအခြေကိုပြုသော အရွယ်ဖြစ်ရာ ဤအရွယ်မှ မကျန်းမမာ ဖြစ်မိလျှင် အမြစ်အားသေးငယ်လိုက်ကင်းသည့် သစ်ပင် ပမာ အဘယ်ခါတွင်မျှ ဖွံ့ဖြိုးခြင်း ဖြစ်တော့မည် မဟုတ်။ လူ့ဘဝ မှာ အထူးအမြတ်ဆုံးဟု ခေါ် ဆိုအပ်သော ကျန်းမာခြင်းဆိုသည့် စည်းစိမ်ကို ပြည့်ပြည့်ဝဝ ခံစားရတော့မည် မဟုတ်သည့်ပြင် လှသင့်သလောက်လည်း မလှ၊ စိုပြေသင့်သလောက်လည်း မစိုပြေ၊ ပြည့်ဖြိုးသင့်သလောက်လည်း ပြည့်ဖြိုးတော့မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် အပျိုပေါက်အရွယ်မှာ အဆင်းအင်္ဂါ မှစ၍ အစစအရာရာ မမာမကျန်းဖြစ်တတ်ခြင်းသည် အများအား ဖြင့် မသိမလိမ္မာခြင်းကြောင့် ဖြစ်၏။ သို့ဖြစ်၍ ကျန်းမာခြင်း အကြောင်းကို တခါတခါရေးဖို့ရန် စိတ်အကြံပြုခြင်း ဖြစ်ပေ၏။

ရေးသားလိုသော ထိုကျန်းမာခြင်းမှာလည်း အမျိုးသမီးပျို ကလေးများနှင့် သက်ဆိုင်သည့်ကျန်းမာရေးပင် ဖြစ်ပေကြောင်း။

အမျိုးသမီးပျိုကလေးများမှာ လျင်မြန်ဖျတ်လတ်ခြင်းသည် အထူးအရေးကြီးသဖြင့် ကျန်းမာခြင်း၏ အကြီးဆုံးသော ရန်သူ ကား ငြိမ်ငြိမ်ကလေး နေတတ်ခြင်းပင် ဖြစ်ပေကြောင်း။

အချို့သော အမျိုးသမီးကလေးများမှာ မြေကြီးကိုရဲရဲမနင်းဝံ့ သလို လမ်းလျှောက်ကြသည်ကို တွေ့ရှိရလေသည်။ (ယခုအခါ ယိုးဒယား၊ ဂျပန်၊ အရှေ့တိုင်း ဗုဒ္ဓဘာသာ အမျိုးသမီးများပင် ကျန်းမာရေး



ကိုယ်လက်လှုပ်ရှားခြင်းများကို အထူးဂရုစိုက်၍ နေ ကြကြောင်း သတင်းစာများ၌ ရုပ်ပုံနှင့်တကွ တွေ့ရှိရပေမည်။)

သို့သော်လည်း "ကျွန်ုပ်တို့ စိတ်ကူးရသော နည်းမှာ" ယောကျ်ားကလေးများ ပြေးခြင်း၊ ခုန်ခြင်း အလုပ်များကိုမူ ဘိလပ်ဆန်သော ယိုးဒယားလိုသူများကဲ့သို့ပြုဖို့မဟုတ်၊ အိမ်မှာ ဖွပ်ခြင်း၊ လျှော်ခြင်း၊ ရေခပ်ခြင်း၊ ဆန်ဖွပ်ခြင်း၊ ကြိတ်ထိုးခြင်း အလုပ်များ၊ အလုပ်မရှိက လမ်းလျှောက်သွားခြင်းတို့ ဖြစ်လေသည်။

မြို့သူ အင်္ဂလိပ် ကျောင်းသူကလေးများမှာ ကြိတ်ထိုးခြင်း အလုပ်မျိုးကို နားမှလည်ကြပါ့မလား မပြောတတ်ပေ။ ကျွန်ုပ် တွေ့မြင်သိရှိဖူးသော မိန်းမပျိုကလေး တစ်ဦးမှာ ငယ်ငယ်က တောမှာနေခဲ့ရပြီး ယခုအရွယ်ကျမှ မြို့သူကလေး ဖြစ်လေရာ မြို့အကြောင်းရော တောအကြောင်းပါ အတော်အတန်နားလည်လျက် သူလုပ်သမျှအကျင့် တွေမှာ စာရေးသူများစွာ သဘောနှစ် မြိုက်ခဲ့ဖူးလေသည်။ မြို့သူများ အတွက်ကား အခြားနည်းလမ်းတွေကို ရရှိနိုင်လေသည်။ လမ်းလျှောက်ခြင်း၊ လည်ပတ်ခြင်း၊ လူကြီးမိဘနှင့်အတူ ဝစ်ဂနစ် ပျော်ပွဲစားထွက်ခြင်းတို့သည် ကိုယ်ရောစိတ်ရော လန်းဆန်းစေ၍ စိတ်ပျော်ခြင်းမှ ကိုယ်ကျန်းမာ ခြင်းသို့ ကူးစက်နိုင်လေသည်။

မသိခြင်းကြောင့် မကျန်းမမာဖြစ်တတ်ခြင်းမှာ အမျိုးသမီးများ အရွယ်ရောက်သောအခါ၌ အဘယ်မျှ မဖြစ်ဖူးသော အဖြစ်အပျက် မျိုး တွေ့တတ်သဖြင့် ထိတ်လန့်ကာ မသင့်သောနည်းလမ်းမျိုးဖြင့် တားဆီး ပိတ်ပင်ခြင်းကို ပြုတတ်လေသည်။ ထို မသင့်သော နည်းလမ်းများမှာ အများအားဖြင့် ရေသုံးတတ်ခြင်း၊ တစ်စုံ တစ်ရာဖြင့် အတင်းပိတ်ဆို့ခြင်းများ ဖြစ်ကြလေသည်။ သာ၍ဆိုးသော အရာမှာ အလုပ်မလုပ်ဘဲ အားလပ်စွာ အိမ်တွင်းအောင်းခြင်း ဖြစ်လေရာ ဖောက်ပြန်သော စိတ်ဓာတ်တို့ ကြိတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အလိုလိုက်တတ် ကြလေသည်။ ထိုအခါ မမှတာအတိုင်း သောင်းကျန်းသော စိတ်၏ ရှို့မြိုက်လောင်ကျွမ်းခြင်းကို ခံရလျက် မပြည့်ဝသော စိတ်သည် အတွင်းခန္ဓာကိုယ်ကိုလှည့်၍ ရန်ပြုကာ မီးယပ်နှင့် ဆိုင်သော ရောဂါအမျိုးမျိုး ဖြစ်တတ်လေသည်။

( ဟိုက်တာရီးရား ) ခေါ် ရောဂါမှာ ၎င်းစိတ်မျိုးကြောင့် ဖြစ်တတ်လေရာ မသိသူတို့က ပယောဂမှတ်ထင်ပြီး ရိုက်နှက် ကုသခြင်းများကို ခံရတတ်လေသည်။ သို့ဖြစ်လေရာ ကျွန်ုပ်တို့ ဖတ်ရသော စာအုပ်တစ်အုပ်မှာ တွေ့ရသည့်အတိုင်းဆိုလျှင် စိတ်အားလပ်ခွင့်မပေးဘဲ စိတ်အလုပ်ဖြစ်စေ ကိုယ်အလုပ်ဖြစ်စေ ဝါသနာပါသော အတတ်ပညာတစ်ခုခုကို လိုက်စားအပ်ကြလေ သည်။

ဤကဲ့သို့ စိတ်ကိုအသုံးချ၍ ထားတတ်သူတို့အဖို့မှာ အိမ်တွင်းပုန်းဖို့မလို၊ အလုပ်သည် သံကွန်ခြာ (၇) ထပ် ထက်ပင် ပိုမိုလုံခြုံ နိုင်လေသည်။

ထို့အပြင် မအားလပ်သောစိတ်မှာ မတော်သောအတွေးအခေါ် တွေ့မပေါ်နိုင်ပေ။ စိတ်မှာ သန့်ရှင်းခြင်းသည် ကိုယ်သန့်ရှင်းခြင်း ကို ဖြစ်စေလျက် စင်ကြယ်ခြင်းမှာ ကျန်းမာခြင်း ဖြစ်ရလေသည်။

❖❖❖

## ယောက်ျားမျက်နှာ

ကျွန်ုပ်ကျောင်းမှာ စာသင်နေစဉ် ဆရာမကြီးက အောက်ပါ သတိပေးစကားကို ပြောဖူးလေသည်။ တစ်နေ့သ၌ ကျွန်ုပ်နှင့် ကျောင်းဆရာမကြီး တံခါးဝမှာရပ်နေရာ ယောကျာ်းပျို သနားတမားလေးတစ်ယောက် လမ်းမှ လျှောက်သွား၏။ ၎င်းယောကျာ်းကလေးအား ကျွန်ုပ်တို့အနီးရှိ ကျောင်းသူကလေးများက သေသေချာချာကြည့်ရာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်ကို တွေ့ရလေ၏။



ထိုအခါ ကျွန်ုပ်က ' အင်မတန် ရှက်တတ်တယ် ဆရာမရဲ့ ' ဟု ပြောရာ ဆရာမကြီးကို ကျွန်ုပ်ကြည့်ပြီးပြုံးလျက် ' ရိုးပုံမပေါက် ဖူးလား ' ဟု ခမေးပါကြောင်း၊ ကျွန်ုပ်က ' ရိုးမှာပဲ ထင်ပါရဲ့ ' ဟု ပြောရာ ကျောင်းဆရာမကြီးမှာ မိန်းကလေးများဘက်သို့လှည့်ပြီး ' ဒါမျိုးမှ ကြောက်စရာကောင်းတာအေ့၊ အံ့ပုံးရုပ်မျိုး ခေါ်တယ် မှတ်ထားကြ၊ ဒါမျိုးကို ကြပ်ကြပ် သတိထားကြ ' ဟု မိန်းကလေး များအား သတိပေးသည်ကို ကြားဖူးလေသည်။

ထို့နောက် ဆရာမကြီးက ဆက်လက်၍ . . .

' ဆရာမကြီး ပြောမယ် ဘယ်လောက်ပဲ ဆိုးသွမ်းတဲ့လူဖြစ်စေ ပြုံးနေတဲ့အခါမှာ အင်မတန် ကောင်းတယ်လို့ ထင်ရတာမျိုး ကြိုက်တဲ့ ချစ်တဲ့ ရည်းစားများမှာ ဒီလိုပဲ အချစ်ဆိုတဲ့ ပန်းရောင် ကလေး ခြယ်ထားတော့ အချစ်ကိုသာ မြင်ရပြီး ချစ်စရာလို့ ထင်ရတာမျိုးပဲ '

' နို့ ဘယ်လိုသိရမလဲ ဆရာမကြီးရဲ့ '

အမျိုးသမီးကလေးတစ်ဦးက ပြန်၍မေးသည့်အခါ . . .

' တယ်မိုက်တာကိုးတွဲ့ ပြုံးချိုတဲ့မျက်နှာများကို တွေ့တိုင်း ငါတပည့်မ မယုံရင် ဟောဒီတင်ပါးကလေးကြုံကာမှ နောင်တရ မှာမို့ ဆရာမကြီးပြောပြမယ်၊ မသေမချင်းမှတ်၊ လူဆိုတာ ဖျိုရင် တစ်မျိုး၊ အိုရင်တစ်မျိုး၊ ပျိုနိုက်မှာ နတ်သား၊ အိုတော့ တစ္ဆေ မဟုတ်လား '

' အဲ . . . နေအာရုံကလေးဟာလဲ ကောင်းကင်က လက်လာ တဲ့ အခါအသစ်မို့ ပြုံးချိုပြီး နှင်းဆီသွေးပမာ ချစ်စရာကောင်းတာပဲ တော်တော်ကြာတော့ မျက်လုံးကိုဖြချောက်တဲ့ ဘီလူးသဘက်ကြီးလို ဖြစ်ပြီး မျက်စိနဲ့မှ မကြည့်နိုင်အောင် ရှလောင်တေတာပဲ ညနေကျတော့တစ်ခါ သွားကာနီး၊ ခွဲကာနီးမို့ ချစ်စရာကလေး လာပြန် တာပဲ

' အဲဒီလိုပဲ စိမ်းသူတစ်ယောက်ယောက်ကို တွေ့ရင်တွေ့ချင်း

www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာ၊ သနားစရာ လူကောင်းလူတော်တစ်ယောက်လား အောက်မေ့ရလောက်အောင် မျက်နှာကို သူ့သူ့ငါငါထားတက်ကြတာပဲ၊ သည်တော့ကာ စိတ်ကူးကြည့်မှ သိရတာမျိုးပဲ . . .

'ဘယ်လိုစိတ်ကူးရမလဲဆိုရင် တစ်ယောက်ယောက်နဲ့ စိတ်ဆိုး ပြီး မျက်နှာထားပွဲသူနဲ့ မသင့်သူတစ်ယောက်အကြောင်း ပြောတဲ့ အခါ သူ့မျက်နှာ ပြောင်းလွဲသွားပုံ ဒေါသဖြစ်ပုံ၊ လောဘသက် နေပုံ၊ မနာလိုနေပုံများကိုတွေ့ပြီး သူ့မျက်နှာပေါ်မှာ အဲဒီသဏ္ဌာန် တွေကို အုပ်ကြည့်၊ ကပ်ကြည့်၊ ဟပ်ကြည့်ရတာမျိုး သည်တော့မှ အမြဲခုလို ချိုနေမှာ မဟုတ်ဘူး၊ ဟစ်ခါ တစ်ခါတော့ ဘီလူးရုပ်၊ သဘက်ရုပ် ပေါ်လာမှာပဲ၊ အဲဒီတော့မှ ဘယ်လိုဆိုတာ တွေ့ရမှာပဲ. . .'

'အဲဒီအခါကျတော့ သိပ်ပြီးစုံစမ်းပေတော့ ငါတွေးသလို ငါဟပ်ကြည့်သလို၊ ငါကပ်ကြည့်သလို အမှန်ပဲ ဖြစ်မလား။ ဘယ်လို လူစားလဲဆိုတာ သိရအောင်တြံရင် အမှန်ကို သိရမှာပဲ . . .'

'ဘယ်လိုကြံရမလဲဆိုရင် မိန်းကလေးရဲ့ စိတ်ထဲမှာ လူကောင်း ကလေးတစ်ယောက်ရယ်လို့ မှတ်ထင်လျှင် လူတစ်ယောက်ဟာ ဘယ်လိုလူစားလဲဆိုတာ ယောကျာ်းများထံမှ စုံစမ်းတာဟာ အကောင်းဆုံးပဲ၊ ယောကျာ်းများ အသိတွေထဲမှာ သူနှင့် သင့်မြတ် သူ ဘယ်လောက်ရှိသလဲ ဆေးဖော်ကြောဘက် များရဲ့လား၊ သူ့ ကို ယောကျာ်းသူငယ်ချင်းများက ချစ်ခင်ကြရဲ့လား၊ လေးစား ဂရုပြုကြရဲ့လား၊ လူမုန်းသူများလျှင် ကောန်မကောင်းလို့ပဲဆိုတာ ပုံသေမှတ်လိုက်ပါတော့ မလွဲဘူး၊ တကစ်ချပဲ'

ဟု ဆရာမကြီးက သူ့တပည့် ကျောင်းသူကလေးများအား ပြောပြပါကြောင်း။

ထိုအခါ လွန်စွာမှန်ကန်ကြောင်းကို ကျွန်ုပ်ကျောင်းက ထွက်ပြီး





အရပ်ထဲမှာ ကြီးပြင်းလာသောအခါကျမှ အတွေ့အကြုံများပြီး ဆရာမကြီး၏ အစားမှန်ကန်ကြောင်း သိရပါသည်။ ထိုအခါ ကြောင်သူတော် အုံ့ပုန်းတွေ လောကမှာ လွန်စွာများကြောင်း တွေ့ရှိသဖြင့် အများသိဖို့ရန် သတိပေးလိုက်ခြင်း ဖြစ်လေသည်။

❖❖❖

## အလှဂုဏ်

ရုပ်လှခြင်းသည် မိန်းမတို့တွင် ကျက်သရေတစ်မျိုးဖြစ်၍ နောင်ခါမှ ဘယ်လိုအချက်တွေမှာ အဘယ်မျှပင် ပျက်သော်လည်း ရုပ်အတွက် မက်သူများအပေါ် ကျော်ကြားခြင်း ဖြစ်နိုင်သဖြင့် ရုပ်လှသော မိန်းမ များမှာ ကုသိုလ်ထူးသည်ဟု ဆိုရပေသည်။

အချို့သော အမျိုးသမီးကလေးများမှာ ရုပ်မလှသဖြင့် ရုပ်လှသော အမျိုးသမီးကလေးများကို အားကျပြီး ဝမ်းနည်းလေမလားဟု ကျွန်ုပ် တွေးမိပါကြောင်း။

စင်စစ်မှာ ရုပ်မလှခြင်းကြောင့် ဝမ်းနည်းစရာမရှိပေ၊ အဆင်း လှခြင်းမှာ အပေါ်ရံချောကလေးမျှဖြစ်၍ ကြောက်ပေါက်ရုံမျှနှင့် ပင် ထိုအဆင်းမှာ ပျက်စီးခြင်း ဖြစ်တတ်လေသည်။

အဆင်းလှသော ဆင်းရဲသူမကလေးတို့မှာ မထင်မရှားမကျော် မကြား အဆင်းလှကြောင်း မသိသာအောင်ပင် တိမ်မြုပ်ကြသည် များကို ကျွန်ုပ်အများကြီး တွေ့ရကြုံရဖူးလေသည်။ အဘယ့်အတွက် ဤကဲ့သို့ဖြစ်ရပါသလဲဟုဆိုလျှင် ဂုဏ်မရှိသော်ကြောင့်ပဲ ဆိုရပေမည်။

အဆင်းသည် ကျက်သရေမှန်သော်လည်း ဂုဏ်ဖြပ်မရှိလျှင် အဆင်းပျောက်တတ်ကြောင်း သတိမူသင့်ကြလေသည်။

ရုပ်ချင်းတူသော မိန်းကလေးနှစ်ယောက်အနက် တစ်ယောက် မှာ ဂုဏ်ကြောင့်သာလျှင် ပို၍လှသည်ဟု မှတ်ထားခြင်းခရတတ် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသည် ဂုဏ်ကို လွန်စွာမက်မောသော သတ္တဝါဖြစ်ရာ ဂုဏ်ပကာသနကင်း၍ အခြားအရာများမှာ အဘယ်မျှပင် ကောင်း သော်လည်း ကောင်းကြောင်းမသိကြပေ၊ စားစရာသောက်စရာ များပင် အရသာချင်းတူသော်လည်း သားသားနားနား ပွဲရန်နှင့် ပြင်ဆင်ဖန်တီး၍ အဖိုးများများပေးပြီး ပန်ကာအောက်မှာ စားရေး သောအခါမှ ပို၍ ကောင်းသည်ဟု မှတ်ထင်တတ်ကြလေသည်။

အုန်းသီးနှင့် ထန်းလျက်၊ မြေပဲနှင့် ကြံသကာ၊ အဘယ်မျှပင် ကောင်းစေကာမူ အဖိုးမတန်သဖြင့် ကောင်းသည်မထင်ကြပေ။ စီးကရက်၊ ဆေးပြင်လိပ် စသည်မှာပင် သားနားစွာထုတ်ပယ်ခြယ်လှယ် ရောင်းချသော ပစ္စည်းများမှသာ အတွင်းအပြင်သားနား၍ အဖိုးတန်ကောင်းဟတ်လေသည်။ ရှေးရှေးပိုလိုစီးကရက်ပေါ်စက တစ်ဗူးတစ်ပဲ ပေးရသဖြင့် အဖိုးမတန် ဂုဏ်ရှိသူများသော်မှ မသောက်ကြလေဟု ကျွန်ုပ်တို့ ကြားရဖူးလေသည်။ ယခု ၃ ပဲ တစ်မတ်တန်သည့်အခါကျမှ အဖိုးတန်၍ ဂုဏ်သရေရှိသူများ သောက်ကြလေသည်။ ပိုလိုနှင့် ဆင်မှာ မခြားမနား တစ်မျိုးစီ ကောင်းသော်လည်း ပိုလိုမှပို၍ ကောင်းသည်ဟု မှတ်ထင်တတ်ကြလေသည်။

ရုပ်မလှသော အမျိုးသမီးများမှာ ထိုအချက်ကို စဉ်းစားပြီးလျှင် အားငယ်ခြင်းမရှိဘဲ ရုပ်အရာ၌ယုတ်သည့်အတွက် ဂုဏ်ဘက်မှ တစ်နည်းဖြည့်ကြမည်ဆိုလျှင် ရုပ်ချို့ငဲ့ခြင်းပပျောက်ကာ အဖိုးတန် လျက်မက်ကွက်ကို မြင်နိုင်ကြမည်ကား မလွဲပေ။ လှသောမျက် နှာ၏ မျက်ခွက်ထက် ဂုဏ်ရှိသူ၏မျက်ခွက်က ပို၍ ခရီးရောက်လေ သည်။ ဂုဏ်ရှိ၍ ကျော်ကြားသော အမျိုးသမီးအချို့တို့ကို သေချာ စွာကြည့်လျှင် 'ခွေးပေးလို့ ဝက်မစား' ဆိုသည့် ရှက်ကြမ်းရေချို တွေဖြစ်ကြကြောင်း သိနိုင်လေသည်။



သို့သော်လည်း ဂုဏ်ကျက်သရေတွေက မွမ်းမံခြယ်လှယ်ထား သဖြင့် အဖိုးတန် ယောကျ်ားများကပင် မက်လေသည်။ ဂုဏ်ကလေးကလည်းရှိပြန် ထိုဂုဏ်နှင့် ညီစွာ ဝတ်ဆင်နိုင်သော အခြေအနေကလေးကလည်းရှိပြန် ဤကဲ့သို့ စုံလင်၍ သွားသောအခါ မိမိကိုယ် ကို မိမိယုံကြည်ပြီး အမူအရာ စတိုင်ကလေးကလည်း ရဲစိတ်ကြောင့် အလိုလိုပါ၍ လာသဖြင့် 'လှတာတော့ မဟုတ်ဘူးဟေ့ တစ်မျိုးပဲ၊ အင်မတန် ကျက်သရေရှိတဲ့ ရုပ်ပဲ' ဟု ချီးကျူးခြင်း ခံရလေသည်။

ဂုဏ်ရှိသော အချက်ပေါင်း အနည်းငယ်မျှကလေးကိုလည်း လူတို့၏ မျက်စိက ရှာဖွေ၍ ကြည့်တတ်ကြလေရာ နှာမည်ကျော် ပန်းချီဆရာရေးသော ကားမှာ အဘယ်မျှပင် မကောင်းစေကာမူ အချက်ကောင်းတစ်ခုခုကို မျက်စိရှိတတ်သူများတွေ့ရတတ်သည့် အလားဖုံးဖိ၍ မရနိုင်ပေ။ သို့ဖြစ်လေရာ ရုပ်မရှိသော အမျိုးသမီးကလေးများမှာ အားမလျှော့ အားမငယ်ဘဲ အတတ်ပညာ တစ်ခုခု အစွမ်းသတ္တိတစ်ခုခုဖြင့် ဂုဏ်ကို တိုးတက်အောင် ကြိုး စားကြချေက အလှထက်ပင် ပိုမို၍ အဖိုးတန်နိုင်ကြမည် ဖြစ်လေ သတည်း။

❖❖❖

## အဖိုးတန်အောင်နေခြင်း

ကျွန်ုပ်တို့ အများကြီးသတိထားမိသော အချက်တစ်ခုမှာ အမျိုးသမီးကလေးများ၏ သဏ္ဌာန်ရုပ်လှခြင်းထက် ဂုဏ်လှခြင်းက ပို၍ အဖိုးတန်ခြင်း ဖြစ်၏။

ကျွန်ုပ်တို့ ငယ်စဉ်က မိန်းကလေးတစ်ယောက်မှာ ဖြူဖြူတုပ်တုပ် အဝတ်အစားက စုတ်နုတ်လျက် သူ့အစ်မတော်တစ်ယောက် နှင့် ငါးစိမ်းများကို ရပ်ရွာထဲ၌ လည်၍ ရောင်းရသည်ကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးရသေလည်။ သူ့ကို မည်သူကမျှ ချောသည်၊ လှသည်ဟု မပြော မဆို မည်သူကမျှ အမှတ်မထား သူကလေးတစ်ယောက်ဖြစ်လေ သည်။

ကျွန်ုပ်ကား သူကလေးကို မြင်သည့်အခါတိုင်း 'လှလိုက်တာ ဘာဖြစ်လို့ အခုလိုနေရပါသလဲ၊ သူ့ ကုသိုလ်နှယ် ဆိုးလိုက်လေ' ဟူ၍သာ တွေးတောမိခဲ့ပါသည်။

ကျွန်ုပ်မှာ ဥနှစ်လောက်တရပ်တနယ်သို့ သွားရောက်ကာ နေထိုင်ခဲ့ပြီး ပြန်ရောက်သောအခါ ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်၏ အိမ်တစ်အိမ်ရှိ သမီးပျိုကလေးနှင့်အတူ ခန့်ခန့် ညားညား စိန်ရွှေအပြည့်အစုံနှင့် နေသည်ကို တွေ့ရပါသည်။ ထိုအခါ သာ၍လှနေသဖြင့် အကြောင်းကိုမေးကြည့်ရာ အိမ်ရှင်က ထိုမိန်းကလေး ဆင်းဆင်းရဲရဲနေသည်ကို တွေ့ရသဖြင့် သနားပြီး တစ်ယောက်တည်း သော သမီးနှင့်အဖော်ပြု၍ ခေါ်ထားကြောင်း သိရပါသည်။

နောက်တစတစ အိမ်ရှင်လူကြီးများက သဘောကျချစ်ခင် ကြလျက် သွေးရင်းသားရင်းသဖွယ် ဖြစ်၍သွားကြ၏။ ထိုအခါ ရွှေပင်နား ရွှေကျေး ဆိုသည့် စကားကို ဂုဏ်သရေနှင့် တင့်တင့် တယ်တယ်နေရသောအခါ မြို့ရွာမှာ သာ၍ထင်ပေါ်ပြီး အရာရှိ တစ်ယောက်နှင့် အကြောင်းပါ၍ သွားကြောင်း သိရှိရပါသည်။ ကျွန်ုပ်မှာ ထိုသတင်းကို ကြားရသည့်အခါ သူ့ရုပ်သွင်ရည်ကလေး အဆင့်အတန်းအလိုက် အကျိုးပေးသွားခြင်း အတွက် ကိုယ်နှင့် မဆိုင်ဘဲ ဝမ်းမြောက်ခဲ့ဖူးပေသည်။

ကျွန်ုပ်ပြောလိုရင်းမှာ အခြားမဟုတ်၊ လူများသည် အများအား ဖြင့် အကောင်းအဆိုး အရုပ်ဆိုး အရုပ်လှရယ်လို့ သေသေချာချာ မသိတတ်ကြ၊ အမှတ်မဲ့ နေတတ်ကြသည်သာ များလေရာ ဂုဏ်ဒြပ် လုပ်ကာ အိမ်တွင်းပုန်းအဖိုးတန်နေသည့် အခါကျမှ လှသည်၊ ယဉ်သည်၊ ချောသည်၊ ကျက်သရေရှိပါသည် စသည်ဖြင့် ချီးမွမ်းပြီး သူငါကစ



အင်္ဂလိပ်ရိုက်ကာ ကြည့်ချင်မြင်ချင်ကြလျက် ချောင်းကြည့် ပြူးပြန်ဆိုတဲ့ လူမျိုးများလည်း ဟိုကသည်က ပေါ်ပေါက်၍လာတတ်လေသည်။

နောက်ဆုံးမှာ တစ်စုံတစ်ယောက် ဘယ်သူ၊ ဘယ်ဝါဟူ၍မသိ ရ။ စွတ်စွတ်ရွတ်ရွတ် ဘွားကနဲပေါ်ပေါက်လာပြီး မရယင် သေရ ပါတော့ မယ်၊ တဆိတ်ပြောပေးကြပါ၊ ကြိုက်လှချည်ရဲ့ စသည့် အနေမျိုးနှင့် အတင်းမရမက ကြိုးစားပြီးအရ ဆောင်ကြဉ်းသွား တတ်ကြသည်။

အဘယ်မျှပင် လှပနေစေကာမူ မကြာခဏ မြင်ရတွေ့ရ ဂုဏ်ဒြပ်မဲ့ ဓာတ်သိလဲမရှိဘဲ နေကြရသူများမှာမူကား သူလိုငါလို ရွက်ကြမ်းရေကြို ထဲကပဲဟု စိတ်မှာမှတ်ထင်ပြီး အဖိုးမတန် သဘောထားလျက် မမက်၊ မမော ဒရောသောပါး ကြိုက်သူများလည်း ပေါပေါများများ မရှိတတ် ကြောင်းကို အများကြီးတွေ့ရ လေသည်။

သာလွန်၍ တကယ့်တကယ် အပေါ်စားကြသော အမျိုးသမီး အပျိုကလေးတချို့တို့မှာ ကြိုက်လွယ်၊ ချစ်လွယ်အားနာလွယ်သူ များဖြစ်ကြလေရာ အောက်တန်းကျပြီး ကုလား၊ တရုတ် ဌာနာအုပ် ပြာတာ၊ စားတော်ကဲ၊ အိမ်တော်ပါမျိုးနှင့် သံလိုက်အပ်ပမာ၊ ဖြတ်လတ်မှာ တွေ့တတ်သော မယ်ဖြတ်စမျိုးတွေ ဖြစ်တတ်ကြ လေသည်။

သို့သော်လည်း ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့ကို ဆိုလိုရင်း မဟုတ်ဘဲ စားတော်ကဲလင်မယားမှာ မိမိတို့၏ အရှင်သခင်မင်း၊ ဘုရားကတော် တို့ထက်ပင် သုခချမ်းသာနှင့် ပြည့်စုံနိုင်သည်မှာ အခြားကိစ္စဖြစ်လေသည်။ ကျွန်ုပ်တို့ ဆိုလိုရင်းမှာ အဖိုးတန်ဖို့ မတန်ဖို့ဖြစ်လေရာ အဖိုးတန်မှ ပိုမို၍မက်သူများသဖြင့် အဖိုးတန် အောင်နေဖို့ကိုပြောခြင်းဖြစ်ပေ၏။ အဖိုးတန်အောင် နေတတ်ကြ လျှင် ရုပ်ပင်အင်မတန်ကြီး မလှစေကာမူ လှသည်ဟုမှတ်ထင်ခြင်း ခံရတတ်လေရာ အဖိုးတန်အောင် နေတတ်ကြဖို့ သတိပေးခြင်း ဖြစ်သတည်း။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားမာယာ

ကျွန်ုပ်တို့ မြန်မာအမျိုးသမီးကလေးများသည် အဘယ်ကြောင့် မှားတတ်ကြပါသလဲဟု အမှားအမျိုးမျိုးအကြောင်းကို ကျွန်ုပ်တို့ အများကြီး တွေးတောရာ အကြီးဆုံးဟု ဆိုအပ်သောအကြောင်း တစ်ခု တွေ့ရပါကြောင်း။

ထိုအကြောင်းမှာ အခြားမဟုတ် ' မိမိတို့ကိုယ်ကို အထင်ကြီး တတ်ခြင်း ' ဖြစ်သည်ဟု ကျွန်ုပ်တို့ သဘောရရှိပေကြောင်း။

' လူတစ်ကိုယ်လုံး ' ဟူသည့် စကားအရ လူမှန်သမျှတို့မှာ တစ်ခုကောင်းရှိသည်ဟု မိမိတို့ကိုယ်ကို ထင်မှတ်ကြမည်တား ဓမ္မတာပင် ဖြစ်ချေသည်။ သို့သော်လည်း အမျိုးသမီးများ၏ အထင်မှာ ယောကျ်ားတစ်ယောက်ယောက်ဟာ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ တော်လေး၀ ၀င်သူတို့နှင့် နှိုင်းသည့်အခါ အဟုတ် တကယ် စိတ်ပါလို့ မဟုတ် နှိပ်သာယုံမျှ ချီတင်ပါကလားဆို သော အတွေးကိုမရ ' မြှောက်ပါနဲ့ ' မပလီပါနဲ့၊ အကြောနဲ့ကြံ တာ ' ဆိုတဲ့ စကားလိုပင် သုံးစေကာမူ ငါ့ကိုတော့ သိပ်မက်နေ တာပဲ စသည့် အထင်ကြီးအောင် အိပ်ခါတွေး တရေးရေးမြင် တတ်လေသည်။

ဤကဲ့သို့ထင်ရာမှ တစ်စတစ်စ ' သူ့ခများကလေးအိပ်လို့မှ ပျော်ပါ့မလား သည်ကမျက်နှာကိုချည့် တဝဲဝဲမြင်နေရှာတယ် ထင်ပါရဲ့၊ ' ကြံပေးပါ၊ ခရီးအကြားမှာ သင်းကလေးကိုရမှ အပန်း ပြေရရဲ့၊ စားလဲနှမစိတ်၊ အိပ်လဲနှမစိတ်လို့ သူ့စာထဲမှာရေးထား လိုက်တာ သနားစရာ သူ့ခများမှာ ဒီစိတ်နဲ့ အများကြီး ဒုက္ခရောက် နေရှာမှာ ပါကလား စသည့် အတွေးမျိုးကလေးတွေ ပေါ်လာပြီး သနားရာကအားနာ၊ အားနာရာက သနားပြီး အမှားထဲရောက် တတ်လေသည်။

ချစ်ရုံချစ်တာ သနားရုံသနားတာကများစွာ အရေးမကြီး



ပရုပ်ဆီကလေးကိုပွတ်ကာ မျက်ရည်ခံထိုးတာကို တကယ်မှတ်ထင် ပြီး သနားမှ သေသေချာချာ ဝွကျတတ်တာမို့ အသနားသို့ရောက် အောင် စိတ်ကိုအခွင့်မပေးမှ တော်ကာကျပေမည်။ အပေါက်ထူ ကျော်မ၊ ဖြစ်ထူမ၊ တင်ကောက်ဂျက်ကလိ အကြားအောက်မှာ ဘိုကေများပေါက်တာ ကတောင် မိမိကိုယ်ကို နောက်ကြည့် ယဉ်တကိုလို့ ထင်မှတ်ကာ အရေး လုံးလုံးမဟုတ်စေကာမူ ဖြစ်ထူ ဖြင့် မဟုတ်တန်ရာဟု မိမိကိုယ်ကို မှတ်ထင်တတ်ကြသည်။

သို့ဖြစ်လေရာ ယောကျ်ားလေးတစ်ယောက်ဖြစ်စေ၊ ယောကျ်ား ကြီး တစ်ယောက်ဖြစ်စေ၊ လူပျိုကလေးကဖြစ်စေ၊ မုဆိုးဖိုတရပ်သား ကပ်ပါးဆရာတို့ထံမှ ပလီပလာ စာများကို ရရှိသည့်အခါ ဟုတ် တန်ရာ မဟုတ်တန်ရာ ကို ဆင်ခြင်ကာ မိမိကိုယ်ယ်ကို အထင်ကြီး သင့်မှ ကြီးအပ်လေသည်။ အများအားဖြင့် ချစ်စာ၊ ကြိုက်စာ၊ မြှောက်စာ ပင့်စာများမှာ ချစ်ကြိုက်သည်ဆိုသူများ ကိုယ်တိုင်ကမူ မရေးတတ်ကြ၊ အူအသည်းက ထွက်သော်စကားများမဟုတ်၊ အခြားသူ တစ်ယောက် ယောက်ကို ကပ်၍အရေးခိုင်းသော အခါများဖြစ်နိုင်ကြောင်းကိုလည်း သတိမူသင့်ကြလေသည်။

အချို့မှာ မိမိတို့ကိုယ်ကို အဘယ်မျှလောက် အထင်ကြီးသလဲ ဆိုမူ လက်ရှိမယားကြီးကို ကွာမယ်ရှင်းမယ်ဆိုသော စကားကိုပင် ယုံတတ် ကြပြီး သူ့လက်ရှိမယား မိသိန်းကလေးကိုတောင်ကွာပြီး ငါ့ကို ယူမယ်ဆိုတဲ့ စကားဟာ ငါ့ကို တော်ရုံစုံမက်လို့မဟုတ်၊ တကယ့် ကို အသည်းအသန် ကြိုက်ရှာလွန်းလို့ ပြောတာပဲ၊ ငါ့ကို မကြိုက်ဘဲ သူ့မယားမိသိန်းကို ပစ်နိုင် ပါ့မလား ဟူသော အတွေးမျိုးကိုပင် တွေးပြီး မယုံတန်ရာကို ယုံကာ မိမိတို့ကိုယ်ကိုပါ အပ်တတ်ကြ လေသည်။

မိန်းမတို့မာယာ သဲကိုးဖြာ သဲဆိုတဲ့စကားဟာလည်း ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



များက မိန်းမများကို မြှောက်ပြောသော စကားမျှဖြစ်ရာ တကယ့်မာယာမှာ ယောက်ျားများက အပျိုတော်ဝင်စ မနူးမနပ် ကလေး များအား ကလေးလို သဘောမျိုးထားကာ ကိုလော်ပေါ် ခြင်းလုံး သော့သလို မာယာနှင့် သော့ချင်သလို သော့နိုင်ကြ၏။

ယောက်ျားမာယာ အဘယ်လောက်ကြီးတယ်ဆိုတာ အောက်ပါ ပုံဝတ္ထုကလေးဖြင့် သိသာလေသည်။

ရှေးသရောအခါ ဘုရင်တစ်ပါး သူ့အမတ်ကြီးနဲ့ တောကစား အသွား ထန်းဘလပ်တဲကလေး တစ်ခုမှာ အပန်းဖြေနေခိုက် သူဌေးကြီး တစ်ယောက်နဲ့ သူဌေးသမီးကြီး လှည်းတစ်စီးနဲ့ လာတာကို ရှင်ဘုရင်မြင်သတဲ့၊ မြင်လျှင် မြင်ချင်းပဲ ရှင်ဘုရင်လူက သူဌေးသမီးကို လိုချင်မျက်စိ ကျလှသဖြင့် အမတ်ကြီးရဲ့ကြံပေးပါ။ မရယင် သည်ထန်းတလစ်တဲမှာ အဘယ်မျှပင် အမောဖြေသော်လည်း ပြေတော့မယ်မဟုတ်၊ ကိုယ်တော်မြတ် နတ်ရွာစံရစ်တော့မယ် စသဖြင့် ပတ်ခွဲနတ်ခွဲ အသည်းအသန် အမတ်ကြီးအား ထပ်မနား မူရာပြုပြီး ပူစာရောသတဲ့ . . .

သည်တော့ အမတ်ကြီးက ယောက်ျားမာယာကို ရှုတ်တရက်သုံး ပြီး အရှင်မင်းကြီး သည်လောက်တောင် ဖြစ်နေမှကြံရတာပေါ့ဘုရား၊ အရှင်မင်းကြီး တဲထဲဝင်ကာ ဟောဟိုမှာ ကာထားတဲ့တင်းတိန် ကိုခြုံပြီး ဟန်သာဆောင်နေပါဟု တင်လျှောက်ပြီး လှည်းရှိရာသို့ ပြေးကာ ရပ်ပါဦးသူဌေးမင်းရဲ့၊ ကျွန်တော့်မိန်းမ ခရီးအကြားမှာ နေ့ရေလစေ့ ဖြစ်ပြီး ကလေးမျက်နှာမြင်နေပါတယ်၊ အနီးအပါးမှာ ကြည့်မယ့် ရှုမယ့်သူမိန်းမဆိုလို့ တစ်ယောက်မှ မပေါ်လာ အခက်ကြီးကြုံနေပါတယ်။ သူဌေးမင်းသမီးကို ခဏဝင်ကြည့်ဖို့ အခွင့်ပြုတော်မူပါ သူဌေးမင်းရဲ့။ ကြည့်မယ့်သူမရှိရင် ကျွန်တော့် မိန်းမသေရပါလိမ့်မယ် စသည်ဖြင့် တောင်းပန်သတဲ့. . .။

www.burmeseclassic.com



သူဌေးမင်းကလဲ ယုံကြည်သနားပြီး သမီးကိုခွင့်ပြုလိုက်ပါရောတဲ့၊ တော်တော်ကြာ သူဌေးသမီးမှာ ဝမ်းဆွဲအလုပ်ကြောင့် ဦးခေါင်းမှာ ဆံပင်တွေများတောင် ရှုပ်ပွေလျက် မျက်နှာလဲ ပျက်ပျက်နှင့် လှည်းကိုပြန်ပြီးသွားရာ သူဌေးကြီးက ကိစ္စချောခဲ့ ရဲ့လားလို့မေးရာ ယောက်ျားပါဖေဖေ၊ မြန်မြန်သာမောင်းပါ၊ နေဝင်တော့မယ်လို့ပြောပြီး လှည်းထွက်သွားတဲ့။

ထိုအခါ အမတ်ကြီးက တဲထဲဝင်ပြီး ဘယ့်နှယ့်လဲ အရှင်မင်း ကြီး ဟန်ကျလိုက်ရဲ့လား၊ နိပ်ကဲ့လား ဟု မျက်စပစ်ခါ မေးရာ ရှင်ဘုရင်က နေရာကျကြောင်း ဝမ်းဆွဲခအဖြစ် နဝရတ်လက်စွပ်ကို သနားတော်မူလိုက်ကြောင်းပြောရာ အမတ်ကြီးပုဏ္ဏားက အောင်မယ် မတော်ကာ သည်က အပတ်တကုတ် ဉာဏ်ထုတ် ပေးရသူကိုတော့ ဆုမချ၊ ဟိုတော့ လက်စွပ်ချွတ်ပေးလို့ တော်နိုင်ရဲ့လား၊ အရှင်မင်းကြီး အသာနေ၊ ကျွန်တော်မျိုး မခံနိုင် ဘူးဟု ပြောပြီးလှည်းနောက်သို့ ပြေးလိုက်ကာ သူဌေးမင်း၊ သူဌေးမင်း ကျွန်တော့်မိန်းမ ကျွန်တော်နဲ့ထိမ်းမြားစက ကျွန်တော့် မိခင်က လက်ဖွဲ့ခဲ့တဲ့ နဝရတ်လက်စွပ်ဟာ သူဌေးကြီး သမီးလက် ပါသွားတယ်ပြောပါတယ်ခင်မျာ၊ လှလို့စွပ်စမ်း ဝတ်ကြည့်ရာက မေ့သွားလို့ပြောပါတယ်၊ ပါရင် တဆိတ် ပြန်သနားပါခင်မျာ၊ သေသည့်တိုင်အောင် မရောင်းမချ မခွဲပါဘူးဆိုတဲ့ ကတိနှင့် ထားတဲ့ လက်စွပ်ပါဟု ပြောရာ သူဌေးကြီးသမီးက မျက်နှာပျက်ပျက်နှင့် ဟုတ်ပါတယ်ဖေဖေ၊ ကျွန်မ စွပ်ကြည့်ရာက မေ့ပါလာပါတယ် ဟု ပြောရင်း လက်စွပ်ကို ချွတ်ပေးခဲ့ရသတဲ့ . . .

ဤင်းပုံကလေးအရ တကယ့်တကယ် မာယာကို စမ်းကြည့်သည့်အခါ ယောက်ျားများရဲ့မာယာဟာ မိန်းမများ၏မာယာကို အပြန်ပေါင်း ရာယောင်မက အပြတ်အသတ် များနိုင်ကြောင်း သိရလေသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## အရပ်တောင်းမှ လင်းတောင်းရ

ကျွန်ုပ်တို့ မြန်မာအမျိုးသမီး ကလေးများမှာ ရုပ်ကလေးလှလှ မျိုးဂုဏ်၊ ဆွေဂုဏ်၊ ပညာဂုဏ်ဆိုတဲ့ ဂုဏ်ကလေးတစ်ခုခု ရှိမှဖြင့် လွန်တရာမှ မာန်တက်ပြီး တော်ရုံတန်ရုံယောကျ်ားများကို မမြင်၊ ဘဝင်မြင့်ပြီး အထင်ကြီးနှင့် ခုတင်ကြီးပေါ်အိပ်ကာ စိတ်ကြီး ဝင်တတ်ကြလေသည်။

အချို့များမှာ မိမိတို့ အရပ်သားမှန်လျှင် ဂရုမထား မလေးစား သလိုလို၊ နှုတ်က ဖွင့်၍ဆိုကာ တရပ်သား ဟန်သမားကလေးများ ကိုမှ ဟုတ်တယ်ထင်တတ်ကြ၏။

မိမိတို့ အရပ်သူ၊ အရပ်သားများကို ရှုံ့ချကာ မတူမတန် ထင်ရုံမက မိမိတို့အရပ်သူ၊ အရပ်သားများကို ဂုဏ်ပြိုင်ကာ တစ်ရပ်သား ကိုမှ ကြံကြသည်မှာ တစ်ရပ်သားကိုယူခြင်းဖြင့် ရပ်သူရွာသားများ ထက် မိမိတို့ကိုယ်ကို သာနိုးနိုးမှတ်ထင်ခြင်းကြောင့် ဖြစ်လေသည်။

တစ်ရပ်သား ဟန်သမား၊ တစ်ရပ်သား မလွတ်လပ်သူ၊ တစ်ရပ် သားအပျော်ကြံသူများနှင့် တွေ့ပြီး အရှက်ကွဲဖြစ်ကြရသည်မှာ မိမိတို့ ရပ်သူ၊ရွာသားအပေါ် မော်ချင်စိတ်၊ မောက်မာချင်စိတ် ကြောင့် ဖြစ်ကြရလေသည်။

မိမိတို့အရပ်သားမှကောင်းသည်၊ တစ်ရပ်သားကို ရှောင်ရမည်၊ တစ်ရပ်သားမှန်လျှင် မကောင်းသူများသည်ဟု ကျွန်ုပ်တို့မဆိုလို ပါ။ အိမ်ထောင်မှုအရာမှာ တစ်ရပ်သားဖြစ်စေ၊ မိမိအရပ်သား ဖြစ်စေ သေသေချာချာစုံစမ်း၍ အများကြီးသတိထားနိုင်မှ တော်ရုံ ကျလေသည်။

သို့သော်လည်း တစ်ရွာသား ယောကျ်ားလုပ်က လွမ်းရတတ် သည် ဟူသော စကားသည် အခြေခံကောင်း အထောက်အထား လုံးလုံး ကင်းသည်မဟုတ်ပေ။ ဤအရာ၌ အသိသည် လွန်စွာ အရေးကြီးလေရာ



မိမိအရပ်သားအကြောင်းကို ကုန်စင်အောင် သိဖို့ရန်သာ လွန်လွယ် ကူလေသည်။

ယောကျ်ား၊ မိန်းမတို့မှာ တစ်ရပ်၊ တစ်ရွာ၊ တစ်နယ်သူ၊ တစ်ရပ် တနယ်ကိုမှ တပ်မက်ခြင်းသည် ထူးခြားသော သဘာဝမျိုး ဖြစ် လေသည်။

ငယ်မွေးခြံပေါက် အိမ်နီးနားချင်းတစ်ယောက်မှာ ရုပ်ရည် ကလေး အသင့်အတင့်ရှိရုံမျှနှင့် မထင်ပေါ်တတ်။ ရွက်ကြမ်း ရည်ချိုမှတ်ထင် တတ်ကြလေရာ တစ်ရပ်၊ တစ်နယ်သားဖြစ်သော အခါ၌ ထိုမျှလောက် ရုပ်အဆင်းမရှိစေကာမူ ထူးသည်ဟု မှတ်ထင် တတ်ကြလေသည်။

ဤကဲ့သို့ဖြစ်ရခြင်းမှာ မြင်ရဖန်များသည့်အတွက် ရိုး၍နေ ခြင်းကြောင့်ဖြစ်လေသည်။ သို့ဖြစ်လေရာ မိမိကိုယ်ကို မရိုးအောင်၊ မကြာခဏ သူသူငါငါ မြင်၍မဝ ဝ,အောင် နေရာတိုင်းကို သွားလာ ၍ မပြောအပ်ပေ။ ကျစ်လျစ် ဆိုပိတ်စွာ နေတက်မှ ထူးသည်၊ မြတ်သည်၊ ပို၍ လှသည်ဟု မှတ်ထင်ခြင်းခံရတတ်လေသည်။

သို့သော်လည်း ကျွန်ုပ်ဆိုလိုရင်းမှာ စိတ်ကြီးဝင်အား ကြီးခြင်း၊ တက်ကြွအားကြီးခြင်းသည် အမုန်းများအောင်လုပ်ခြင်း တစ်မျိုး ဖြစ်လေရာ '**အိမ်နီးချင်းကောင်းမှ လင်ကောင်းရသည်**" ဟူသော စကားကို ထောက်လျှင် " **အိမ်နီးချင်းမုန်းက လင်ကောင်းမရတတ်**" ဟု ဆိုလျှင် မှားမည် မဟုတ်။

အိမ်နီးချင်းမက တစ်ရပ်လုံးက မုန်းထားကြလျှင် တစ်ရပ်လုံး က ချီးချင်စိတ်ပေါက်အောင် လုပ်လျှင်ကား အဘယ်ပြောဖွယ်ရာ ရှိပါ တော့မည်နည်း ။

မိမိ၏ အရပ်သားချင်း ပေါင်းရ၍ မတော်တဆ ဆင်းရဲလျှင် မည်သူမျှ ကဲ့ရဲ့မည် မဟုတ်။ တစ်ရပ်သားကို အထင်ကြီးနှင့်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်မလှသောအခါ ရှက်ဖွယ်ရာ ဖြစ်လေသည်။

အစစအရာရာမှာလည်း ရုပ်တူသားကို ယူခြင်းမှာ " **တစ်နှယ် ငင်တစ်စင်ပါ၊ တစ်ကြောင်းမယောက် တစ်ကြောင်းယောက်** " စရာတွေများလေရာ ကိုယ့်ဘက်၊ သူ့ဘက် မျက်လုံးထုတ် တစ်ပုတ် ပြည့်နိုင်သဖြင့် အရာရာ၌ အားကြီးတစ်ခု ဖြစ်နိုင်ရာ တစ်ရပ်၊ တစ်နယ်သို့ လိုက်ပါ၍ သွားရသည့်အခါ၌ကား မျက်နှာငယ်တတ် ပေ၏။ မိမိ၏ အားကိုးရာ တစ်ဦးဖြစ်သော လင်ယောကျ်ားကောင်းပါမှ ချမ်းသာရာ ရနိုင်ပြီး မကောင်းလျှင် များစွာ ဆင်းရဲဒုက္ခ တွေ့ရတတ်လေသည်။

ချင်းချက်ဆိုသည်ကား မည်သည့်အရာမှာမဆို ရှိသဖြင့် တစ်ရပ်တစ်ပြည်သို့ လိုက်ပါပြီး ချမ်းချမ်းသာသာ နေကြရသူများ လည်း ရှိပေလိမ့်မည်။ သို့သော်လည်း အများအားဖြင့် ဓမ္မတာ ဖြတ်လမ်းသဘောမှာ ကိုယ်ဟိုင် စိတ်ချ၊ လက်ချ၊ အကျိုးအကြောင်း အဆိုးအကောင်းကို သိသော ရုပ်တူ၊ ဇာတ်တူသားလောက် အဘယ်မှာ စိတ်ချနိုင်ပါမည်နည်း။

" **နှမနှင့်မောင် ပြည်တည်ထောင်** " ဟူ၍ ရာဇဝင်ပြောင် သည့် ထုံးအလာကို ရုပ်တူသ၊ ဇာတ်တူ သားသမီးများမှာ မောင်လို နှမလို သူငယ်ချင်း ဆွေမျိုးသားချင်းလို ရပ်ဆွေရပ်မျိုး ဖြစ်လေရာ သာလွန်၍ စိတ်မချရပေလေ။

အချို့သော မိန်းမများမှာ သာလွန်၍ ဆင်းရဲပြီး အရပ်သား မက၊ တစ်နိုင်ငံသား စစ်တကောင်းကုလားကိုယုံကြည်၍ လိုက်သွား ပြီးနောက် ကုလားပြည်ရောက်ခါမှ ကုလားမတော်၏ အလယ်၌ မျက်နှာငယ်ကလေး ဇီးရွက်လောက်နှင့် မုန်းထားရွံရှာဖွယ်ရာ ကဲ့သို့ လည်းကောင်း၊ အမျိုးမြတ်တွေထဲမှာ အမျိုးယုတ် တစ်ယောက် ပေါ်ပေါက်နေသကဲ့သို့ လည်းကောင်း နေခဲ့ကြရ သဖြင့် ဒုက္ခများစွာ တွေ့ခဲ့ကြရသည်ကို



ကြားသိရလေသည်။

သို့သော်လည်း ဤအချက်ထက် ပို၍ အရေးကြီးသော အချက်မှာ ' **အရပ်ကောင်းမှ အဲလောင်းလှ** ' ဟူသော စကားကို ( ပျို့ရှုယ်ခြင်း၏ မသာအသုဘဖြစ်သော ထိမ်းမြားမင်္ဂလာတည်း ဟူသော 'အလောင်း' ကို လှစေဖို့ရန် အရပ်၏မေတ္တာကို ခံယူရရှိဖို့ အရေးဖြစ်လေရာ ) ' **အရပ်ကောင်းမှ အလောင်းလှ** ' ဟူသော စကား နှင့် ထပ်တူ ' **အရပ်ကောင်းက လင်ကောင်းရ** ' ဟူသော စကား အတိုင်း ဖြစ်စေဖို့ရန် ' **ရွာကျော်၍ ရှက်တိုတ်ခြင်းနှင့်** ' ဟူသော တစ်ရပ်သားအတွက် မိမိ၏အရပ်ကို ပစ်ပယ်ပုတ်ခတ်ခြင်း မပြုအပ်ကြောင်း အထူးသတိပေးရပေသည်။

❖❖❖

### မလေးမစား မပြုပါနှင့်

" **အရှုပ်ဆိုးမပိဝိ** " ဟူသော စကားကို ယောကျ်ားများ အတွက်သာ မဟုတ်၊ မိန်းမများအတွက်ဟူ၍လည်း သဘောထားအပ်ကြ သည်ဟု ကျွန်ုပ် ထင်မြင်ပါကြောင်း။

ထိုစကားဖြင့် မိဘများသည် သားလူပျိုများအား သတိပေးသည် ကို ကျွန်ုပ် ကြားဖူးပါကြောင်း။

" အရုပ်ဆိုးမကြီးရယ်လို့ အရေးမကြီးဘူး၊ မိမိနှင့် မတန် မရာ တစ်စုံတစ်ရာမျှ ဖြစ်နိုင်မှာ မဟုတ်ဘူး " ဟု မှတ်ထင်ခါ ပျက်ပျက် မတည်ကြည်သောစိတ်နှင့် ပြိုတီတီ လုပ်မိကြသည့်အခါ အရုပ်ဆိုး မကြီးက အဟုတ်တစ်မျိုးဉာဏ်နှင့် မူယာ၊ မာယာ၊ သဲကိုးပြား လုပ်၍ ဖမ်းသည့်အခါ ယောကျ်ားပျို့ မင်းသားနုကလေးမှာ အရုပ်ဆိုးမ ကြီး ပြုရာကို ခံရတတ်လေသည်။

မိန်းကလေးများမှာ ထိုစကားကို သာလွန်၍ သတိပြုအပ်ပေ သည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့က မုတ်ဆိတ်မွေးစုတ်ဖွား လူဝံကြီးများလို အသား နတ်ကြွတ်ရင်အုတ်နက်နက် အမွေးတွေ ထွေးယှက်၍နေသော ခါတောအရာ ဘန်ဂါလီအရာတို့ကို မလေးမစား အရေးမထား သလောက်ဟု မှတ်ထင်ပြီး ကြာပေးသောအခါ မြူမြိုက်၍ ချူလိုက်ရလျှင် ရတမ်း မှတ်ထင်ခါ ပျူပျူငှာငှာ ကုလားဆရာကို ညှော်ခံကာ ကုလားဆရာကို ညှော်ခံကာ နေရာပေးပြီး ကမ်း့ဆေး နှင့် ညှော်ခံရုံမက မိခင်, အဒေါ်, အရီးတို့ကပါ အရောဝင်ခါ ရှောင်၍များပေးသလို လုပ်တတ်ကြလေသည်။

ထိုနည်းမျိုးဖြင့် ကုလားများထံမှ ငွေကြေးလက်ဆောင်ကို ရကြလေရာ ကြာသောအခါ အကြင်နာဝင်ပြီး " ကုလားကြီးခမြာ ငါ့ကို အဟုတ်ထင်ပြီး စုံမက်ရှာလွန်းလို့ ပေးတာကမ်းတာပါပဲ၊ အခုနေ ငြင်းဆန်ရင် သူ့ခမျာမှာ ရင်ကွဲနာကျရှာတော့မှာပဲ ထင်ပါရဲ့" စသည်ဖြင့် တွေးကာ သနားတတ်သော စိတ်၊ အားနာတတ်သော စိတ်ကြောင့် အကြင်နာဝင်လျှက် " ယူလိုက်ပါတော့မယ်လေ၊ ဘာပဲ ဖြစ်ဖြစ် ချမ်းသာမှာပါပဲဟူသော အကြံမျိုး ပေါ်တတ်လေသည်။

အချို့မှာ နဂိုစိတ်ခိုင်သဖြင့် အဆုံးတိုင်ညားဖို့ စိတ်ကူးရာ နောက်ဆုံး၌ မှောင်တကာ့အမှောင် ကာမသားတို့၏ အမိုက်ဆုံး အမှောင်ကြောင့် အဆိပ်မွန်ကာ ကုလားအရာက မညားသည့် အစားစာဖြစ်အောင် လုပ်တတ်လေ့သည်။

ဤအရာ၌ တရုတ်လူမျိုးမှာ သာလွန်၍ ကြောက်စရာကောင်းလေရာ " ဝက်ပက်သလို, ဝက်သားလှီးသလို" အပြီးတိုင် စီရင်တတ်ကြလေသည်။

စင်စစ်မှာ ရုပ်အဆင်းနှင့် တဘက်သားကို မြူမြိုက်ခြင်း လောက် ဆိုးယုတ်သော အရာမရှိဟု ကျွန်ုပ် ယူဆမိလေသည်။



ဤလိုစိတ်မျိုးရှိသော မိန်းမမျိုး၊ အချောအလှကလေးများမှာ မိမိတို့ရုပ်နှင့်မြူကြရာ အဘယ်အခါမျှ အတည်မကြံဘဲ ငွေနှင့်မြူ သော ယောက်ျားမျိုး၏ စက်ကွင်းသို့ တိုးဝင်မိသည့်အခါ အစတွင် ပျော်စရာ အကောင်းဆုံးလို ဖြစ်သော်လည်း နောက်ဆုံးတွင် အပူ ကပ်၍ ကျန်ရစ်တတ်လေသည်။

အချို့မှာလည်း ' စားနေကြကြောင်းပါး ' ဆိုသည့်အလားလို မြူ၍ကောင်းမှန်းသိလျက် အမြူစွဲကာ နောက်ဆုံး၌ အမြူပ်လုပ်မှ ပချုပ်သယ် ဖြစ်တတ်လေသည်။

ပချုပ်သယ်ဖြစ်သောအခါ လင်းမြွေရော၊ မြွေဟောက်ရော၊ ငန်းကြား၊ ငန်းပုပ်ရော အောင်းတတ်လေသည်။

ဤလိုမိန်းမမျိုးမှာ အသိအလိမ္မာပညာမရှိ ကြံရေးစည်ရေး အလုပ်ကိုလည်း နားမလည် လုပ်လည်းမလုပ်ချင်၊ ဂုဏ်ပြိုင်ချင် သော ' မိန်းမဖျင်းခြေဆင်း ' ဆိုသူများ ဖြစ်ကြလေရာ ခြေဆင်း ခြင်းသည် တပိုင်းခင်းပြီးဖြစ်သဖြင့် မြင်းစီးသမားများနှင့် တွေ့ခါ စီးသား အချခံရတတ်လေသည်။ ကြောက်ဖွယ်ကောင်းလေစွ တကား။

ထိုမိန်းမမျိုးမှာ ထိုအကျင့်စာရိတ္တသရုပ်ပြ၍ အမြူအယူနေကျ စိတ်သည် အိုသည့်တိုင်အောင် မပျောက်ဘဲ အရွယ်ကျ၍ အရိုး၊ အရေ ဂျောင်ဂျောင်မြည်သည့်တိုင်အောင် မိမိတို့ကိုယ်ကို မြူနိုင်၊ မူနိုင်၊ ယူနိုင်သေးသည် မှတ်ထင်ခါ ကလက်ကလေး အရှက်သေး လျက် မက်ဆေးနံ့သာ မက်ဆေးနံ့သာနှင့် မဆီမဆိုင်တာ လုပ်တတ်ကြလေရာ သေသည့်တိုင်အောင် ကျက်သရေမရှိ မုန်းစလိုရွံ့စရာ နှာခေါင်းရှုံ့ဖွယ်ရာ ဖြစ်တတ်လေသည်။

သို့ဖြစ်၍ အာမပူ၍ အူမပါက ဘယ်သူလာ၍ ငွေနှင့် စစေကာ မူ လက်မခံဘဲ အရှက်ဖြင့် ကာရံအိပ်ပေကြောင်း။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## အချစ် ထိုးဆေး

ငယ်ချစ် ပထမဦးဆုံးတွေ့ရသော အရူးအမူးချစ်သည့် အချစ်များသည် အများအားဖြင့် မမြဲတတ်။ ကွေကွင်းကွာကွဲခဲ့ပြဲတတ်ကြသည်သာ များကြောင်း မည်သူမဆို သိပေလိမ့်မည်။

ယခု ဤစာကို ကျွန်ုပ်ရေးနေသော အခိုက်မှာပင် ငယ်ချစ် ရည်းစားဦးနှင့် ကွဲရခြင်းကြောင့် အသည်းမှာ ဓားနှင့် ခွဲသလို ဖြစ်နေရှာသူကလေးများ ရှိကြပေလိမ့်မည်။

အချို့မှာ ဤကဲ့သို့ ချစ်သူနှင့် ကွဲရခြင်းကြောင့် အသက်ကို အသေခံကြလေသည်။ ဤလိုဖြစ်ကြခြင်း၌ ပူဆွေးဗျာပါလောင်မီးဖြာခြင်းသည် အများအားဖြင့် ကိုယ်ဖို့မဟုတ် သူ့အဖို့ ဖြစ်လေ ရာ ဘယ်လိုများ နေရှာပါလိမ့်မလဲ လူကြီးမိဘများက အတင်း အဓမ္မ ကျုပ်တည်းစွာ ထားကြသောကြောင့် ကြိတ်မနိုင် ခဲမရ ရင်ဝမှာ မီးတောက်ပြီး တောက်တီးညီးညူ ငါ့အတွက် အပူကြီး ပူပြီး အပူပင်သယ်ကျောတွင် နစ်မြော၍ နေရှာမှာပါကလား စသည့် နည်းမျိုးအတိုင်း ကိုယ်ရေးအတွက်အပူ ကိုယ့်အတွက် သူ့မှာ အဘယ်ပုံ ဖြစ်ပျက်နေမည့် အရေးတွေကို တွေးတောပူပင် ခါ စိုးရိမ်ကြောင့်ကြခြင်းမျှ ဖြစ်လေသည်။

တစ်ယောက် တစ်ယောက်ကို ဤနည်းအတိုင်း တွေးခေါ် ထင်မြင်နေလေရာ သေသေချာချာ ဤအပူစိတ်ဖြာ၍ ကြည့်လိုက်သောအခါ ဤစိတ်သည် မိမိကိုယ်ကို လှည့်စား၍နေသော စိတ်မျှ သာ ဖြစ်လျက် စင်စစ်မှာ တစ်ယောက်အတွက် တစ်ယောက်ပူခြင်း၊ တစ်ယောက်ကို တစ်ယောက် ပူပြင်းစွာ တောင့်တခြင်းမရှိ၊ သူက ကိုယ့်အတွက်ပူ ကိုယ်ကသူ့အတွက်ပူ ထိုအပူမှာ မည်သူ့ထံကိုမျှ မထိရောက် အကျိုးမဲ့ပူခြင်းမျှ ဖြစ်လေသည်။

'နှမအတွက် မပူပါနဲ့၊ မောင့်အတွက်သာ ပူတာပါ' ဟု



တစ်ယောက်ကရေး၍ တစ်ယောက်ကလည်း 'မောင့်အတွက် မပူပါနှင့်၊ နှမအတွက်သာ ပူတာပါ၊ နှမအေးအေးဆောင်သာ နေပါ' ဟူသောစကားကို နှစ်ယောက်စလုံးက အသုံးပြုသောအခါ ထိုမီးသည် အဘယ်ကို ရောက်နိုင်ပါသနည်း။ စင်စစ်မှာလည်း လမ်းခွတ်လပ်စပ်ကြား၌ မီးချင်းတိုးမိ တိုက်မိပြီး မီးဘာသာလောင် လျက် မည်သူ့ကိုမျှ မထိမရောက် အပ်သလို ဖြစ်နေလေ၏။

သားသမီးအတွက် မိဘများ ပူပင်ကြသည်မှာလည်း ဤနည်းအတိုင်းဖြစ်ရာ သားသမီးအတွက် မိဘက ပူပင်သလောက် သားသမီးများက မိမိတို့အတွက် ပူပင်လေ့မရှိကြပေ။ သို့ဖြစ်လေရာ သားသမီးအတွက် မိဘပူပင်ခြင်းသည် အကျိုးမဲ့ ဖြစ်လေသည်။

အဆိုပါ ချစ်သူနှစ်ဦးတို့၏ အပူသည် အဖိုးသက်သက် မဟုတ်ပေ။ အကြောင်းမူကား ထိုရောဂါသည် ကျောက်၊ ဝက်သက် ကမ္ဘာနာလို တစ်ခါဖြစ်၍ မသေလျှင် နောင် ထိုရောဂါမျိုး မဖြစ်နိုင် အကွယ်အကာ ဆေးကြီးကဲ့သို့ ဖြစ်လေသည်။ ဤကဲ့သို့ ဖြစ်ခြင်း သည် အချစ်ကျောက်ထိုးခြင်း ပေါက်ခြင်း ဖြစ်လေရာ ပထမ ချစ်သူ တစ်ယောက်နှင့် ကွေကွင်းပြီးသောအခါ နောက်ချစ်သူ များကို တွေ့ရသည့်အခါ မျက်မမြင်အကန်း၏ စမ်းဘဝါးဝါး အခြေကဲ့သို့ ဖြစ်ခါ အချစ်၏ သွေးဆောင်ရာသို့ လိုက်ပါမှားယွင်း ခြင်း မရှိရန် သတိပြုအပ်လှသည်။ လူ့ဘဝတွင် အရေးကြီးဆုံးသော အိမ်ထောင်မှု ကိစ္စမှာ သတိဉာဏ် သက်ဝင်နိုင်ဖို့ ရှိလေသည်။ သို့ဖြစ်ရာ ပထမ ရည်းစား ပျက်သူတို့မှာ ကံကောင်းသူများဖြစ်ကြ သည်ဟု ဆိုရပေမည်။

အကြောင်းမူကား ထိုပထမအချစ်သည် အဆိုးအကောင်း အကြောင်းမထင် ဆင်ခြင်ကင်းမဲ့ဖြစ်ကာ ပွက်အတင်းချစ် အပြစ်မမြင် ချစ်သူတစ်ယောက်ကို နတ်သားလောက် မှတ်ထင်လျက် ကမ္ဘာတွင်

www.burmeseclassic.com

www.burmeseclassic.com



မနိုင်းသာ ဂုဏ်ကျက်သရေမှာ အတုမရှိ၊ အသိ ပညာမှာ မည်သူမသာ၊ အလိမ္မာမှာ ဆရာ၊ သူ့ရသတ္တိမှာ ထိပ်တန်းတင်လောက်သော ယောကျ်ားဟု အကောင်းတွေ အကုန်စုသူအလား အထင်မှားလောက်အောင် ဖျားရောင်းလှည့်စား အမြင်အထင်ကို မှားစေသော အချစ်ဖြစ်လေရာ အလွန် စွမ်းသော မျက်လှည့်ဆရာနှင့် တူလေသည်။

ထိုအချစ်၏ လှည့်စားခြင်းကို တစ်ကြိမ်ခံရပြီးနောက် ငါ၏မျက်စိမှောက်တာပါကလား ဟူသော အသိတရားကို တစ်ခါရရှိ ပြီးသူတို့မှာ ဆူးညှောင့်ခဲ့ရန် လွန်စွာများသော အချစ်ရေး လမ်း၌ကျောက်ဆောင်တောင်စွန်း တွန်းထိုးအဟုန် ရေစုန်ဒီဆိုင် ဝဲဂယက်လှိုင်းဂယက်တို့၏ အကြောင်းကို ကောင်းစွာသိပြီးသူတို့ ဖြစ်လေရာ ဘေးဒုက္ခနှင့် မတွေ့နိုင်။ ပဲ့နိုင် ရွက်နိုင် အသိဉာဏ် အမြင်ပိုင်သော မာလိန်ကဲ့သို့ ကိုယ့်အကြောင်းကောင်းဖို့ရန် နည်းလမ်းကို မြင်နိုင်လေသည်။

သို့ဖြစ်လေရာ ဤလိုအရာမျိုးနှင့် တွေ့ကြုံခဲ့ရပြီးနောက် အခြားအချစ်၏လမ်းခရီးမှာ အရောက်အပေါက်များသူ တစ်ယောက်နှင့် တွေ့ရရှာသော မလိမ်မိုး မလိမ်မာအရွယ်ရောက်စတွင် မိမိထက်အသက်ကြီး အတွေ့အကြုံများသူ ယောကျ်ားတစ်ယောက်ကို အမူး အရူးကြိုက်လျက် တပတ်ရိုက် လှည့်စားခြင်းကို ခံရသော အမျိုးသမီးပျိုကလေးများမှာ ဤနည်းမျိုး ဖြစ်ကြလေသည်။ ၎င်းတို့၏ စိတ်၌ 'ငါက ငယ်ငယ်ကလေးပဲ ဒင်းငါ့ကို သိပ်ပြီး ချစ်မှာပဲ၊ ငါ့ကို စွန့်သွားနိုင်မှာ မဟုတ်ဘူး' ဟူ၍ တွေးထင်တတ်ကြလေ ရာ နူးနပ်သောယောကျ်ားမှာ အပျင်းပြေခရီးသွားဟန်လွှဲ သဘော ထားရင်း ဖြစ်သဖြင့် ဤကမ္ဘာနာမျိုးအတွက် အကွယ်အကာ ဆေးများကိုလည်း ထိုးနှံပြီး ဖြစ်ရာကား၊ မိန်းမပျိုကလေး၏ တွေးထင်ချက်နှင့် မကိုက်ညီ သိသိမျှ ခြားနား



အရွှေမကလေးပါ အမိုက်မကလေးတစ်ယောက်အဖြစ် ကျန်ရစ်လေရဲ့၊ အရေးမကြီး ဘူးလေ၊ တော်ကြာယင် သူလဲ တစ်ယောက်နဲ့ တွေ့ပြီး မေ့နေမှာပဲ ဟု ပေ့ါပေ့ါအေးအေး အနည်းငယ်မျှ စိတ်မလေးဘဲ အတွေးကို ဖျောက်နိုင်လေသည်။ သို့ဖြစ်သောကြောင့် ဤအပူမျိုး တွေ့သူများ မှာ ပုလိပ်ဆေးထိုးသူများကဲ့သို့ သဘောထားပြီး နောင်အရှည် ကောင်းပေတကားဟု စဉ်းစားခါ စိတ်ကို ဖြေသင့်ကြပေသည်။

❖❖❖

### အမျိုးသမီးများနှင့် ကျန်းမာရေး

ကျွန်ုပ်တို့ မြန်မာအမျိုးသမီးကလေးများမှာ လွတ်လပ်ခြင်း အရာ၌ အိန္ဒိယတိုင်းသူများထက်ပင် အခွင့်သာကြလေသည်။ ဥရောပတိုင်း အမေရိကတိုင်းသူများသော်မှ ယောကျ်ားများလို စီးပွားရေးကို လွတ်လပ်စွာရှာခွင့်ကို ယခု တစ်စတစ်ရကြလေရာ မြန်မာအမျိုးသမီးမှာ ပဝေသဏီအခါမှစ၍ ယောကျ်ားများနှင့်မခြား လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကား စီးပွားရှာရခြင်း အလုပ်ကို လုပ်ခဲ့ကြလေသည်။

သို့သော်လည်း အသက်ရှည်ဖို့ ကျန်းမာဖို့အရေးကိုမူ လုံးလုံး ကြီးလျစ်လျူကြသောကြောင့် အရွယ်ရောက်သည့်အခါ ဖွံ့ဖြိုး သန်မာသည့်အစား ပိန်ညှော်၊ သွေ့ခြောက်ရုံမျှမက ကလေး တစ်ယောက် မျက်နှာမြင်လျှင် သရက်သီးနုနု နေလောင်သလို ရှုံ့တွ၍ သွားကြသည်သာများလေသည်။

ဤကဲ့သို့ ဖြစ်ခြင်းမှာ ကျန်းမာခြင်းအကြောင်းကို ဂရုမစိုက်ခြင်းအပြင် နားမလည်ခြင်းက ပိုမိုလွှမ်းမိုး၍ နေခြင်းကြောင့်ဖြစ်သည်ဟု ကျွန်ုပ် သဘောရရှိပေကြောင်း။

မိန်းမများမှာ သားမွေးရသောကြောင့် ကိုယ်ခန္ဓာသည် ယောကျ်ားများ

www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုမိုပွေရှုပ် နုနယ်သိမ်မွေ့သဖြင့် ဂရုမစိုက် သတိမထားကြလျှင် လွယ်ကူစွာ ရောဂါရတတ်လေသည်။

မိန်းမတို့၏ သက်တမ်း၌ ကလေးမတို့ကို အပျိုဖြစ်စအရွယ်သည် လွန်စွာအရေးကြီးလေရာ ထိုအရွယ်မှာ တစ်စုံတစ်ခုဖြစ်၍ မကျန်းမမာဖြစ်ခဲ့လျှင် နောင်အရှည်သဖြင့် ရောဂါသည် ဖြစ်တတ်လေသည်။ ဖွံ့ဖြိုးစည်ပင်သောအချိုးအဆက်ကို တည်ဆောင်ခြင်း တာဝန်လည်း ဆုတ်ယုတ်တတ်လေသည်။

အပျိုဖြစ်ခါစ မိမိတို့ကိုယ်ခန္ဓာ၏အကြောင်းကို မသိကြသဖြင့် ရှုးခြင်း၊ နှမ်းခြင်း၊ သတိမေ့လျော့ခြင်း၊ စုန်းတစ္ဆေပူးခြင်း၊ တက်ခြင်း စသည့် ဝေဒနာအမျိုးမျိုးတွေ ဖြစ်တတ်လေရာ ထိုသိစရာကလေး များမှာ စင်စစ်အားဖြင့် သိစရာကြီးတွေ ဖြစ်ကြလေသည်။

'အသက်ကို ဉာဏ်စောင့်သည်' ဟူသော စကားသည် အပျိုဘော်ဝင်စ အမျိုးသမီးကလေးများနှင့် အထူးသက်ဆိုင်သော စကားဖြစ်လေသည်။ အင်္ဂလိပ်စာတတ်သော အမျိုးသမီးကလေး များမှာ ထိုအကြောင်းအရာများကို အင်္ဂလိပ်လို သင်ကြရသဖြင့် သိကြ၊ လိမ္မာကြလေသည်။ ၎င်းတို့က မိမိတို့ သိသမျှကို မြှုပ်၍မထား ဘဲ အမျိုးသမီးအချင်းချင်းတို့အား ဟောပြောသင်ပြခြင်း၊ စာအုပ်စာတမ်းထုတ်ခြင်း အလုပ်များဖြင့် အမျိုးသမီးအချင်းချင်းကို ကူညီသင့်ကြပေသတည်း။

ယခုကာလ အင်္ဂလိပ်စာ တတ်ကြသော အမျိုးသမီးကလေး များအထဲတွင် အချို့မှာ မြန်မာစာကို လေ့လာရန်မလိုသော မြင့်သော အမြဲအနေရှိသည်။ မြန်မာစာသည် အောက်ကျနောက် ကျစာတွေဖြစ်သည်ဟု မှတ်ထင်ကာ မြန်မာစာကို ပစ်ပယ်သော သူတွေ အတော်များနေကြောင်း ကျွန်ုပ်တို့ သိရှိရလေသည်။



ကောလိပ်ကျောင်းသူ တကယ့်ပညာတတ် အမျိုးသမီး အနည်းငယ်တို့မှာကား စကားပြောရာ၌ပင် အင်္ဂလိပ်လို ပြောချင်ကြပေ သည်။ သာ၍ဆိုးသောအရာမှာ အင်္ဂလိပ်စာ ကိုးတန်း၊ ဆယ်တန်း တတ်သော သမီးချောကလေးနှင့် ဂုဏ်ရောက်ခါ မိမိတို့ ကိုယ်တိုင် ကပင် မပီမသ မချေမင်သော အင်္ဂလိပ်စကားကို အသုံးပြုခါ ဧည့်သည်များရှေ့တွင် သမီးကလေးတတ်ကြောင်း ပြောကြ လေသည်။ ၎င်းတို့မှာ နောက်ဆုံး၌ အင်္ဂလိပ်စာကိုလည်း မတတ်၊ မြန်မာစာကိုလည်း မတတ်၊ တောင်မကျ မြောက်မကျ ဖြစ်နေတတ် ကြလေသည်။

အင်္ဂလိပ်စာမှာ လွယ်ကူစွာ မတတ်နိုင်ပေ၊ ပြောဆိုရာ၌လည်း ပြည်ကြီးသားပေါက်ဖော် မြန်မာစကား စ၍ပြောသည့်နည်းမျိုး သာ ဖြစ်တတ်လေရာ ထိုမျှလောက်ကလေး နားလည်ရုံမျှဖြင့် မာန်တက်ကြလျက် သူ့ရှေ့မှာလည်းကောင်း၊ မာတ်ပုံရိုက်ရာမှာလည်းကောင်း အင်္ဂလိပ်စာအုပ်နှင့်မှရိုက်၍ စတိုင်ထုတ်ကြသည် မှာ မြန်မာစာကို ရှုတ်ချရာ ရောက်လေသည်။

အင်္ဂလိပ်စာကို မချေမင်တတ်ခြင်းထက် မြန်မာစာကို ကောင်းစွာတတ်ခြင်းက ပိုမို၍ အသုံးဝင်လေသည်။ လခစား၊ စာရေးစာချီ လုပ်လောက်ရုံမျှ ဂုဏ်တက်ခါ မြန်မာစာကို ရှုတ်ချခြင်းသည် စိတ်သဘောထား သေးငယ်သိမ်ဖျင်းခြင်း၏ လက္ခဏာ ဖြစ် လေသည်။

ကျွန်ုပ်မိတ်ဆွေတစ်ယောက်က ' အင်္ဂလိပ်မင်း အုပ်စိုးသော ခေတ်မှာ အင်္ဂလိပ်စကားကို မပြောလျှင် ဘာစကားကို ပြောရ မလဲ ' ဟု မေး၏။ အင်္ဂလိပ်အုပ်စိုးခြင်းနှင့် မြန်မာစကားပြောခြင်း မြန်မာစာတတ်ခြင်းမှာ အဘယ်ပုံ သက်ဆိုင်ပါသနည်း။

နောင်မကြာမီ ဥပဒေပြု ကောင်စီများမှာပင် ဟိုင်းရင်း မြန်မာစကားကို ပြောရလိမ့်မည်ဖြစ်ရာ ရုံးသုံးစကားမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအင်ပါယာ၌ တိုင်းရင်းဘာသာစကားများကို အသုံးပြုရန် ကြံစည်ကြလေသည်။ အင်္ဂလိပ်အုပ်စိုးသော ခေတ်၊ အင်္ဂလိပ်အစိုးရ အထောက်အပံ့ခံ ကျောင်းများမှာ မြန်မာစာကို အရေးတကြီး ကျိတ်သင်၍ နေကြလေပြီ၊ သို့ပါလျက် အင်္ဂလိပ်စကားကို မသုံးလျှင် အဘယ်စကားကို သုံးရမလဲ ' ဟု ပြောသော အမျိုးသမီးများမှာ မြန်မာ့စိတ် လုံးလုံးမျှမရှိ ဗိုလ်ကတော်စိတ်ရှိကြောင်းကို သိသာ နိုင်လေသည်။ စာသည် စိတ်ကူးဉာဏ်၏ အဖိုးထိုက်ရတနာတို့ စုဝေးရာ ဖြစ်၏။ ဘာသာစကားတစ်ခုခုကို ကောင်းစွာမတတ်က ထိုအဖိုးထိုက် ရတနာများကို ရဖို့သော် လည်းကောင်း၊ မိမိဘာသာ စကားကိုမျှ ကောင်းစွာ မလေ့လာ၍ မတတ်သူမှာ အင်္ဂလိပ်စာ ကိုလည်း တတ်ဖို့ရန် များစွာ ခက်လေရာ ထိုကဲ့သို့သောလူမှာ မိမိစိတ်ကူးဉာဏ်၏ ရတနာတို့နှင့် မအပ်စပ်သူများ ဖြစ်ဖို့ရှိလေ သည်။

ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ မြန်မာလူမျိုးဖြစ်ပါလျက် မြန်မာစာ၌ မချောင်၊ အင်္ဂလိပ်စာကို ဂုဏ်ပြုခါ ဝါကြွားသူများ ဖြစ်လေသည်။ ထိုလူစုမှာ အင်္ဂလိပ်စာကို အဟုတ်တကယ် တတ် ချေက လူမျိုးကွဲစာကိုပင် ကောင်းစွာတတ်နိုင်သောဉာဏ်ရှိပါလျက် မိမိဘာသာစာကို မတတ်ခြင်းသည် မြန်မာစာကို အသုံးမကျသော အနေနှင့် ရှုတ်ချ၍ ထားသူများဖြစ်သည်ဟု အမှန်သိရပေမည်။

အထူးသဖြင့် ' စာရေးကောင်းခြင်း၊ အပြောကောင်းခြင်းသည် ဝမ်းတွင်းပါ ' အလုပ်ဖြစ်လေရာ မြန်မာမိန်းမ၏ဝမ်းတွင်းမှ အင်္ဂလိပ်စကားပါ၍ လာရမည်ကား မိခင်ဖြစ်သူ ဂေါ်ရာနှင့်ပင် တိတ်တဆိတ် တွေ့ခဲ့ရစေကာမူ မဖြစ်နိုင်သောနည်းဟု ကျွန်ုပ် စွဲမှတ်ယုံကြည်ထားမိပေကြောင်း။

❖❖❖



## တကယ့်အချစ်ရှိရဲ့လား

ယခုခေတ်ကာလ ပညာတတ်ကြသော အမျိုးသမီး၊ အမျိုးသား ကလေးများမှာ ' တကယ့်အချစ် ' ဟူသော စကားကို လက်စွဲကြီး ပြုကြလျက် တကယ့်အချစ်ကို မိမိတို့ သိကြသည်ဟု မှတ်ထင်ကြ ခြင်းကြောင့် အများအားဖြင့် မှားယွင်းကြလျက် တစ်သက်လုံး ဆင်းရဲ ဒုက္ခတွေ့ကြရသည်များကို ကြားဖူးလေသည်။

တကယ့် အချစ်ဆိုသည်မှာ ကျွန်ုပ်တို့၏ အတွေးအရ သိဖို့ရန် လွန်စွာခဲယဉ်းလေသည်။ တစ်ရံတစ်ခါများမှာ တကယ့် အချစ်ဆို ရှိမှ ရှိပါ့မလားဟူ၍ပင် တွေးတောမိပါ၏။

တစ်ယောက်ကိုတစ်ယောက် အသေအလဲ ချစ်ကြပြီး မိဘ စကားကို နားမထောင်ဘဲ တိတ်တဆိတ်လိုက်၍ ပြေးကြပြီးနောက် အတူ ပေါင်းသင်းကြသောအခါ တကယ့်အမုန်းဖြစ်လျက် ကွဲကွာ ကြသည် များကို တွေ့ရဖူးလေသည်။

ချစ်စဦးအခါ၌ တစ်ယောက်အတွက် တစ်ယောက်အသက်ကို ပင် စွန့်နိုင်ကြကြောင်းကား မှန်ပေသည်။ နောက်မှ စိတ်ပြောင်း တတ်ကြသည်မှာလည်း များစွာပင် တွေ့ခဲ့ကြရလေသည်။ သို့ဖြစ်၍ လေရာ ဘယ်လိုအချစ်ကို တကဲ့အချစ်ဟု ဆိုရပါမည်နည်း။

ကျွန်ုပ်၏စိတ်၌ တကယ့်အချစ်ဟု ဆိုသည်မှာ တကယ့်ချစ် နေခိုက်မှသာရှိ၍ မုန်းသောအခါ တကယ့်အချစ်သည် တကယ့် အမုန်းဖြစ်ဖို့ရှိသည်ဟူ၍ သဘောထားအပ်ပေသည်။

ဤလောကကြီးသည် သင်္ခါရလောကကြီးဖြစ်ရာ တကယ့်အချစ် သည် မပြောင်းလွဲ မဖောက်ပြန် အမြဲမှန်နိုင်သော အချစ်ဟု မဆိုနိုင်ပေ။ ပရမတ္ထတရားသာ မဖောက်ပြန် အမြဲမှန်၍ တကယ့် အချစ်မှာကား မဖောက်မပြန် အမြဲမှန်သောအရာမဟုတ်ပေ။ ရွှေ သည် အမြဲရွှေဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝုံတစ်ယောက်၏အချစ်မှာ အမြဲမဟုတ် ပေ၊ သို့အတွက် အချစ်သည် အစစ်အမှန်မရှိလျှင်လည်း အခန့်သင့်မှမြဲ၍ အခန့်မသင့်လျှင် ပျောက်တတ်လေသည်။

တကယ့်အချစ်မှာ သားသမီးကို မိဘကချစ်သော အချစ်၊ အကြင်လင်နှင့်မယား နှစ်ပေါင်းများစွာ ပေါင်းသင်းမိ၍ ကိလေသာကာမဆန္ဒကို အပထားပြီး တစ်ယောက်အပေါ်၌တစ်ယောက် ကြင်နာယောက်ထား တစ်ကြောင်မယောက် တစ်ကြောင်းယောက် ထားတတ်ကြောင်း ယောက်ခါ ညှာတာသနားသော အချစ်မှသာ တကယ့်အချစ် ဖြစ်လေရာ မြင်လျှင်မြင်ခြင်း အရွှးအမူးဖြစ်ရုံမျှနှင့် ရာသက်ပန် မဆိုထားဘိ ခြောက်လခံမည် မခံမည်ပင် ဒိဋ္ဌအမှန် ပြောဖို့ခက်လေရာ ယခုကာလပေါ် ရွှေရည်စိမ်လက်ကောက်များ နာရီများလို မည်သူကမျှ အာမခံနှင့် ပေးစားမည်မဟုတ်ပေ။

သို့ဖြစ်လေရာ 'အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည် စုတ်တိုး' ဆိုသည့်စကားလို အချစ်ကျမ်းကလေးများတတ်ကာ အသိအလိမ္မာရှိလှပြီဟု မိမိတို့ကိုယ်ကို မှတ်ထင်တတ်ကြသော မိန်းမပျို တို့အရွယ် အမျိုးသမီးကလေးများမှာ တစ်ခါနှစ်ခါမဟုတ် အခါခါ အကျိုးနည်းတတ်သည်ကို ယဟိုထားပြီး 'ကျွန်မတို့ထက် အသိအမြင်များသော လူကြီးမိဘတို့၏ စကားများကို လုံးလုံးကြီး ရှေးဆန်သည်' ဟု မပယ်ကောင်းလှပေ။ ကျွန်ုပ်ကိုယ်တိုင်တွေ့ရ သည်မှာ ကလေးအချင်းချင်း မသိကြပဲလျက် လူကြီးများ စီမံချထား ရာကို လိုက်နာကြသဖြင့် 'ထင်းပုံခေါင်းချ' ပေါင်းကြရလျက် ချမ်းချမ်းသာသာ နေထိုင်သူတွေ အများပင် ရှိကြသည်။

အချို့က 'အချစ်ဆိုလွန်စွာအရေးကြီးသည်၊ ကိုယ်တိုင် ချစ်ကြမှသာ ပေါင်းသင်းအပ်ပေသည်၊ ဘာမဆိုင် ညာမဆိုင် လူကြီးများ



ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်' ဟု ပြောကြလျက် မှားယွင်းနစ်နာကြသူများမှာ အများကြီးရှိကြသည်လည်း တွေ့ရလေသည်။

ထို့အပြင် တစ်ယောက်ကို တစ်ယောက် ချစ်ရမှန်းမသိဘဲ ပေါင်းကြရာ၌ နှောင်စိတ်သဘော ကောင်းမွန်ကြသဖြင့် တစ်ယောက်အကြောင်း တစ်ယောက်သိ၍ အကြင်နာဝင်သော အခါ သမီးရည်းစားဘဝမှ အချစ်နှင့် မူးရစ်၍ ပေါင်းသင်းခဲ့ကြသူ များနှင့် မခြားနားပေ။

သမီးရည်းစားဖြစ်စဉ်က ချစ်ပြီးပေါင်းကြ၍ တစ်နှစ် ကိုးလ ကြာသောအခါ ရှေးကလိုလက်ချင်းဆိပ်မှုနှင့် ရှိန်းဖိန်းဖိုမဆို ထားဘိ ပူအိုက်သောရာသီများမှာ တစ်ယောက်အပါးမှ တစ်ယောက် မကပ်ချင်မိလျှင်လည်း 'သစ်ဟုံးနှင့်မခြား ရှိန်းဖို များ ဒေးလိုက်ဘား စိတ်တောင်ညစ်သေး' ဟု ပြောသောစကား များကို ကျွန်ုပ် ကြားဖူး ပေကြောင်း။

လူကြီးများသည် အခါတိုင်းမှန်သည်ဟု ကျွန်ုပ်မဆိုလိုပေ။ သို့သော်လည်း လူကြီးများမှာ ကိုယ်တိုင်အတွေ့များအပြင် အမြင်တွေ့အကြားတွေလည်း အပုံကြီးများလေရာ အထူးသဖြင့် အချစ် နှင့် ပတ်သက်ရာမှာ လူကြီးများက မှန်တတ်လေသည်။

အချစ်နှင့်တွေ့သည့်အခါ ပျိုရွယ်သူတို့မှာ မှန်၍ နေတတ်ကြ လေသည်။ မှောင်ထဲမှ ထွက်ပြီး ရုတ်တရက် အလင်းကို ရှုသလို မျက်လုံးများမှာ အကန်းဖြစ်၍ သွားတတ်လေသည်။

ထိုအခါ ချစ်သူအပေါ်မှာ အကောင်းတွေ၊ ချစ်စရာကလေးတွေ ခိုးမွမ်းစရာကလေးတွေ၊ ကရုဏာသက်စရာကလေးတွေသာ မြင်တတ်ကြ လေရာ လူကြီးများမှာကား လွပ်လပ်စွာ နံဘေးမှ ကြည့်ရသည့်အတွက် တစ်ကြောင်း၊ မိန်းမပျိုတို့ မှတ်ထင်၍ထားသော ယောက်ျားကလေးမှာ

www.burmeseclassic.com

www.burmeseclassic.com



နှတ်သားအင်္ဂါနှင့် မညီညွတ်သောအချက်တွေ ကို တွေ့ရတတ်လေသည်။

အချစ်ဆိုသည်မှာ မကောင်းသောအရာများကို ပထမ တွေ့ရ မြင်ရသောအကောင်းကို အလွန်ကောင်းသည်ဟု မှတ်ထင်တတ် ကြလေသည်။

ရုပ်ရှင်ဇာတ်ပေါ်စက ' တော်ရုံဇာတ်ကလေးကို ကြည့်ရရင် အင်မတန်ကောင်းတာပဲ ' ဟု မှတ်ထင်တတ်ကြလေသည်။

ထို့နောက် ပို၍ကောင်းသောဇာတ်များ သွင်းထက်ငါ ပိုမို ပေါ်ပေါက်လာကြမှ နှိုင်းယှဉ်၍ သတိရလေသည်။

အချစ်မှာ ဤကဲ့သို့ဖြစ်ရာ ပထမအတွေ့မှာ မနှိုင်းယှဉ်ရသေးသည့်အတွက် ' မမြင်ဖူးသဖြင့် မှူးကိုမြစ်ထင် ' ၍ နေတတ်ကြလေသည်။ လူကြီးများမှာမူ နှိုင်းယှဉ်ချက်တွေ အများကြီးတွေ့ခဲ့ ရလေသည်။

လူကြီးအချို့မှာ သားသမီးများ၏အချစ်ကို မရမက မညှာမတာဖျက်ကြသည်မှာ အခြားကြောင့်မဟုတ်၊ အခါများစွာ အသည်းနာအားကြီးသောကြောင့် အင်မတန်မှ ချစ်ချင်တဲ့သမီး ကလေးတစ်ယောက်ကို မိမိတို့မျက်မုန်းကျိုး၍နေသူတစ်ယောက် ၏ ရင်ခွင်ထဲသို့ ရောက်သည်ကို မရှုစိမ့်နိုင်အားကြီးသောကြောင့် ဖြစ်လေသည်။ အကြောင်းမူကား ထိုသူ၌ အချစ်နှင့်ကန်း၍နေသော အမျိုးသမီးကလေး မမြင်ရသည့် မုန်းစရာအချက်တွေကို လူကြီးများမြင်၍ နေတတ်ကြလေသည်။

တစ်ကယ်မုန်းသူတစ်ယောက် အချစ်ဆုံးသမီးအပေါ်၌ သခင်တစ်ပါး၊ လင်တစ်ပါးဖြစ်သည်ကို အမှန်အားဖြင့် ခံနိုင်မည်မဟုတ်၊ ဒီကောင်နဲ့ ညားမည့်အစား တုတ်ကွေးနှင့် ပါပါစေ ' ဟုပင် ဆုတောင်းကြပေလိမ့်မည်။ ထိုအခါ သမီးက မိဘကို ရန်သူလိုသဘောထားပြီး ပြန်၍ပင် မုန်းတတ်လေသည်။ ကျွန်ုပ်တို့သိရသည့် အရ ဤကဲ့သို့ဖြစ်ပြီး မိဘစကားကို နားမထောင်ဘဲ နှတ်သား နောက်သို့



လိုက်မှားသူများမှာ နောင်အရှည်သဖြင့် ဆင်းရဲဒုက္ခ ရောက်တတ်လေရာ ဒုက္ခဖြစ်သောအခါ၌ မိဘသိမှာကိုပင် စိုးရိမ် မကင်းဖြစ်ပြီး ဖုံးရ၊ ဖိရတာက တစ်ဘက်၊ လင်မကောင်းသဖြင့် စိတ်ညစ်ရတာက တစ်ဘက်၊ ကြိတ်မှိတ်ကာ ငရဲခံကြရလေသည်။

❖❖❖

## မယားရှိသောယောက်ျားကို ချစ်မိသော အမျိုးသမီးကလေးတစ်ဦး၏ဖြစ်တွေ

အချစ်သည် လွန်စွာတန်ခိုးကြီးသောအရာ ဖြစ်၏။ အဘယ် မျှပင် တရားနှင့်ဆင်ခြင်သော်လည်း မရ၊ စိတ်နှလုံးအတွင်းသို့ ဝင်ရောက်မိသော အချစ်ကို မုန်းစရာအပြစ် လုံလောက်စွာမရှိက ဆူးကိုထွင်းသလို လွယ်ကူစွာထွင်၍ မရတတ်ကြောင်း ကျွန်ုပ်တို့ ကြားဖူးသည်က အမျိုးသမီးကလေးတစ်ဦးသည် သူ၏ကွယ်လွန်သော ကျောင်းနေဘက် ယောကျ်ားတစ်ယောက်နှင့် တူသည့် ယောကျ်ားတစ်ယောက်ကို မန္တလေးမြို့မှ စုံဆင်းလာကြရာတွင် သင်္ဘောပေါ်၌ တွေ့ဆုံချစ်ခင်မိသောကြောင့်ပင် ဖြစ်ပေသည်။

၎င်းအမျိုးသမီးကလေးမှာ ထိုသူကို မြင်လျှင်မြင်ချင်း ရင်ထဲ ၌ အေးတစ်လှည့်နွေးတစ်လှည့် အလွန်ချစ်ခင်ဖူးသော သူငယ်ချင်း သင်္ချိုင်းမှ ထ၍လာသလားဟုမှတ်ထင်လျှက် သူ၏မျက်နှာကိုသာ ထင်မြင်၍ နေပါကြောင်း၊ နောက်တစ်နေ့ သင်္ဘောကုန်းပတ်ပေါ် မှ ရပ်လျှက် တောင်ကြီးများကိုကြည့်နေခိုက် ထိုသူသည် ဆေး ကို ကိုင်လျှက် အမျိုးသမီး မိန်းမပျိုကလေးအနားသို့ ရှေး လာ ရာ မိန်းမ၏ရင်ထဲ၌ ဖိုလှိုက်၍နေလေသည်။ ထိုလူမှာ နိုးမ ပျိုထက် အသက် ၁၅ နှစ်ခန့် ကြီးလိမ့်မည်ဟု ထင်ရသော်လည်း ယောကျ်ားနှင့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏စိတ်တွင် သဘောမထား၊ မိန်းမတို့၏ ကိုယ်တိုင်ကဗင် တောင်ခြေကမ်းခြေများ သာသာလှလှကြောင်း စတင်၍ ပြောမိပါသည်ဟု ကျွန်ုပ်အား ထုတ်ဖော်ပြောပြ၏။

အချစ်သည် အမြန်ဆုံးသော အောင်သွယ်ဖြစ်လေရာ ထိုလူမှာလည်း အလားတူ ခေတ်ပြန်ရှိကြောင်း နောက်မှသိရပါသည်။ ထိုစိတ်ကြောင့်လည်း လွယ်ကူစွာ နီးကပ်အကျွမ်းဝင်ခြင်း ဖြစ်တတ်သည်ဟု ဆို၏။ 'ထို့ပြင် သင်္ဘောခရီးများ၌ မကြာမကြာ မြင်ရသော မျက်နှာသည် တစ်နည်းအားဖြင့် တစ်အိမ်သားချင်းလို ဖြစ်လေရာ အကျွမ်းတဝင်ဖြစ်ဖို့လမ်းလည်း အများကြီး ရှင်းလင်းလွယ်ကူခြင်း ဖြစ်တတ်လေသည်။

နောက်တစ်နာရီအတွင်း ထိုသူမှာ မိန်းမရှိကြောင်း မိန်းမပျို သိသောအခါ 'ဒဝါချအကျီအသစ်ကို မြေဝယ်မျှ၍ နှားချေလိုက်သည့် အလား 'မိန်းမပျို၏လန်းဆန်းသောစိတ်သည် အနာတရ ဖြစ်သွားကြောင်း၊ မမိုသည့်ပန်းများကိုသာ နှာ၍ပင်လှမ်းချင်သည့် စိတ် ပေါ်ပေါက်လာ၍လာရာ အနိုင်နိုင်သိမ်းဆည်းဖိနှိပ်၍ ထားရတော့သည် ဆို၏။ ' သူ့မိန်းမမှာ အင်မတန် ကံကောင်းတဲ့ မိန်းမဖြစ်မှာပဲ ' ဟု တွေးတောကာ သာ၍ပင်ထက်သန်၍လာသေးသည်ဆို၏။ သို့သော်လည်း စိတ်ကိုထိန်းကာ ' ချမ်းသာ ချစ်စေ မနစ်လေနဲ့ ' ဟု ဆင်ခြင်လျက် အသိမိတ်ဆွေအဖြစ်နှင့် ရိုးရိုးသားသား မကြာမကြာ တွေ့ကြုံရုံမက အကြိမ်ကြိမ် ထမင်း ကို အတူတူ စားခဲ့ကြ၏။ ထို့နောက် ၎င်း၏မိန်းမမှာ ၎င်းတို့ရှိရာ သို့ ချစ်ဖွယ်ရာအမူအယာတို့တို မသိမမြင် မကြွက်နာသော မိန်းမ ဖြစ်ကြောင်း သိရ၏။ ထိုလူအား ၎င်းမိန်းမပျို သာ၍ချစ်စရာကောင်းသည်ဟု ယူဆထားမိသည့် အချက်တစ်ခုမှာ စိတ်သဘော ရိုးခြင်း မိန်းမပျို၌ မတော်မတရား မရိုးသားသော သဘောမထား ကြောင်း



သိရခြင်းဖြစ်လေသည်။

၎င်းအပေါ်၌ မိန်းမဖြစ်သူက မကြင်မနာ ခဏခဏ ရန်လုပ် သည့် အကြောင်းများကို သိရသောအခါ အချစ်တွင် အသနား ဝင်၍လာသဖြင့် ထိုအချစ်မှာ မိန်းမပျို၏စိတ်တွင် သာလွန်၍ အစွဲနာခဲ့လေသည်။ မိန်းမပျိုတွင် ထိုစိတ်ကို ဖျောက်ဖျက်၍ ရပါ တော့မည်လားဟု တွေးတောလျှက် ကြောင့်ကြမကင်း စွဲကပ်သည့် အချစ်ဝေဒနာသည် တိုးတက်၍ လာလေမလားဟူ၍ စဉ်းစားကာ ထိတ်လန့်ခဲ့မိသည်ဆိုကြောင်း။

သို့သော်လည်း မိန်းမငယ်၏၊ မျိုးနွယ်ဇာတိမာန်, အသိလိမ္မာ ရှိသည်ဟူ၍ ချီးမွမ်းခံရခြင်းများကို စဉ်းစားကာ စိတ်ခိုသည်မှာ အလိုလိုက်လျှင် အမိုက်စော်ကားတတ်လေသည်တတားဟု ဆင်ခြေလျက် ဖျောက်ရ တော့သည်ဆိုကြောင်း။

သို့ပင်ဖြေဖျောက်သော်လည်း လွယ်ကူစွာ မရသဖြင့် မိန်းမပျို တွင် ဖက်ဖူးသော ဆုံးမစာ တစ်စောင်၌ တွေ့ရှိရသည်အရ မကောင်းမှု၏ သွေးဆောင်ခြင်းများကို ခုခံတိုက်ခိုက်မည့်အစား ကွင်း၍ ရှောင်ရှားခြင်းက ပိုမို၍ နိုင်လွယ်သည်ဟူသော စကားကို သတိရသဖြင့် ကျန်သောခရီး ပိုင်းမှာ မိန်းမပျိုသည် ထိုလူကိုအတွေ့မခံတော့ဘဲ အခန်းထဲမှသာ အောင်း၍ နေခဲ့ရသည်ဆိုကြောင်း။

ထို့နောက် ပြည်မြို့ကို မြင်သောအခါ ထိုသူမရှိတော့သည့် အကြောင်း သိရသဖြင့် အခန်းမှ ထွက်သောအခါ အဟုတ်တကယ် မရှိ ပြည်မြို့တွင် ဆင်း၍နေခဲ့ပြီဖြစ်ကြောင်း သိရသဖြင့် ငါ နောက်ထပ် တွေ့ကြုံနှုတ်ဆက်ခြင်းမပြုလိုက်မိတာ မှားလေခြင်း၊ ငါ ရှိုင်းပြင်းလှပါကလား စသည်ဖြင့် တွေးတောကာ နောင်တရသလိုဖြစ်လျက်သူ၏ မျက်နှာကိုသာ ထင်မြင်၍လာခဲ့ရာ နောက် ခြောက်လကြာမှ တဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ပပျောက်၍ သွားတော့သည်ဆို မကြောင်း ။

ထို့နောက် တစ်နှစ်လောက် ကြာသောအခါ ယစ်မျိုးဆိုင်ထိုင် အရာရှိတစ်ယောက် ကွယ်လွန်အနိစ္စရောက်သည်ဟူသော သတင်းတစ်ခုကို သတင်းစာတစ်စောင်၌ တွေ့ရသောအခါ မိန်းမပျိုမှာ မျက်ရည်လည်ချင်သလိုလိုဖြစ်၍ လာခဲ့လေသည်။ မိန်းမပျိုသည် ၎င်းလူအား စိတ်၌ ရည်စူးလျက် သံယာတော် (၆)ပါးတို့ ဆွမ်းလုပ်ကျွေးပြီးနောက် သုံးလလောက်ကြာမှ လုံးလုံးကြီးအေး၍ သွားပါတော့ကြောင်း စသည်ဖြင့် ကျွန်ုပ်အား ပြန်ပြောပြခဲ့မှုလေသည်။

အကယ်၍ ထိုမိန်းမပျိုသည် သဘော်ပေါ်၌ တွေ့စဉ်ကစ၍ စိတ်၏အလိုကိုလိုက်ကာ အလွန်အလွန် အရောတဝင် ဖြစ်ခဲ့က ထိုမျှမက အဘယ်မျှလောက် ပိုမိုရှုပ်ထွေးကာ အပူထုပ်ကြီးကို ပိုက်သလို ဖြစ်မည်ကို တွေးမိတိုင်း ဝမ်းမြောက်ခြင်းဖြစ်မိတော့သည်ဆိုကြောင်း တဖတ်သူ အမျိုးသမီးတို့သည်လည်း ၎င်းမိန်းမမျိုးတို့ ကဲ့သို့ ဘေးရန်မျိုးမှ လွတ်ကင်းအောင် နေတတ်ကြဖို့နည်းကို ညွှန်းပြခြင်း ပြုလိုက်ရပေသတည်း။

❖❖❖

## မြှေပေါက်တတ်တယ်

အပျိုဖြစ်စ အမျိုးသမီးတလေးများ၏ ကြီးသောအမှားတစ်ခု သည် သာမန်စဉ်းစားလျှင် အပြစ်မရှိ။ သို့ဖြစ်သောကြောင့် အများ ပင် မှားမိတတ်သော အချက်တစ်ခု ဖြစ်လေသည်။ ထိုအချက်သည် ကား ယောကျ်ားချစ်အောင် ၊ ကြိုက်အောင်လုပ်ကြ၍ ပြောဆို ပြုမူယူခြင်း ဖြစ်လေသည်။

ဤအကျင့်သည် စင်စစ်မှာ ဆိုးရွားသော အရာမဟုတ်။ ' မိန်းမတို့မှာ လှအောင်လုပ်ခြင်းသည် ဘာအတွက်လဲ ' ' ယောကျ်ားချစ်ဖို့



ယောကျ်ားကြိုက်ဖို့ ' ထိုနည်းဖြင့် ' လင်ကောင်းရဖို့ ဖြစ်သည်' ဟု ပြောကြပေလိမ့်မည်။

ဤအမှုအရာများရှိသော မိန်းကလေးများ'ဆက်ဆပီးယား' ခေါ် အင်္ဂလိပ်စကားအရ ကြာပေးသည်ဟူ၍ ဆိုရပေမည်။

အပျိုဘော်ဝင်စ အမျိုးသမီးကလေးများမှာ ဤစိတ်သည် လွန်စွာ ထူးဆန်းလေသည်။ အကြောင်းမှုကား ယောကျ်ားကို တကယ်ယူဖို့ စိတ်မရှိဘဲလျက်နှင့်လည်း ယောကျ်ားမြင်လျှင် ချစ်ချင်၊ ကြိုက်ချင်အောင် လုပ်တတ်ကြခြင်း ဖြစ်လေသည်။

သို့အတွက် ယောကျ်ားများက မိန်းမ၏စိတ်မှာ အသိခက်သည် ဟူ၍ပင် ပြောကြလေသည်၊ အသိခက်ပုံမှာ အခြားမဟုတ်၊ မိန်းမ တစ်ယောက်က ကြိုက်ချင်စရာ ချစ်ချင်စရာ လုပ်သဖြင့် ယောကျ်ား က တကယ်စသောအခါ ငြိမ်သက်စွာ ခံမနေဘဲ၊ ခုခံ ငြင်းဆန် နေခြင်း ကြောင့် ( ဒီကောင်မဟာ ဘယ့်နှယ့်ကောင်မပါလိမ့်၊ အရူးမ ထင်ပါရဲ့) စသည်ဖြင့် တွေးတောတတ်ကြလေသည်။

စင်စစ်မှာ မိန်းမမျိုးတို့စိတ်သည် ယောကျ်ားတစ်ယောက် ယောက်ကို အဟုတ်တကယ် အားမပေးလိုဘဲလျက် အားပေးသလို ကြာကလေးနှင့် ပြီတက်လေသည်။ ဤကဲ့သို့ ပြုလုပ်ခြင်း၌ မိန်းမ ပျိုများမှာ သာယာသောစိတ် ဖြစ်တတ်လေသည်။ ' ငါက ကြိုက် တာမှ မဟုတ်ဘဲ၊ ငါ ယောကျ်ားယူဖို့မှ စိတ်မကူးသေးဘဲ ၊ ဤ ကဲ့သို့ ချစ်အောင် လုပ်သည့် အတွက် ငါ့မှ ဘာအပြစ်ဆိုစရာ ကဲ့ရဲ့ စရာ ရှိသလဲ ' ဟူသော စိတ်မျိုးကို ထားတတ်ကြလေသည်။

မည်သူမဆို ချစ်သူများခြင်းကို နှစ်လိုသဘောကျခြင်း ဖြစ်သည် ကား မှန်ပါပေသည်။ သို့ပါသော် ဤအတတ်မျိုး၌ အများထက် ပိုမိုကျွမ်းကျင်၍ ချစ်သူ၊ ကြိုက်သူ၊ ပိုးပန်းသူများသော မိန်းကလေး များမှာ

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်တစ်မျိုး တက်တတ်လေသည်။

သို့သော်လည်း သေသေချာချာ စဉ်းစားလိုက်သောအခါ အကျိုးမရှိရုံမျှမက မိမိကိုယ်တိုင်မှာ အကျိုးယုတ်တတ်လေသည်။ အတည် တကယ်ယောကျ်ားယူဖို့ စိတ်မကူးလျက် ကြာမှုနှင့် သာယာမှုကြောင့် တကယ်အမိအရ ကြံသူတွေပေါ်ပေါက်တတ် လေရာ မတော်တာနှင့် တွေ့တတ်လေသည်။ 'ချန်ကစား အားကြီး သောရှင်' ကဲ့သို့ ချန်လျောကာ 'အရောင်အဆင်း တောက်ပ ခြင်းကြောင့် မှောင်တွင်းမှာ မြူးကာ ကမြင်းမိသည့်အတွက် လင်းနို့၏ ခံတွင်းသို့ ရောက်ခြင်းများလို ဖြစ်တတ်သည်။

သင့်တော်သော ယောကျ်ားတစ်ယောက်နှင့်တွေ့၍ ရှေ့နောက် များစွာ ဆင်ခြင်ပြီးနောက် သီးချိန်၊ ပွင့်ချိန် အခါနှင့်ညီစွာ ပွင့်လိုက် ပါတော့မည်ဟူသောစိတ်နှင့် မိမိဆုံးဖြတ်ချက်ချသူကို မလွတ်ရအောင် ဆတ္တဆစ်အက်ပီးယားခေါ် ကြာပေးမှုကို အသုံးပြုခြင်းမှာ အပြစ်မရှိ။ အကျိုးရှိနိုင်မည် ဖြစ်လေသည်။ အကြောင်းမူကား ထို အတတ်သည် မိန်းမတို့ တက်အပ်သောအတတ်ပင် ဖြစ်လေသည်။ ထိုအတတ်မျိုး မှာလည်း ပင်ကိုယ်ပါပြီး ဖြစ်လေရာ ကခြင်း၊ ခုန်ခြင်း၊ လေ့ကျင့်ခြင်းများစွာ မလိုပေ။ သို့မလိုဘဲလျက် မိမိကို ယူဖို့မကြံစည်သေးသော ယောကျ်ားနှင့် တွေ့သည့်အခါတိုင်း ကြာလေ့ကျင့် 'စကင်း'ကို ပြုလုပ်ကြလျှင်ကား ' ဆင်ကစား ဆိတ် မခံနိုင်' ဆိုသလို ဖြစ်တတ်လေသည်။ ရှုပါရုံဆိုတဲ့ ဆင်က တကယ် အဟုတ် မကြံဘဲ တစားရုံမျှ ကစား၍ ပြသည်ကား မှန်ပါ၏။ သို့ သော်လည်း စက္ခုနှင့် ရာဂဟူသည့် ယောကျ်ား၏စိတ်တည်း ဟူသော ဆိတ်မှာ မခံရပ်နိုင် ဖြစ်တတ်လေရာ ဒုက္ခများတတ် လေသည်။

ထိုဒုက္ခမှာကား ဆိတ်၏ဒုက္ခမဟုတ် ဆင်၏ဒုက္ခဖြစ်တတ်လေ သည်။ အကြောင်းမူကား ခါးချည့်သော ဆိတ်ကိုမြင်ကာ 'ငါ မွေ့ကစား



တာ ချက်ကြီးဆိုတဲ့ အပေါက်ထူခြင်းကြား စာရင်းငှား ဆိတ်တလေး ခမျာ သနားစရာ ဖြစ်နေပါပြီ၊ သူ့ခမျာ ထမင်းလဲ မစား ညလဲ မအိပ်မနိုင်ဘဲ တစ်ချောက်ချက်ချက် ဖြစ်နေရှာထင်ပါရဲ့ ငါကပဲ သွားနှုတ်ဆက်လိုက် တော့မယ် ငါ့စိတ်ကမပါယင် ပြီးတာပဲ ' ဟူသော စိတ်အကြံနှင့် အတင့်ရဲတတ်လေရာ မွေ့ဆေးမလုံလောက်ဘဲ မွေ့အလမ္ပါယ်ပြသည့် ဆရာ 'လို မွေ့အပေါက်ခံရတတ်သောကြောင့် လာမည့်ဘေး အဝေးက ရှောင်လျက် စဉ်းစားဆင်ခြင်အပ်လှပေသတည်း။

❖❖❖

## မိန်းမပျိုနှင့်အဖော်အလော့

ကျွန်ုပ်တို့ သိရသလောက် မိန်းမပျိုကလေးများမှာ မိန်းမပျို အချင်းချင်း ပေါင်းသင်းကြသော အပေါင်းအသင်းများကြောင့် စိတ်သဘော ဖောက်ပြန် ပျက်စီးတတ်ကြလေသည်သာ များလေ သည်။

ယောကျ်ားကလေးမှာ ကျွန်ုပ်တို့ ဖတ်ရသော ပတ္တာပုံ စာအုပ် များ အရ ပျိုရွယ်နုနယ်စဉ်အခါများ၌ ချစ်ခင်ပေါင်းသင်းကြမည့် အခါ အများအားဖြင့် မကောင်းသောစကား ညစ်ညမ်းသော စကား များကို ပြောဆိုကြသည် မဟုတ် ကြီးလျှင် လုပ်ကိုင်ကြံစည်ဖို့ အကြောင်းများကို အများကြီးလျှင် လုပ်ကိုင်ကြံစည်ဖို့ အကြောင်း များကို အများကြီး ပြောဆိုတိုင်ပင်တတ်ကြလေသည်။ အကြောင်း မူကား ယောကျ်ားကလေး များမှာ မယားကျွေးမှုသားကျွေးမှုဆိုသည့် တာဝန်ကြီးကို ဆောင်ကြရ လေရာ ငယ်စဉ်ကပင် ကြီးမြင့်ဖို့ အကြောင်းအရာများကို တိုင်ပင် တတ်ကြလေသည်။

ငယ်ရွယ်သော ယောကျ်ားအချို့မှာ ကြီးပွားဖို့ရန် စိတ်အား ထက်သန်အားကြီးကြသဖြင့် လေထဲမှာ တိုက်အိမ်ဆောက်တတ် ကြလေသည်။ အရွယ်ရောက်လျှင်လည်း အလုပ်အကိုင်များကို

www.burmeseclassic.com

www.burmeseclassic.com



ရှာကြံကြရလေသည်။

သို့အတွက် ယောကျ်ားကလေးများမှာ မိဘလွန်စွာ ချမ်းသာ၍ အားလပ်ကာ အချိန်ဖြုန်း နေနိုင်သူများမှတစ်ပါး ယခုကာလ အကြံသမား အစည်သမား ၊ လေထဲ၌ တိုက်အိမ်ဆောက်၍ နေသူများသာ များကြလေသည်။ စင်စစ်မှာလည်း မကောင်းသော စကားများကို ပြော၍နေခြင်းထက် လေထဲမှ နန်းတော်ဆောက်၍ နေခြင်းက ပို၍ကောင်းသည်။

အမျိုးသမီး မိန်းကလေးများမှာ လင်ကျွေးမှု၊ သားပျိုးကျွေးမှု တာဝန်မကြီး မင်းကတော် သူဌေးကတော် စာရေးကတော် ဖြစ်ဖို့ သာ တာဝန်အလုပ်ရှိလေရာ ဗူးကောင်းစင်ခံ လင်ကောင်းလျှင် စံရသည် ' ဟူသော စကားအရ လင်အကြောင်း၊ သားအကြောင်း ကို တွေးခြင်း၊ လင်စကား, သားစကား,ကို ပြောခြင်းအလုပ်မှာ ပိုမို၍ များတတ်လေသည်။ အဘယ်ပုံလုပ်၍ ကျွေးရပါ့မလဲဆိုသည့် အတွေးအကြံမျိုး မရှိပေ။ ' မယားချောချောကလေး တစ်ယောက် ကို အဘယ်လို လုပ်ကျွေးရပါ့မလဲ ' ဟူသော အပူသည် ယောကျ်ား ကလေးမှာ ရှိသလို လင်ကြီးရှာဖွေ၍ ထားခဲ့သော ပစ္စည်းအစုအပုံ ကြီးများပေါ်မှာ ထိုင်ကြသော မုဆိုးမ တစ်ခုလပ် အချို့သော ယောကျ်ားချောချောကလေးတစ်ယောက်ကို မုန့်ကျွေးဖို့ ကြံတတ်လေသည်။

မိန်းမပျိုကလေးများမှာကား ' ငါ့ကို ကောင်းကောင်းကြီး လုပ်ကျွေးမယ့် ယောကျ်ား အဘယ်က ပေါ်လာမလဲ ' ဟု ဆိုသည့် အတွေးမျိုးနှင့် စိန်ခြူးကြာညောင်တေးကိုဆိုခါ မသိသူ လင်အလောင်း အလျာ အတွက် မျှော်ဇောဆိုက်ခါ ခေါ်တောကိုဖြင့် မကြိုက်ဘူးဟဲ့လို့ အထိုက် အလိုက်အကြိုက်ကိုစိတ်ကူးပြီး ကြိုက်၍ သာ ကြည်နူးတတ်ကြလေသည်။ တစ်ကိုယ်တည်းအားလပ်လျှင် တရေးရေး ထင်မြင်၍ အဖော်အလော့



ရှိလျှင် နှီးနှောတိုင်ပင်တတ်ကြလေသည်။ ဤကဲ့သို့ တွေးတောနှီးနှော တိုင်ပင် အားကြီးသောအခါ အခြေကျကျ တိုင်ပင်ချင်သော စိတ်သည် နှိမ်မရ၊ ဖိမရ၊ မချုလှအောင် ထကြွသောင်းကျန်း တစ်ခါတစ်ရံ အပြင်း ဖမ်းသဖြင့် မြင်းကြမ်းလို ဖြစ်တတ်ကြသည်။

ကျွန်ုပ်ပြောသောစကား မှန်သည်/မမှန်သည်ကို ရန်ကုန်မြို့ လစ္စလမ်း ဗေဒင်ဝိဇ္ဇာဆရာကြီးကို သွား၍မေးကြည့်လျှင် သိနိုင် လေသည်။ အကြောင်းမူကား အပျိုကလေးမှာ ဗေဒင်မေးလျှင် အများအားဖြင့် ရည်းစားနှင့်ပတ်သက်၍ အမေးများ၍ကြောင့် ယောကျ်ားကလေးများမေးကြလျှင် အလုပ်နှင့်ပတ်သက်၍ မေးတတ် ကြောင်း ၊ ၎င်းဗေဒဝိဇ္ဇာဆရာကြီးမှာ သိက္ခာရှိသလောက် လျှို့ဝှက်၍ ထားသည့်အရာတို့ကို အချို့တဝက်ကြားသိအောင် ပြောပြလိမ့်မည်။

အခြားဗေဒင်ဆရာများကလည်း မိန်းမပျိုကလေးမှာ မေးလာ လျှင် စုတ်ကိုသာနင်း၍ဟော စေ့စေ့ထ၍ သွားမည်မဟုတ် မြေကြီး လက်ပုတ်မလွဲ၊ မြေကြီးလက်ပုတ်မလွဲ၊ ပြောနိုင်ကြောင်းနှင့် သက်သေခံကြလေသည်။

သို့အတွက် မိန်းကလေးများ အချင်းချင်း တွေ့ဆုံကြခြင်းသည် မိန်းကလေးများ၏ စိတ်နှလုံးမှာ ကိလေသာပိုး အမျိုးမျိုးကို ထိုးချင်တိုင်း ထိုးအောင် နှိုးဆွသည်နှင့် တူတတ်လေသည်။ သို့မဟုတ် ဂုဏ်ပြိုင်စကား အတင်းစကား အဖျင်းစကားတို့ကို ထမင်းမစားဘဲ ပြောတတ်လေသည်။ နေ့ခင်း ထိုအကျင့်ပါသော အခါ အရွှန်းဗလွန်း ပြောတတ်သော မိန်းမပျိုတစ်ယောက်နှင့် တစ်ခါ တွေ့ချေက မတွေ့လျှင်မနေနိုင်အောင် အစွဲသန်တတ် လေသည်။ မိန်းမများ ပြောတတ်သည့် အရွှန်းဗလွန်း စကားများ မှာလည်း ရွှန်းရွှန်းဝေအောင် ကောင်းတတ်ကြောင်း စာရေးသူ များစွာပင် ကြားခဲ့ရဘူးလေသည်။

မိန်းမလေးများမှာ လူကြီးများ ကွယ်ရာ၌ အချင်းချင်း မတွေ့ ဆုံဘဲ

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ကျွန်ုပ် တွေးတော မိသည်။

ဤကဲ့သို့ စကားများကို ကြားနာရဖန်များသောအခါ ယားနာ ထလျှက် အရှက်အကြောက် နည်းပါးပြီ မျှော်ဇောသန်လျှက် ခေါ်တောညာဏ် သက်တတ်ကြလေသည်။

သမီးပျို ကလေးရှင်များ ရှိကြသော မိန်းမများလည်း သမီးကလေးများအား အလွန် အထင်မကြီးဘဲ သတိပြုကာ သမီး၏ အခန်းနံရံမှာ အပေါက်ဘယ်လောက်များသည် အောက်ထပ်မှာ ယောက်ျားပျိုကလေးများရှိလျှင် ကြမ်းခင်းမှာ လုံသည်၊ မလုံသည် ကို သတိနှင့် စစ်ဆေးတာ ကပေါက်များ၍ မလုံမလဲ အခန်းထဲမှာလည်း လွန်စွာ အလုပ်များချေက ဟန်ဂျေ ဟန်တော့မှာ မဟုတ် သမီးကညာ အခါမလင့် ဆိုတာလို ' လုပ်မှ တော်မည် ဟု သဘောထားကာ မမှောက်မမှားမီ ယောက်ျားအတည်ရှာကြ၍ နေရာကျ စီမံအပ်ကြပေသည်။ သို့ မစီမံချေက မီးထွက် နာထတတ်လေသည်။

ကျွန်ုပ်ကိုယ်တိုင် မြင်ဖူးသည်မှာ မိဘများ သမီးကလေးကို လွန်စွာ အရေးပေးကြလျှက် သို့ရွာရှိလှပြီဟု ဂုဏ်ပြု၍ နေကြရာ မိဘများ မသိဘဲ အောက်ခန်းရှိ ယောက်ျားတစ်ယောက်နှင့် ကြမ်း ခွန်း နံရံအကြားမှ စာပေးစာယူ လုပ်နေခြင်းကို သိရခြင်း ဖြစ်လေသည်။

အောက်၌ရှိသော ယောက်ျားမှာ လူပျိုလည်းမဟုတ်၊ သား မယား ငုတ်တုတ်နှင့် ကလေးသုံးယောက်အဖေဖြစ်လေရာ မိန်းမ ပျိုမှာ ၁၆ နှစ် အရွယ်ခန့် ရှိလေသည်။ ဤအရာ၌ ရန်ကုန်မြို့ အိမ်များမှာ သာ၍လွန်စွာ သတိပြုဖို့ လိုလေသည်။ အချို့ အခန်းများ မှာ ကူးသန်းဆက်ဆံရန်ပင် များစွာ လွယ်လေရာ ငါ့သမီး ဒီလို မလုပ်ပါဘူးဟူ အထင်မျိုးကို အဘယ်အခါမျှ မထားအပ်ကြောင်း အထူးသတိပေး လိုက်ရလေသတည်း။

❖❖❖



## အထင်ကြီး၍ မှားတတ်ခြင်း

များလှစွာသော မိန်းမပျိုကလေးတို့သည် မိမိတို့ကိုယ်ကို လွန်စွာ အထင်ကြီးကတတ်လေသည်။ ထိုအထင်မှာ အခြားမဟုတ် မိမိတို့ ချစ်ကြိုက်သော ယောက်ျားတစ်ယောက် မသောက်စား ပျော်ပါးတတ် သူဖြစ်ကြောင်း သိလျှက် မိမိတို့နှင့်ပေါင်းသင်းလျှင် နိုင်အောင် ဖျောင်းဖျနိုင်လိမ့်မည်ဟူသော အထင် ဖြစ်လေသည်။

" ငါ့ကို သင်း အင်မတန် ချစ်တာပဲ၊ ငါ ဘယ်နည်းနဲ့မဆို သူ့ကို နိုင်မှာပဲ၊ သင်း မကောင်းရင် ငါ သင်းနဲ့ မပေါင်းဘူးဟု ခြိမ်းခြောက်ရုံမျှနှင့် သင်း ကောင်း၍လာမှာပဲ " ဟု မှတ်ထင်တတ် ကြလေသည်။ ယောက်ျားပျိုကလေးများတို့သည်လည်း ချစ်စမှာ ချစ်သူအတွက် အပျော်အပါးဟူသမျှကိုပင် စွန့်ဖို့ရန် ကတိထား တတ်ကြလေသည်။ သို့ဖြစ်လေရာ မိန်းမပျိုတို့၏စိတ်၌ "ငါ့ကို သူ အင်မတန် ချစ်တာပဲ၊ ငါနဲ့နေရရင် အခြား အပျော်အပါး ဟူသမျှကို လိုက်နိုင်မှာမဟုတ်ဖူး " ဟူသော အထင်ကြီးမှုသည် မှားယွင်းကြောင်း အတွေ့အမြင်များသော မိန်းမကြီးများထံမှ သေသေချာချာ သိရှိရလေသည်။

ဤအထင်မျိုး ရှိခြင်းသည် အခြားကြောင့်မဟုတ် မညားသေးမီ အချိန်တွင် ပြောသမျှ စကားများကို ယောက်ျားကလေးများသည် လွန်စွာ သဘောကောင်းသော အမူအယာနှင့် လွန်စွာ နားထောင် တတ်ကြ လေသည်။ ဤကဲ့သို့ ချစ်ကြိုက်၍ နေကြသည့် အခါများ၌ ယောက်ျား ကလေးများသည် မိမိတို့ကိုယ်ကို လွန်စွာ နှိမ့်ချဟန်နှင့် ချစ်သူ၏ အမိန့်စကားကို လွန်စွာ နားထောင်တတ်ကြသည်။

ချစ်သူ့အတွက် စွန့်စွန့်စားစား တစ်စုံတစ်ရာကို ဆောင်ရွက် ရန် ဝန်မလေးတတ်ကြပေ။ သက်စွန့်ကြိုးပမ်း အမျိုးကို ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



တတ်ကြလေသည်။ သို့ဖြစ်လေရာ အပျော်အပါး လိုက်စားသူ တစ်ယောက်ဖြစ်ကြောင်း ဒိဋ္ဌအမှန် သိရပါလျက် 'သူ့ကိုငါ အမှန်နိုင်မှာပဲ သင်း၊ ငါ့စကားကို နားမထောင်လျှင် ဘိုကေကို ဆွဲယမ်းပြလိုက်မှာ ပေါ့' ဟူသော စိတ်ကလေးမျိုးနှင့် တက်ကြွကာ မြွေပွေးမှန်း သိလျက် နှင့်ပင် မိမိကိုယ်ကို အလမ္ပာယ် ဆရာကောင်းဟု မှတ်ထင်တတ်ကြ လေသည်။

သို့မှတ်ထင်သဖြင့် မကောင်းသော သူတစ်ယောက်ကို အရှဲစွန့် ကာ ယူမိသူတို့သည် နောင်မကြာမီပူဇွေးသောအချစ် အေးစ ပြုသည်နှင့် တစ်ပြိုင်တည်း အချစ်တည်းဟူသော အခရောင်ကလေး မှာ တစ်စ တစ်စ အမှေးကွာသလို ကွာစပြုသည့်အခါ အတွင်းရှိ သော ဇာတိသည် ကြောက်မက်ဖွယ်သော အသွင်နှင့် မပေါ်ပေါက် ၍ လာတတ်လေသည်။ ထိုအခါ ပျိုရွယ်သောဇနီးသည်မှာ အယင်ကလို ပြောလျှင်ရမည် အထင်နှင့် အားအစွမ်းကိုပြသော်သည်း ပေတေတေနှင့် အနေပြောင်းကာ အလုပ်မှအိမ်သို့ အယင်ကလိုပြန်၍မလာသောအခါ မျက်တွင်း မျက်မှောင်ကျအောင် အိပ်ပျက်ခံ၍ စောင့်ရတတ်၏။

နောင် ပြောဆိုဖန် များသောအခါ နားပူသည့်အနေနှင့် အိမ် ကိုမှ မပြန်ဘဲ နေတတ်ရုံမက စိတ်အခန့်မသင့်သည့်အခါ၌ အဖော် အပေါင်းများနှင့် သောက်စား ပျော်ပါး၍ လာသည့် အခါများ၌ လည်းကောင်း၊ နင်ပဲငဆ, ပြောဆိုရေရွတ်ကာ လက်သီးလက်ရုံးနှင့် တုန့်ပြန်တတ်လေရာ အစွမ်းကောင်းသော မြွေအလမ္ပာယ်ဆရာမ မှာ ပင့်ကူကို ပြသော်လည်း ဂမြွေဟောက်မှာ ပါးပျဉ်းကို မချ၊ ထောင်လျက်သာ ထပြီးလျှင် အထင်အမြင် လွဲအောင် ပြုတတ် လေသည်။

သို့ဖြစ်လေရာ ရယောကျ်ားပျိုကနေလးတစ်ယောက်ကို အဘယ် မျှပင် ချစ်ခင်စေကာမူ မကောင်းသတင်းများကို ကြားသိရချေက အဟုတ် တကယ် အပျော်အပါးလိုက်စားသူဖြစ်ကြောင်း သိရအောင် စုံစမ်း



အပ်ကြရသည်။ သို့ စုံစမ်းသိရှိသောအခါ 'ငါ့လက်ထဲ ရောက်လျှင် ကောင်းလိမ့်မည် ' ဟူသော အထင်မျိုးနှင့် စွန့်စား ခြင်းကို ပြုခြင်းမှ အထူးရှောင်ကြဉ်ကြရန် သတိပေးလိုက်ရပေ သတည်း။

❖❖❖

## ဘိအေတွေ ဘာလုပ်မလဲ

ယခုအခါ အမျိုးသမီးကလေးများသည် ယောကျ်ားကလေးများ ကဲ့သို့ မခြားမနား ကျောင်းမှနေ၍ ပညာများကို သင်ကြလေသည်။

နောင်များမကြာမီ ယောကျ်ားပညာတတ် ကလေးများ ပေါများ သလို မိန်းမပညာတတ် ကလေးများ ပေါများ၍ လာရမည်ကား မြေကြီးလက်ခက်လွဲမည် မထင်ပါ။

ထိုအခါ ယောကျ်ားပညာတတ်များ အတွက်ပင် လခစား အလုပ်အကိုင်များရဖို့ ခက်ရှလေရာ အမျိုးသမီးကလေးများမှာ သာလွန်၍ ခက်ဖို့ရှိလေသည်။ ယခုအခါပင် ဥရောပတိုက်များမှ မိန်းမများအား လခစား အလုပ်များကို မပေးသင့်ကြကြောင်းနှင့် ပြောဆို ဆူပူစ ပြုလာလေပြီ၊ အကြောင်းမူကား အလုပ်များကို လက်သင့်ရာ စားတော်ခေါ်သည့် နည်းအတိုင်း နှီးစပ်ရာကို ပေးတတ်ကြလေရာ ယောကျ်ားတစ်ယောက်မှာ အရေးပါသော နေရာကောင်းတစ်ခုကို ရ၍နေလျှင် ၎င်းမှာလည်း ပညာတတ် သော သမီး၊ တူမ၊ ချွေးမ၊ မယား စသည်များသာလျှင် ၎င်းတို့အား လစ်လပ်သော နေရာများကို ပေးတတ်လေရာ အခြားယောကျ်ားများစွာတို့မှာ အလုပ်လက်မဲ့ ဖြစ်တတ်ကြလေသည်။ ဤ ကဲ့သို့ ဖြစ်သည့်အခါ တိုင်းပြည်၌ အချို့သော အိမ်ထောင်များ မှာ ယောကျ်ား၊ မိန်းမ ရှိလျှင် အလုပ် ကိုယ်စီနှင့် တပျော်တပါးနေကြရာ အချို့မှာကား တစ်ယောက်မှ အလုပ် မလုပ်ရဘဲ ငြိုငြင်ဆင်းရဲ ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇနောင်များမကြာမီ မြန်မာပြည်မှာလည်း ဤကဲ့သို့ ဖြစ်ကြဖို့ ရှိလေရာ ပညာတတ် အမျိုးသမီး ကလေးများသည် ပညာဖြင့် လခစားဖြစ်ဖို့ကို အားကိုးဖို့ရန် နည်းလမ်းမရှိပေ၊ အခြား လက်မှု ပညာကို သင်ကြားရဖို့ ရှိလေသည်။

အင်္ဂလိပ်ကျောင်းထွက် ဖြစ်သောကြောင့် အချုပ်အလုပ် စသည်များကို ပစ်ပယ်ခြင်း မပြုအပ်ကြပေ။ အင်္ဂလိပ်စာကို တတ် ကျွမ်းသည့်အတွက် ထိုအလုပ်များကို လွန်စွာ ဂရုစိုက်သင့်ပေ သည်။ အကြောင်းမူကား အချုပ်အလုပ် အိမ်မှုရေးရာဆိုင်ရာ အင်္ဂလိပ် မဂ္ဂဇင်းများတွေ များစွာရှိကြလေရာ အင်္ဂလိပ်စာ မတတ် သော သူများထက် စိတ်ကူးဉာဏ် ပိုမိုထူးကဲကြလျက် ထိုအလုပ် များကို သေးငယ်သိမ်ဖျင်းသော အဆင့်အတန်းမှ ကြီးမြင့်သော အဆင့်အတန်းသို့ ရောက်နိုင်ကြဖို့ ရှိလေသည်။ ထိုအခါ ဘီအေ အောင်ပြီးနောက် အပ်ချုပ်စက်ကို နင်းခြင်းသည် ဂုဏ်ငယ်တော့ မည် မဟုတ်ပေ။

ဘီအေအောင်သူ လိပ်သော ဆေးလိပ်သည် ယခုကာလ ပညာ မရှိသော မိန်းကလေးများလိပ်သော ဆေးလိပ်ထက် အဖိုးတန်၍ ဆေးပြင်းလိပ် အလုပ်မှာလည်း လောကဓာတ်နည်း၊ ဓာတုဗေဒ နည်းတွေ နေရာတကျ ပါဝင်၍ လာမည်ဖြစ်ရာ ပိုမို၍ ဂုဏ်ရှိ နိုင်လေသည်။

ထိုအခါ ဘီအေအောင်သော အမျိုးသမီးကလေးများသည် မုန့်လုပ်ကြရလိမ့်မည်။ သို့သော်လည်း ၎င်းတို့၏ မုန့်များမှာ ယခုထက် စတိုင်ကျ၍ ပိုမိုခန့်ညားနိုင်ပေလိမ့်မည်။

သို့ဖြစ်လေရာ အင်္ဂလိပ်စာ တတ်ခြင်းကြောင့် နိမ့်ကျသော အလုပ်များသည် ဒါတို့နှင့် မတော်ဟု မှတ်ထင်ကာ လျစ်လျူ မရှုအပ်ကြပေ။ မီးဖိုချောင်အလုပ်များကိုလည်း ဘီအေမဟာ အမ်အေ



ဖြစ်စေကာမူ မတော်တဆ လင်ဘေလေနှင့် ညားချေက 'ဟဲ့ ကောင်မ အခုထက်ထိ ထမင်းချက်မပြီးသေးဘူးလား၊ ငါ့ဗိုက်ကို ဒါလောက်တောင် ငန်ငန်ကြီးကြိုရသလား' ဟူသော အပြောမျိုးကို ခံရပေလိမ့်မည်။ အကြောင်းမူကား ဘီအေ၊ အမ်အေအောင်ရုံမျှ နှင့် အစေခံ အချွေအရံများနှင့်သာ နေရပေလိမ့်မည်ဟု မှတ်ထင်အပ်ပေ၊ မတော်တဆ လင်ဖြစ်သူမှာ လာဘ်စားမှုနှင့် ထောင်ကို ကျနိုင်လေသည်။ လင်ဖြစ်သူမှာ ကျိုးပဲ့ပြီး အလုပ်မလုပ်နိုင်သ ဖြင့် ကသီလင်တနေရတတ်လေသည်။ ထိုအခါ ဘီအေက တယ်မည် မဟုတ်ပေ။

❖❖❖

## မိုးကျရွှေကိုယ်

အမျိုးသမီးကလေးများသည် ယောကျ်ားတစ်ယောက်နှင့် ချစ်ကြိုက် မိသည့်အခါ ထိုယောကျ်ားမျိုးကလေးနှင့် ပတ်သက်၍ လွန်စွာ အထင်ကြီး တတ်ကြလေသည်။

အခြားမည်သူမဆို အဘယ်မျှပင် ထူးမြတ်ကြီးကျယ်စေကာမူ 'သူလဲတစ်မျိုး၊ တင်ဖေလဲတစ်မျိုးပဲ၊ ဝေလမင်းသားဟာ ကမ္ဘာပေါ် မှာ အမော်ဆုံး၊ အတောက်ဆုံး၊ အချောဆုံးလို့ ပြောကြသော်လဲ' ကိုတင်ဖေလဲ တစ်မျိုးတော်တာပဲ'ဟူသော စိတ်ကလေးတစ်မျိုး ရှိ တတ်လေသည်။

ဤကဲ့သို့သော အထင်အမြင်မျိုးပေါက်ခါ ကမ္ဘာပေါ်မှာ ကိုတင် ဖေနှင့် နှိုင်းစရာ အဘယ်မျှမရှိ၊ မင်းသားကလေး မိုးကျရွှေကိုယ် ကလေးတစ်ယောက်ဟု စိတ်အထင် ရောက်ကြပြီးနောက် ၎င်းကို တင်ဖေကလေးဆိုသူတစ်ယောက်သာ တစ်မှုရေးရေး မြင်အိပ်မော ဝင်ဦးလျှင် ကိုတင်ဖေ၊ အိပ်မက်မြင်လျှင် ကိုတင်ဖေ၊ အိပ်ရာတမော ကိုတင်ဖေ၊ အလုပ်လုပ်ရာမှာ ကိုတင်ဖေ၊ အရေးရှိခိုးရာမှာ နိဗ္ဗာန်

www.burmeseclassic.com

www.burmeseclassic.com



မရမ်းစပ်ကြားဘဝကိုင်းမှာ ကိုတင်ဖေနှင့် တွေ့ပြီး အရိမေတ္တာ ယျကျောင်းတော်သို့ ကိုဘင်ဖေနှင့်အတူတွဲ၍ သွားရောက်ဖူးမြော် ပြီး နိဗ္ဗာန်ဟိုပင် နှစ်ကိုယ်စုံတွဲမကျွတ်ဘဲ ဝင်ရလိုပါ၏' ဟု ဆုတောင်း တတ်ကြလေသည်။ မကျွတ်ဘဲဆိုသည်မှာ အခြားမဟုတ် ကျွတ်လျှင် ကိုတင်ဖေနှင့်အတူတွဲဖို့ အဘယ်မှာ လိုတော့မည်နည်း။ သို့ဖြစ်လေရာ 'နိဗ္ဗာန်ကိုမရလျှင် ရှိပါစေတော့ ကိုတင်ဖေနှင့် တွဲရသမျှ မကျွတ်ဘဲနေနေ ဤလူ့ပြည်နိဗ္ဗာန်နှင့် ကျေနပ်လှပါပြီ' ဟူသော ဆုတောင်းပင် ဖြစ်ပေ တော့သတည်း။

လူကို အတွေးအထင်ကြီးနှင့် ကိုတင်ဖေကိုသာ တမြင်တည်း မြင်ပြီးနောက် မိဘစကားနားထောင်စောင့်စားခါ သတင်းဝါလ ကျွတ်အောင်မျှပင် မနေနိုင်၊ ကိုတင့်ဖေနောက် ကောက်ကောက်ပါ အောင် မိဘလက်မှ ကျွတ်တန်းဝင်၍ သွားသောအခါ 'မေခလာ နတ်သမီး' မဟုတ် မေခလော်နတ်သား' ရင်ခွင်ကြားရောက်သူအ လား ဖရဏာပီတိဂွမ်းဆီထိသို့ အိအိနှလုံး မြို့မြို့ဆုံးအောင်၊ ထိလုံး၊ မိလုံး၊ ငြိလုံးညှုလုံးတွေနှင့် အချစ်ဆိုသည့် လေပွေမှာ ဖြေမဆည် နိုင် သေသည့်တိုင်အောင် တည်တန့်ခိုင်မြဲစွာ အချစ်နာလျှက် နစ် နေကာ ချစ်၍သာ နေကြရတော့မည့်အလား ဤလောကကြီးတစ်ခု လုံးကိုပင် အားရသူများကဲ့သို့ အချစ်မာန်တက်ကာ အချစ်ဘာဝ နာပွား၍သာ နေ့တတ်လေသည်။

ဤကဲ့သို့နေသည့်ကြားမှ တစ်ယောက်၏ အ..စ်ကို တစ် ယောက်ယုံခါ 'နွဲ့ယမ်း ဆိုးမယ်၊ မူမယ်၊ ခရာမယ်' ဟူသော စိတ် နှင့်သာနေခဲ့ရာတွင် ဝက်သနီကို အိအောင်စားမိသူအလား ငြိစီစီ ဖြစ်မှန်းမသိ ဖြစ်စပြုတတ်ကြလေသည်။

ထိုအခါ ပရိယေသနတာဝန်ကြောင့်တစ်ကြောင်း၊ အခြားတစ်



ခုခုကြောင့်တစ်ကြောင်း၊ လေကစမ္မတာ တွေ့ရသည့်အစဉ်အလာ အတိုင်း မကြည်မသာသည့်အခါများ ဖြစ်မည့် အခြေအနေတို့ကို စိုးစိမ့် မတွေးမိ၊ မိမိတို့ အချစ်လမ်းမှာ 'နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်' ဆိုသည့်စကားလို အရာရာမှာ ပြည့်စုံချမ်းသာ ပူဇာ၏၊ ပူစရာဘာ မျှရှိမည်မဟုတ်ကြောင်းကို အလွဲအမှားမှတ်ယူစွဲလန်း တတ်ကြ၏။

သို့ထင်ချက်နှင့် မညီကွဲပြား၊ ငြိုငြင် မှောက်မှားသော မုန်တိုင်း လေများနှင့် တွေ့တတ်ကြသည့် သဘောတရား အတိုင်း တွေ့ကြ ရသောအခါ ပြုံးပြုံးရွှင်ရွှင် အကြည်လုံးဝင်၍ အသွင်တစ်မျိုး ပေါ်ပေါက်၍ လာတတ်လေသည်။

ထိုအခါ မိမိမှတ်ထင်ခဲ့သော 'မိုးကျရွှေကိုယ်'မှာ ရွှေကိုယ်အစစ် မဟုတ် တစ္ဆေလိုဖြစ်သည်ကို သိရှိကြလျှက် မသက် မသာအထင် နှင့် အမြင်ကွာလမ်းထော့်ဖို့ ဖိနပ်ဆိုင်မှ ဖယောင်းတိုက်မှင်ကွာ၊ နောက်ဖေးလမ်းကြားကလာသော အသိကို ရတတ်လေသည်။

အကြောင်းမူကား ပင်ကိုယ်စိတ်ရင်းများစွာ မမြင့်မမြတ်သော ယောကျာ်းကလေးများမှာ အချစ်နှင့်တွေ့ခိုက်၌ မိုးကျရွှေကိုယ် အထင်ခံရအောင် မျက်နှာအသွင်အပြင်ကို ဖန်တီးတတ်ကြလေ သည်။

သို့ဖြစ်လေရာ ယောကျာ်းကလေးတစ်ဖက်ကို ချစ်ချင်သလိုလို အူအသည်းမှာ ကျိုးကျိုးကျည်ကျည်၊ သရိုးသယိဖြစ်သည့် အခါတစ် ခါတည်းလွတ်၍ စိတ်အလိုမလိုက်ဘဲ မြင်းသိုးအမိုက်နှင့် တူသော အချစ်၏ ဇက်ကြိုးကို ဟုပ်ခါ 'တစ်ကယ်ချစ်စရာကောင်းသော ဂုဏ်အင်္ဂါတွေ အမှန်ရှိရဲ့လား၊ မှောင်ရိပ်အောက်တွင် ကိုမနောတ် ဖေးကထွက်တဲ့ အပေါ်ရံချော ဆေးရောင်ဖိနပ်ပါး'ဟူသော အကြောင်းအရာများကို သိသာအောင် သတိပြုအပ်ပေသည်။ ဤကဲ့သို့ သတိမပြုဘဲစွဲမိသည့်အခါ တစ်ခါတည်း အကန်းဖြစ်လျက် ဘာမျှမသိ

www.burmeseclassic.com

www.burmeseclassic.com



နောင်သောအခါကျမှ အဆိုပါနည်းအတိုင်း ကျောက်ပန်းတောင်း သန်းလျက်အစစ်မဟုတ်၊ ဆေးသမားစမြင်းလုံးဖြစ် ကြောင်း ခလုပ်ထိမှ အဟုတ်သိရလေသည်။

သို့ဖြစ်လေရာ ချစ်တော့မည့်ဟန်ပြင်ကာ အချစ်ဆေးကိုတင်သည့်အခါ အပြောၨလည်းကောင်း၊ အမူအယာ၌ လည်းကောင်း၊ အပြစ်ကိုမြင်အောင် ရှာမည်ဟူသောစိတ်နှင့် အချစ်မှိုင်းမသင့် အောင် ကွယ်ကာအပ်လှပေသည်။ သို့ ကာကွယ်ချေက အပြင်၌ အဘယ်လိုပင် မွမ်းမံစေကာမူ အတွင်းရန် အဘယ်ပုံရှိသည်ကို အကျယ် အကုန်သိဖို့ရန် လက္ခဏာတို့သည် သိပ်မမက်သာအောင်အရိပ်ထွက်လာ၍ စိတ်ပျက်စရာ ပြုလိမ့်မည်ကား မလွဲဧကန် အမှန်ဖြစ်ပေသတည်း။

❖❖❖

### မျက်နှာမြင် ချစ်ခင်ပါစေ

ကျွန်ုပ်တို့နှင့် အခြားစာရေးဆရာများ ရေးသောအမျိုးသမီးဆိုင်ရာစာများကို တွေ့ရှိဖတ်ကြားရသော အမျိုးသမီးကလေးများ သည် အများအပြား တွေ့ရှိရသော သာမန်မိန်းကလေးများ၏ အဆင့်အတန်းထဲကမဟုတ်၊ အသိပညာရှိသူ၊ လိမ္မာရေးခြားရှိသူ၊ ဗဟုသုတပညာကို လိုက်စားလိုသူ၊ အမျိုးသမီးဂုဏ်သရေရှိသူများ ဖြစ်ကြလိမ့်မည်ဟု ကျွန်ုပ် စဉ်းစားမိပေကြောင်း။

တစ်ကြောင်းမှာလည်း သတင်းစာများက စွဲစွဲမြဲမြဲ ဖတ်နိုင်သောအမျိုးကောင်း သမီးများ ဖြစ်ကြသည်မှာ အတော်အတန် မိမိတို့၏ အချိန်ကို အစိုးရသူများဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

သို့ဖြစ်လေရာ ကျွန်ုပ်တို့၏ စာများကို ဖတ်ကြသော အစ်မ၊ ညီမ ကျွန်ုပ်တို့၏ အဆွေတော်ကောင်းများမှာ အများနှင့်မတူ ကုသိုလ်ကံထူးသူများပင် ဖြစ်တန်ရာသည်ဟု မှတ်ထင်မိပါကြောင်း။



အချိန်ကို အစိုးရသောဘဝ၊ အသိပညာ အလိမ္မာကို အစိုးရသောဘဝ၊ ပါရမီကို ရခဲခြင်းမှာ အဘယ်မျှလောက် အဖိုးတန်သည် ဟု ဆင်ခြင်စဉ်းစား၍ မိမိတို့ ကိုယ်၏ ဂုဏ်ကို အများကြီးနှမြောကြ၍ လျက် အဖိုးတန်သည်ထက် တန်အောင်၊ လိမ္မာသည်ထက် လိမ္မာ အောင်၊ ကျန်းမာသည်ထက် ကျန်းမာအောင် ကြိုးစားအပ်ကြပေ သည်။

ဥစ္စာကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် ပညာကို လိုက်စားသော ဂုဏ် သရေရှိအမျိုးသမီးဖြစ်ရခြင်းသည် အဘယ်မျှ အဖိုးတန်သည်ကို စဉ်းစားကာ ဂုဏ်ကို နှမြောကြလျက် အဖိုးတန်သည်ထက် တန် အောင် နေထိုင်ကြလျက် ထိုလက်ရှိဂုဏ်ကို နှမြောကြပြီးသော် ဥစ္စာကဲ့သို့ ဂုဏ်ကျက်သရေတည်းဟူသော တန်ဆာကို ဆင်မြန်းရအောင် အကြောင်းရင်းဖန်လာကြသော မိဘဆရာသမားများ၏ ဂုဏ်ကျေးဇူးကိုလည်း အဘယ်အခါမျှ မမေ့အပ် မပြတ်မလပ် ဆင်ခြင်ကာ ကျေးဇူး တင်သင့်ကြလေသည်။

သို့သော်လည်း ကျွန်ုပ်ပြောလိုသည့် အချက်မှာ မိမိတို့လောက် ကုသိုလ်ကံမကောင်းရှာကြသော အမျိုးသမီးများစွာတို့ကို မမေ့ အပ်ခြင်း ဖြစ်လေသည်။

နိမ့်ကျသော အမျိုးသမီးကလေးများစွာတို့မှာ ပညာဗဟုသုတ အလိုမရှိကြ၊ ဆရာကောင်း၏ တပည့်မကလေး မဖြစ်ကြသည့် အတွက် မထည်ကျေးသည့် အမူအရာများကို ၎င်းတို့၏ သဏ္ဌာန်မှာ အခါခါ တွေ့မြင်ကြရပေလိမ့်မည်။ သို့တွေ့မြင်ရသည့်အခါ မိမိတို့ နှင့် အဘယ်မျှ ခြားနားသည်ကို သိကြပြီးလျှင် မာန်တက်ချင်သော စိတ်များ ပေါ်လာတတ်လေသည်။ မာန်တက်သော စိတ်ကို အလိုလိုက်ကာ စိတ်၌သာယာခြင်း တစ်မျိုးဖြစ်သောအခါ၌ မိမိထက်နိမ့်ကျသော ကံဆိုးသူကလေးများကို ရွတ်ချချင်သော စိတ်ကလေးပေါ်၍ လာတတ်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မာန်တက်သော စိတ်ကို အလိုလိုက် ကာ စိတ်၌ သာယာခြင်း တစ်မျိုးဖြစ်သောအခါ၌ ထိုစိတ်ကို ထပ်၍ အလိုလိုက်သည့်အခါ ရွံ့ရှာမုန်းထားသော စိတ်များ ပေါ်လာတတ် လေသည်၊ ထိုစိတ်၏ အဆင့်သို့ ရောက်အောင် နက်နဲစွာ ဆင်းသွား သောအခါ ကိုယ်တိုင်မှာ ရှိသော ဂုဏ်ကျက်သရေသည် ညှိုးမှန်း မသိညှိုး၍ သွားတတ်လေသည်၊ ထိုအခါ သင်သမျှ တတ်သမျှ ရရှိသမျှသော ဂုဏ်ကျက်သရေတို့မှာ အကျိုးမဲ့ ဖြစ်ရပေတော့ သတည်း။

အမှန်စင်စစ် ရှုတ်ချခြင်းမှာ မိမိမှာ ဂုဏ်သရေ မတိုးဘဲ မိမိ၏ စိတ် ယုတ်နိမ့်ခြင်းဖြစ်ဖို့သာ ရှိလေရာ ရှုတ်ချခြင်းအစား နိမ့်ကျသူ တို့မှာ ကဲ့ရဲ့ ရှုတ်ချစရာတွေကို မြင်ရလေလေ သနားကရုဏာ သက်ဝင်လေသည်၊

'ဩော်. . ကံဆိုးသူကလေးပါလား၊ ပညာမသင်ရရှာလို့ မိဘ ကောင်း၊ ဆရာကောင်းနဲ့ မနေရရှာလို့ ဤတဲ့သို့ ပြောဆိုပြုမူ တာပါကလား' ဆိုသော ကရုဏာစိတ်ကလေးများကို အမြဲထားပြီး အခွင့်အလမ်း ကြုံသည့်အခါ သွန်သင်အပ်ကြလေသည်၊ စိတ်ကြီး ဝင်ကာ အဝေးမှနေ၍ ရှုတ်ချမည့်အစား တွေ့ဆုံပေါင်းသင်း ဆက်ဆံခြင်းဖြင့် မိမိတို့မှာရှိသော ဂုဏ်ကျက်သရေ၊ အရောင်အဝါ ကို ၎င်းတို့အား မျှဝေအပ်ကြလေသည်။ ထိုမျှဝေခြင်းမှာ လမ်းကောင်းကို ပြခြင်းဖြစ်လေရာ မာနနှင့် အထက်ကနေ၍ မပြဘဲ မေတ္တာနှင့် ခါးကိုဖက်၍ ပြချေက လျင်မြန်စွာ လိမ္မာလွယ် ကြလေသည်။

ထိုနည်းသည် လိမ္မာသော အမျိုးသမီး အရည်အတွက်ကို တိုး တက်စေသော နည်းဖြစ်ရာ ထိုလိမ္မာသော အမျိုးသမီးများမှ လိမ္မာ သော အမျိုးသား အမျိုးသမီးတွေက တဆင့် ပွားပြီး တစ်မျိုးလုံး ကြီးပွားဖို့နည်းလမ်း ဖြစ်လေသည်။

လိမ္မာသော အမျိုးသမီးမှန်သမျှ ကျွန်ုပ်နည်းပေးရေးသား



သည့်အတိုင်း စမ်း၍ အသုံးပြုလျှင် ကိုယ်တိုင်မှာပင် အဘယ်မျှ လောက် ကြည်နူးကျေနပ်ခြင်း ဖြစ်လျက် ဂုဏ်ကျက်သရေတိုးတက် ပြီး ပိုမိုလှပ၍ လာကြသည်ကို သိကြရပေလိမ့်မည်။

အကြောင်းမူကား ချစ်ဖွယ်သောစိတ်သည် ချစ်ဖွယ်သော မျက် နှာကို ဖြစ်စေ၍ ကရုဏာတရားရှိသော စိတ်သည် 'မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြားသနားပါစေ' ဟူသော ဆုတောင်းနှင့် လတ်တလော ပြည့်ဝ ခြင်းကို ဖြစ်စေနိုင်ကြောင်း စိတ်ရင်းဖြူစင် မှန် ကန်သလောက် ထင်ရှားသိမြင် နိုင်ပေကြောင်း။

❖❖❖

## ဘီအေထီးနှင့် ဘီအေမ လက်ဆွဲနုတ်ဆက်ကြ

တစ်နေ့သည်၌ ဂျူဗလီဟောတွင် ကျွန်ုပ်တွေ့ခဲ့ရသော အကြောင်း တစ်ခုမှာ ကျွန်ုပ်စိတ်၌ မပျောက်အောင် အမှတ်ရစွဲပြီး မြန်မာလူမျိုးတွေ မကြာမီ အဘယ်လို အခြေအနေသို့ ရောက်မည့် အကြောင်းကို တွေးတော ထင်မြင်၍ မဆုံးနိုင်အောင် ရှိရကြောင်း။

တွေ့ရပုံမှာ မြန်မာအမျိုးသား 'ဘီအေ' တစ်ယောက်နှင့် မြန်မာအမျိုးသမီး 'ဘီအေမ' တစ်ယောက်ဖြစ်ရာ မြန်မာစကားကို မေ့လျော့လောက်အောင် အင်္ဂလိပ်စကားကို 'တတ်သောကြောင့် လား သို့မဟုတ် မိမိတို့ နှစ်ယောက်တတ်ကြောင်းပြချင်သောကြောင့် လား၊ သိပ္ပံ 'သူ သိပ္ပံသားများ ဖြစ်ကြောင်းသိစေချင်သောကြောင့် ပေလား မသိရ'ဟုလို ဟောက်ဒူးယူဒူး၊ အိုင်ဟက်ဗင့်တ်ဆီးန် ယူဖော်ရေ လောင်းဂ် တိုင်း' ဟု ပြောဆိုနှုတ်ဆက်လက်ဆွဲကြခြင်း ဖြစ်ပေကြောင်း။

ဤလို အင်္ဂလိပ်စကားနှင့် နှုတ်ဆက်ကာ ယောကျ်ားကလေးက မိန်းကလေးလက်ကို ဆွဲခြင်းသည် ဇာတ်ကာလကြောင်းလဲတိုးတက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင် ဖြစ်လေသလားဟု တွေးမိပေကြောင်း။

ဖိလပ်မှာ အကြာကြီး နေခဲ့သည့်အတွက် နှုတ်ကျိုးပြီး အကြောင်းပါလာကြသူများ ဖြစ်စေကာမူ အတန်ငယ်သတိထား ပြီး ပြုပြင်လိုက်လျှင် ရဖို့ရှိပေကြောင်း။ မြန်မာလူမျိုးတို့၏ ထုံးစံ အရ ကြည့်၍ မကောင်းသော ဤနည်းမျိုးကို တမင်သက်သက် ကြွားလိုသောစိတ်၊ အင်္ဂလိပ်မှဟုတ်တယ်ထင်သော စိတ်နှင့် တမင် အသုံးပြုခြင်းမှာကား မိမိ၏မျိုးရိုးကို အမူအရာနှင့် ရှုတ်ချစော် ကားသည်ဟု ကျွန်ုပ်တို့ သဘောရရှိပေကြောင်း။

ထို့ပြင် ၎င်းတို့နှစ်ယောက်မှာ ဤကဲ့သို့ နှုတ်ဆက်ခြင်းကြောင့် 'အဘယ်လို အကျိုးရှိပါမည်နည်းဟူ၍ စဉ်းစားလိုက်သောအခါ ၎င်းတို့၏ စိတ်သဘောသိမ်ဖျင်းကြောင်း လူအများသိမြင်ခြင်းမှ တစ်ပါး အခြားအကျိုးကို မတွေ့မြင်ရပေ။ ထိုကဲ့သို့သောသူများမှ ယိမ့်၍ နေခြင်းကြောင့် စိတ်သဘောမကြီးမားမှုမျောက်ကို ဖိုးစိန်ပေါင်း ပေါင်း၍ က ခိုင်းသည်နှင့် တူလှပေကြောင်း၊ သို့ပွဲမှာ ပညာသင်ရခြင်းကြောင့် ၎င်းတို့တွင် များစွာဂုဏ်တက်ဟန်ရှိကြသည်ကို သိရလေသည်။ ဂျူဗလီဟောကဲ့သို့သောနေရာ၌ 'ဟောင် ဒူးယူဒူး' ဟူ၍ပင် နှုတ်ဆက်ကာ လက်ကို ဆွဲနိုင်သောအဆင့်အတန်းသို့ ရောက်ခဲ့ကျ လေသည်။

အခြားလူမျိုးများမြင်ရသည့်အခါ 'မြန်မာလူမျိုးတွင် နှုတ်ဆက် စကားမှမရှိ အရိုင်းထင်ပါရဲ့' ဟု တွေးကြမှာ စိုးရပေသည်။ သိပ္ပံ မှာ ပညာသင်ရခြင်းသည် စိတ်သဘောကြီးမားဖို့ ဖြစ်ပါလျက် အသေးအဖွဲ ကလေးတွေကို အဟုတ်ကြီးထင်ကာ လူမြင်မကောင်းသော အရာမျိုးကို ပြုကြချေက သိပ္ပံပညာကို မရသောသူများမှာ အဘယ်ပြောဖွယ်ရာ ရှိပါမည်နည်း။

ခေတ်ကာလအလျောက် ဥရောပနည်းစနစ်တွေကို အတုခိုးကြ



သော်လည်း ကောင်းသော နည်းများကိုသာ ယူသင့်ကြပေသည်။ အကျိုးမရှိသောနည်း အမျိုးသား ဂုဏ်ထိခိုက်သော နည်းများကို ကား အတုမယူအပ်ကြပေ။ ဤယခုတွေ့မြင်ရသော နည်းကို ထောက်လိုက် သော် ယခုခေတ်ကာလ ပညာသင်ကြားရခြင်းမှာ စိတ်သဘော ဖောက်ပြန်ရုံအတွက်မျှဖြစ်၍ နေပေတော့သတည်း။

❖❖❖

## အမျိုးသမီးနှင့်အစွမ်းသတ္တိ

ကျွန်ုပ်တို့ မြန်မာအမျိုးသမီးများ မိမိတို့ကိုယ်ကို ယောကျ်ားက လေးများထက် နိမ့်၍ထားတတ်သော အလေ့ရှိကြောင်း သိရလေ သည်။ ဤနိမ့်ချခြင်းမှာ အခြားသူများက နိမ့်ချခြင်းမဟုတ်၊ မိမိ တို့ကိုယ်တိုင်က နိမ့်ချခြင်း ဖြစ်လေသည်။

'သူတို့က ယောကျ်ားကလေးပဲ၊ ငါတို့ မိန်းကလေးနဲ့ ဘယ်တူ နိုင်ပါ့မလဲ' ဟူသော စိတ်မျိုးကို ထားတတ်ကြသည့်အတွက် နိမ့် ကျ၍ နေဟတ်ကြလေသည်။

ထို့ပြင်မှတစ်ပါးလည်း 'ဥသျှင်တစ်တင်း၊ နှမ်းတစ်တင်း' ဆိုသည့် စကားကို အများကြီးယုံတတ်ခါ 'ယောကျ်ားကလေးမှ အဖိုးတန် သည်၊ ငါတို့အောက်ကျသော ခေတ်ဖြစ်သည်' ဟု မှတ်ထင်နေကြ သည်မှာ အများကြီး မှားလေသည်။

စကားတစ်ခုမှာလည်း မိန်းမတွေများ အားကြီးသဖြင့် 'လူမျိုး အမေများ တောင်ပေါ်ကို ပြေးပုန်းရမည်' ဆိုသော စကားတစ်ခု ဖြစ်လေသည်။

မိန်းမတွေများသည် ဆိုရာ၌ အဖိုးတန်သော မိန်းမများကို ဆိုလိုရင်း မဟုတ်ပေ။ ယောကျ်ားတွေရှားသည် ဆိုခြင်းမှာလည်း အဖိုးတန်သော

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား အနည်းငယ်ကိုသာ ဆိုလိုရင်းဖြစ်လေရာ အဖိုးမတန်သော ယောကျာ်းတွေ ရှေးကထက်ပိုမို၍ များလေ သည်။

ယခုခေတ်ကာလမှာ မိန်းမတွေအောက်မကျ ပိုမိုအားတက်ဖွယ် ကောင်းသည်မှာ အခြားကြောင့်မဟုတ် မိန်းကလေးများမှာ ယောကျာ်းကလေးများနှင့် အတူတူ ပခုံးချင်းယှဉ်၍ ပညာသင်ကြရခြင်းဖြစ်လေ သည်။

သို့သော်လည်း မိန်းကလေးများ ရှက်ဖွယ်ကောင်းသော အရာ မှာ ယောကျာ်းကလေးများနှင့်အတူတူ ပခုံးယှဉ်၍ ပညာသင်ကြ ရခြင်း ဖြစ်လေသည်။

သို့သော်လည်း မိန်းကလေးများ ရှက်ဖွယ်ကောင်းသော အရာမှာ မိမိတို့ကိုယ်ကို ယောကျာ်းကလေးများလောက် အစွမ်း မကောင်းနိုင်ဟု မှတ်ထင်၍ ထားသောစိတ်ဖြစ်လေသည်။

မိန်းကလေးများ၏ အသုံးအဆောင်၊ အလှအပ၊ အယဉ်၊ တန် ဆာ၊ ပန်းထိုးခြင်းအလုပ်ကိုပင် အချို့မှာ ယောကျာ်းကလေးများကို အားကိုးကြလေသည်။

ယောကျာ်းကလေးများလုပ်တတ်သော အလုပ်များအနက် မိန်းကလေးများ လုပ်လိုလျှင် မဖြစ်နိုင်သော အလုပ်မရှိပေ။ ယခုထက် တိုင်း မိန်းမပန်းချီဒီဇိုင်းနာ မိန်းမဓာတ်ပုံဆရာ၊ မိန်းမလက်မှု ပညာ သည်ဟူ၍ လွန်စွာနည်းပါးလေသည်။

မြန်မာအမျိုးသမီးများအတွက် ဆင်းကားအပ်ချုပ်စက်၌ ပါရှိ သော ကိရိယာတန်ဆာတို့ကိုပင် အကုန်အစင်တတ်မြောက်သူ လွန် စွာနည်းပါးလေသည်။

ဥရောပ ဂျပန်တိုင်းသူများမှ ပိသုကာအလုပ်ကိုပင် လုပ်တတ် ကြလေရာ ပန်းချီအရာ၌ကား မိန်းမတွေ လွန်စွာတတ်မြောက်ကြ



လေသည်။ စင်စစ်မှာ မိန်းမတစ်ယောက်ယောက်ခေတ်ကာလ နည်းလမ်းအရ စာတိုက်ဖြင့်ကြော်ငြာ ရောင်းချသော အလုပ်များ ပင်လုပ်သူ လွန်စွာနည်းပါး၍ နေလေသည်။

ဓာတုဗေဒလုပ်ငန်းဌာနစသည် လက်ဖြင့် လုပ်ကြသော အလုပ်များသည် မိန်းမများအတွက် လွန်စွာ သင့်လျော်လေရာ သိပ္ပံကျောင်းထွက် အမျိုးသမီးများစွာတို့အနက် လောကဓာတ်ဘက် မှာဖြစ်စေ၊ အခြားအတတ်တစ်ခုမှာ ဖြစ်စေ၊ ထွန်းကားပေါ်ပေါက် ဖြစ်အောင် ကြိုးစားကြမည်ဆိုလျှင် ယောကျာ်းများထက် မသာ ဘူးဟု ပြောနိုင်ဖွယ်ရာ အကြောင်းမရှိပေ။ စာပေရေးသားခြင်း၌ ကား အတော်အတန်အစပြုသည်ကို တွေ့ရှိရသည်မှာ အားတက် ဖွယ်ရာ ကလေးတစ်ခုဖြစ်သော်လည်း ထိုမိန်းမစာရေးဆရာများထဲ ၌ပင် ယောကျာ်းတွေအဘာယ်မျှ များနိုင်မည်ကို မသိပေ။

ဤကဲ့သို့ ဖြစ်၍နေခြင်းမှာ 'ငါတို့က မိန်းမ၊ ယောကျာ်းများကို မတုနိုင်' ဟူသော စိတ်ကြောင့် ဖြစ်လေသည်။

ကျောင်းဆရာအလုပ်၊ စာရေး၊ စာချီအလုပ်များ၌ မိန်းမများ၏ နာမည်များကို ကြားရလေသည်။ ထိုအလုပ်များထက် အကျိုးရှိ သော ကိုယ်ပိုင်ဉာဏ်ဖြင့် ကြီးပွားနိုင်သည့် လွတ်လပ်သော အလုပ် တွေ အများကြီးရှိလေရာ မိန်းမများနှင့် ဆိုင်သော အိမ်ရှင်မ မဂ္ဂဇင်းများကို ဖတ်ကာ ကိုယ်ပိုင်ဉာဏ်ကို စေစားပြီး ကြံစည် လုပ်ကိုင်ကြမည်ဆိုလျှင် ကြီးပွားနိုင်သော အလုပ်တွေအများကြီး ပေါ်နိုင်လေသည်။

အမေရိကန်မဂ္ဂဇင်းတစ်ခု၌ အမျိုးသမီးများအတွက် ငွေရဖို့ နည်းလမ်းများကို အမျိုးမျိုးဖော်ပြသဖြင့် အမေရိကန်တိုင်းသူများ မှာ အားလပ်သည့် အချိန်များ၌ အလုပ်ကောင်းများကို ရကြလေ သည်။ မြန်မာအမျိုးသမီးများလည်း စိတ်ကူးဉာဏ်ကို သုံးကြလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဆေးပြင်းလိပ်အလုပ်ထက် အကျိုးများသော အလုပ်တွေကို အများ ကြီး တွေ့ရှိနိုင်လေသည်။

ထိုအလုပ်များသည် ငွေရရုံအတွက်သာမဟုတ်။ စိတ်ကူးဉာဏ် ကို တိုးတက်ခြင်း၊ စိတ်ကို အလုပ်ပေးခြင်းကြောင့် စိတ်နှလုံးတည် ငြိမ်လျက် ကင်းပျောက်ကာ မှန်မြတ်အဖိုးတန်သောအမျိုးသမီး အဖြစ်သို့ ရောက်ကာ ဆန်တစ်စိပ်နှင့် တောင်ထိပ်မှာ ပုန်းအိပ် သော လူပျို့အဓမ္မများကို လိုက်၍ ဖမ်းကြမည်ဖြစ်သော၊ မိန်းမပျို့ထဲ၌ပါမည်မဟုတ်၊ ယောကျ်ားမျိုးတို့ ထက်ပင် အဖိုးတန်၍လာသည်ကို ပိုသိရှိ၍ လာကြမည် ဖြစ်ပေကြောင်း။

❖❖❖

## မျက်ရည်ကိုမယုံနှင့်

အမျိုးသမီးအပျိုပေါက်အရွယ်ကလေးများမှာ သနားလွယ်ခြင်း၊ မုန်းလွယ်ခြင်း၊ ၎င်းစိတ်မျိုးသည် တဆုန်၊ နယုန်လ မိုးကောင်းကင် ပမာ လွယ်လွယ်ကူကူ ပြောင်းလဲတတ်လေသည်။

သနားသင့်သူကို မသနား၊ မုန်းသင့်သူကို မမုန်း၊ မသနားသင့် သူကိုလည်း သနားမိတတ်လေသည်။ အချို့သော ယောကျ်ားပျို ကလေး များသည် သနားအောင်လုပ်ခြင်းအတတ်မှာ အထူးပင်ကျင်လည် တတ်ကြလေသည်။ သူတို့မှာ သနားအောင်လုပ်သောနည်း၊ အတိုအထွာ ကလေးများ ရှိတတ်လေသည်။

ထိုနည်းများထဲတွင် မျက်ရည်သည်တစ်ခုအပါအဝင်ဖြစ်လေ သည်။ 'မိန်းကလေးများဟာ သနားတတ်သည်၊ သနားလျှင် ရတာပဲ' ဆိုသော အယူတစ်ခု သူတို့မှာအမြဲရှိတတ်လေရာ အဘယ်မျှလောက် စိတ်ခိုင်သော မိန်းကလေးဖြစ်စေကာမူ 'မျက်ရည်ကိုမြင်လျှင် ပျော့ရသည်' ဟု စွဲမှတ် ကာ မျက်ရည်ကို အားကိုးတတ်ကြ လေသည်။



အချို့မှာ နှဂိုကပင် မျက်ရည်လွယ်ကြ၏။ ညှစ်လိုက်လျှင် အလကား သက်သက် စိတ်ထဲမှာ/ တစ်စုံတစ်ရာမျှ မရှိလဲလျက် မျက်ရည် ထွက်နိုင်ကြလေသည်။ အချို့မှာ လက်ကိုင်ပဝါထောင့်တွင် ကြက်သွန်၊ ချင်း၊ ဘိန်းပရုပ်ဆီကလေးများကို တို့၍ ထားတတ်ကြ လေသည်။ သို့အတွက် ဤလို ယောကျ်ားကလေးများနှင့် တွေ့လျှင် အလိမ်မရအောင် နှာခေါင်းအနံ့ ခံခြင်းမှာ အတော်အတန်ကျင် လည်ရလေသည်။ အနားကိုကပ်လာ... ဘိန်းပရုပ်ဆီနံ့ ရသလား ချင်းစိမ်း၊ မိတ်သလင် နံ့ကို ရသလား ... ကြက်သွန်ဖြူနံ့ကို ရသလားဟု သတိထားပြီး ရှူရှိုက်အင်ကြလေသည်။ သို့သော်လည်း အနားကပ်ပြီး ရှူဖို့ကို ကျွန်ုပ် ဆိုလိုခြင်းမဟုတ်ပေ။ ကပ်ရှူလျှင် ထပ်မှုမှာကြောက်ရသည်။

အထူးသတိထားဖို့ရန် အချက်မှာ မျက်ရည်သည် စင်စစ် သနား စရာမဟုတ်ပေ။ မျက်ရည်မဟုတ် အပေါ်ယံ သက်သေ မျက်ရည် ဖြစ်တတ်လေသည်။

အထူးသတိထားဖို့အချက်မှာ ယောကျ်ားကလေးများသည် ယောကျ်ား ပီသမှသာ မြင့်မြတ်သည်ကို သတိပြုရန်လိုလေသည်။ မျက်ရည်ကို အားကိုးသော ယောကျ်ားကလေးမှန်လျှင် ယောကျ်ားမပီသသဖြင့် ဤကဲ့ သို့သော မျက်ရည်ခံသမားများတွေ့ရလျှင် စိတ် ညစ်ရတတ်လေသည်။

ဤမျက်ရည်ခံသမားများသည် လူပေါ်မျိုးတွေဖြစ်တတ်လေသည်။ တစ်ချက်မှာလည်း ဖချစ်မှာ မျက်ရည်ကျခြင်းမျိုးနှင့် ...ဆိုင်တတ်ခြင်း ဖြစ်လေသည်။ ချစ်ဖို့ကြိုက်ဖို့ရလျှင်ရ၊ မရလျှင် ဝေါ...ပြီး ဓားနှင့်ထိုးချင်

www.burmeseclassic.com

www.burmeseclassic.com



စိတ် ပေါက်ခြင်းသာ မမှုတာဖြစ်လေရာ ယောကျ်ားစစ်တို့၏ စိတ်ဖြစ်လေသည်။

မျက်ရည်မှာ အလီလီညာသော ပလီပလာဖြစ်ရာ အရှက်မရှိ မိန်းမလိုမိန်းမရ အသုံးမကျသော ယောကျ်ားဂန်ဒူးအနံ့စွဲသူ များသော်လည်းကောင်း ဖြစ်တတ်လေသည်။

ကျွန်ုပ်မှာ ဤလို မျက်ရည်သမားတစ်ယောက်ကို တွေ့ဖူး၏။ "မကြိုက်ပါဘူး"ဟု မိန်းမက ငွတ်ဖြင်းနေပါလျက် မျက်ရည်ကို ညှစ်ပြီးနှပ်ညှစ် ဘာညှစ်နှင့်ချွဲ၏။ ထိုအခါ နဂိုက ချစ်စိတ်မရှိ သူမိန်းကလေးမှာ သူ့အစားရှက်ပြီး မချစ်ရုံမက အမုန်းကြီးမုန်း သွားမိသည်ဟု ပြောပြဖူးလေသည်။

သို့ဖြစ်လေရာ မျက်ရည်ခံထိုးသူများနှင့် တွေ့လျှင် "ကျွန်မ ယင်လိုချင်တယ်၊ မယားမလိုချင်ဘူး"ဟူ၍သာ ပြန်ပြောဖို့ ကောင်းသည်ဟု ကျွန်ုပ်သဘောရရှိပေကြောင်း။

မည်သည့်မိန်းမ မဆို အလှကိုလိုလားသည်။ အလှသည် မိန်းမတို့၏ အထင်ပေါ်ဆုံးသော ဂုဏ်ဖြစ်လေသည်။

ထိုအလှကို မိမိကိုယ်တိုင် အနည်းငယ်မျှသာ ပြုပြင်၍လှ၏။ နဂိုမရှိက နဂိုကားမထွက်နိုင်ပေ။

လှသော်လည်း လှလည်းမလှ အရုပ်ဆိုးဟူ၍လည်း မခေါ်နိုင်သော မိန်းမတွေများစွာရှိကြလေသည်၊ ၎င်းမိန်းမမျိုးများမှာ ပိုမိုလှအောင် လုပ်သောနည်းဖြင့် တိုးတက်ထင်ပေါ်အောင် ပို၍ ကောင်းအောင်



လုပ်နိုင်ကြလေသည်။ သို့သော်လည်း ကိုယ်၏ အဆင်း ထူးထူးချွန်ချွန် မလှခြင်းကို စိတ်ဖြင့် ဖြည့်စွက်နိုင်လေ သည်။ ၎င်းမှာ မိမိကိုယ်ကို ဗို၍ အဖိုးတန်အောင်ကြိုးစား၍ ဂုဏ်ကို မြှင့်တင်သောစိတ်ဖြစ်လေသည်။ သို့သော်လည်း ရှေးဦးပထမ တစ်ခုခုရှိအောင် ကြိုးစားရလေသည်။ ၎င်းဂုဏ်များကို အချင်းဟု ခေါ်လေရာ အဆင်းထက်ပို၍ အဖိုးတန်နိုင်လေသည်။

ထိုအချင်းရရှိဖို့ရန်မှာ အဘယ်ပုံလုပ်ရမည်နည်းဟု မေးဖွယ် အထူးမဖြစ်ရာမရှိ၊ အခြားသာမန် အမျိုးသမီးများစွာတို့၏ ပြုမူ ကျင့်ကြံနေထိုင်၊ သွားလာပြောဆိုပုံများနှင့်မတူအောင် သတိမူ ရှောင်ကြဉ်ဖို့ သာလိုလေသည်။

လူမှန်သမျှ မကောင်းသော အကျင့်စာရိတ္တကိုမုန်း၏။ မိမိ ကိုယ်တိုင် အပြစ်မတင်းစေကာမူ ထိုအပြစ်ကို အခြားသူ တစ်စုံ တစ်ယောက်၏ သဏ္ဍာန်၌တွေ့ရှိသောအခါ မုန်းမြဲဖြစ်လေသည်။ ဤကဲ့သို့မုန်းစရာ အပြစ်တစ်ခုခုကို သူတစ်ပါး တွေ့ရှိရသောအခါ "ထိုအပြစ်မျိုး ငါ့မှာ ရှိသလား၊ ထိုအပြစ်နှင့်ထပ်တူထပ်မျှမဟုတ်လျှင် ဆင်တူရိုးမှား တစ်မျိုးသောနည်းအားဖြင့် မနှစ်လို ဖွယ်ရာ အပြစ်တစ်စုံတစ်ရာ ရှိသလား "ဟူ၍ စစ်ဆေးကြရမည်။

အခြားအမျိုးသမီးများ၌ ချီးမွမ်းလောက်သော ဂုဏ်များကို တွေ့ရှိရသောအခါ မိမိ၌မရှိသေးလျှင် ထိုဂုဏ်မျိုးရအောင် ကြိုးစားအပ်လေသည်။ထိုနည်းဖြင့် မိမိ၏သဏ္ဍာန်၌ အဆင်း၏အစား အချင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



မည်သူမဆို ဖြည့်နိုင်လေသည်။ သို့သော်လည်း တုပခြင်းမှာ ကိုယ်ဟန်အမူအရာတို့ကို ဆိုလိုရင်းမဟုတ် စိတ်နှင့်ဆိုင်သော အမူအရာအကျင့်စာရိတ္တ၊ သည်းခံမှုခြင်း၊ သဘော ကြီးခြင်း၊ နူးညံ့သိမ်မွေ့ခြင်း စသည်များဖြစ်ကြလေသည်။

အကြောင်းမူကား ရုပ်လှသူတို့၏ ဖြင်ပအမူအရာများကို မလှသူများအတုခိုးလျှင် မုန်းဖွယ်ရာဖြစ်တတ်လေသည်။

❖❖❖

## ယုံတတ်သောစိတ်

မိန်းမပျိုတလေးများမှာ လင်ကောင်းသားကောင်းရ၍ချမ်းချမ်းသာသာ နေလိုလျှင် လူတို့၏ စိတ်အကြောင်းကို အတော်အတန်သိအောင် ကြိုးစားရလေသည်။ ပညာအပေါင်းတို့တွင် လူ၏စိတ်ကိုသိသော ပညာသည် အကြီးဆုံးဖြစ်လေသည်။ သို့ဖြစ်လေရာ လူ၏စိတ်ကိုသိအောင် ကြိုးစားသော သူများသည် မိမိတို့ကိုယ်တိုင်အသိအလိမ္မာ ကြီးကျယ်ပြန့်ပြောလျက် သာမန်မိန်းမတို့၏ အစုအဝေးမှ ခြားခြားနားနား ထင်ရှားတတ်လေသည်။ ယောကျ်ားကလေးများနေရာ၌ မိမိတို့ကိုယ်ကို ထား၍ကြည့်ခြင်း၊ အောင်သွယ်တို့မှာ အဘယ်ကဲ့သို့သော ပါသနာရှိတတ်သည်ဟူသော အကြောင်း များကို ဂရုစိုက်ရလေသည်။

ယောကျ်ားကလေးများ၏ နေရာ၌ မိမိတို့ကိုယ်ကိုထား၍ ကြည့်ခြင်းအားဖြင့် အောင်သွယ်တို့မှာ အလွန်ချစ်ခင်၍ကောင်းစေလိုသောစိတ်ရှိကြောင်း အမြဲပြောပြကြလေသည်။ သို့ဖြစ်လေရာ



"မမှားပါနဲ့တူမရယ်၊ အင်မတန်တော်တဲ့သူငယ်ပါ၊ တူမကောင်းစေချင်တာလို့ပြောတာပါ၊ နောင်မတော့သာ ဒေါ်ဒေါ်တို့ကို မမေ့ပါနဲ့၊ တူမအရင်းအချာမို့လို့ ဒေါ်ဒေါ်ကပြောတာပါ၊ မတော်ရင် ဒေါ်ဒေါ်က ဘာပြောမလဲ" စသည့်စကားမျိုးကိုပြောတတ် လေသည်။

ထိုအခါ "အဒေါ်ကြီးဟာ ငါ့ကို အဟုတ်ချစ်တာလား၊ ဟိုတစ်ဖက်သားထံမှရသော လက်ဆောင်ပဏ္ဏာကိုချစ်တာလား" ဟူသောအချက်ကို အထူးသိဖို့လိုလေသည်။

သို့စဉ်းစားရာ အဟုတ်ပင် မိမိကိုချစ်ကြောင်းသိရသောအခါ၌လည်း "သင်းပြောတဲ့စကားမှန်ရဲ့လား၊ သင်းကိုယ်တိုင်အလိမ် မိသလား၊ ငါ့ကိုကောင်းစေချင်လို့ပြောသော်လည်း သူကိုယ် တိုင်က အလောင်းအလျားထင့်နေသလား" ဟူသော အချက်များကိုသိဖို့လိုလေသည်။

"ဒီအဒေါ်ကြီးဟာ ငါ့ကိုအမှန်ချစ်တာပဲ၊ ငါ့ကို မကောင်းတဲ့လမ်းရောက်အောင် မကောင်းကြံတာမဟုတ်ပါဘူး" ဟု အယူရှိတတ်ကြလေသည်။ ထိုအယူကြောင့်လည်း ကြီးကျယ်စွာ မှားတတ်ကြလေသည်။

အောင်သွယ်မှုများမှာ အဘယ်မျှပင် ချစ်သော်လည်း ၎င်းတို့ကိုယ်တိုင် မကောင်းသောယောကျ်ားကလေးများ၏ ကြိုးတန်း များမှာ တုပ်မိပြီးဖြစ်၍နေတတ် လေသည်။ ထိုကြောင့်မှာလည်း အကြင်ယောကျ်ားကလေးတစ်ယောက်အတွက် မိမိအားလာ၍ပြော အား

www.burmeseclassic.com

www.burmeseclassic.com



ထိုယောကျ်ားကလေးထံမှ ငွေကြေးသော်လည်းကောင်း ရရမည်။ သို့မဟုတ် " ထိုယောကျ်ားကလေးကို ချစ်ခင်၍ နေသဖြင့် မိမိ၏ကိုယ်ကျိုးကို ကြည့်သည်ထက် ယောကျ်ားကလေး၏ အကျိုးကို ပိုမို၍ကြည့်သူသော်လည်းကောင်း ဖြစ်ရမည် "ဟု သိအပ် လေသည်။ မိမိတစ်ယောက်တည်းကိုသာ အထူးချစ်ခင်ကြင်နာလှ သဖြင့် လာ၍ဆက်သွယ်ခြင်းထားမဟုတ်နိုင်ပေ။ ယောကျ်ားကလေး၏စာများကိုရလျှင်လည်း မြှောက်ပင့်သောစကားများကို လွယ်ကူစွာယုံကြည်မိခြင်းကြောင့် မှောက်မှားတတ်လေသည်။

" မြှောက်ပင့်ခြင်းကို မိန်းမမှန်က သဘောကျ၏။ မြှောက်ပင့်ခြင်းသည် အကောင်းဆုံးသော ပီယဆေးတစ်မျိုးဖြစ်သည် "ဟု စွဲမှတ်ကာ လနှင့်နှိုင်း၊ ကြယ်နှင့်နှိုင်း၊ အတိုင်းအရှည်မရှိ မြှောက်ပင့်တတ်ကြလေရာ အခါခပ်သိမ်း မိမိတို့ရေးသော စာများ၌ ပါရှိသောစကားများကို မိမိတို့ကိုယ်တိုင်မှ နားမလည်ဘဲ နေတတ် ကြလေသည်။

သို့ဖြစ်လေရာ မိန်းမများ၌ အကြီးဆုံးသော ရန်သူသည် ယုံတတ်သော စိတ်ဖြစ်သည်ဟု မြဲမြဲကြီးမှတ်အပ်ပေသတည်း။

မိန်းမများသည် သနားတတ်သည်။ ဂုဏ်ကိုမက်သည်။ အမြှောက်အပင့်ကိုကြိုက်၏။ ဤအချက်သုံးချက်ကို လက်ကိုင်ပြု ကာ စားနေကျကြောင်ပါးကြီးတစ်ကောင်ဖြစ်သော လူရှုပ်ကြီး တစ်ယောက်၏အကြောင်းကို ကျွန်ုပ် ကြားဖူးသဖြင့် အမျိုးသမီး ဟူသမျှ သတိပြုရန် ထိုကဲ့သို့ ရှုပ်တတ်သူများသည် မိမိတို့၏ အရှုပ်မှ



မိမိတို့ကိုယ်တိုင်မိ၍ ပျက်စီးသည့်ထုံးတစ်ခုကို သိစေဖို့ရန် ရေးသား ဖော်ပြလိုက်ရပေကြောင်း။

၎င်းသည် အသက် ၃၀ ခန့် ရှိသည်ဖြစ်ရာ ကလေးမများကို တူမကလေးလို ချစ်ခင်သော အမူအရာအရာနှင့် ရှေးဦးပထမ ရင်းနှီးအောင်လုပ်သည်။ နီးစပ်ရင်းနှီးသောအခါ မိန်းကလေး ငယ်ရွယ်သူတို့မှာ ဦးလေးပမာလို သဘောထားယုံကြည်သဖြင့် ပွင့်းတီးရင်းနှီးစွာ ပြောဆိုဆက်ဆံတတ်ကြလေသည်။ ထိုအခါ ကလေးမကလေးများ၏ အကြိုက်ကိုသိအောင် စုံစမ်းပြီး ငွေကြေး အနည်းငယ် အကုန်ခံလေ့ရှိ၏။ ထို့နောက် ပိုင်နိုင်သောနေရာမှာ တွေ့ကြုံသည့်အခါ မလိမ္မာသော အရိုင်းမကလေးများကို ဆေးဝါးဖြင့် ပါအောင် သွေးဆောင်တတ်လေသည်။ ထိုဆေးကို စားစရာ၊ သောက်စရာတို့တွင်ထည့်၍ ကျွေးလိုက်လျှင် ငါးမိနစ်အတွင်း အသွေးအသားကို နိုးနိုးရွရွဖြစ်အောင် ထကြွစေသော နည်းဖြစ်ရာ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ မန္တာန်နှင့် စီရင်သည့် ပီယဆေးများ ထက် စွမ်းသော တကယ့်အသွေး အသားကို ထကြွစေသည့် 'အက်ဖရိုးဒီစီယက်'ခေါ် အင်္ဂလိပ်ဆေးတစ်မျိုးဖြစ်လေသည်။ ထို ဆေးကို ကျွန်ုပ်ကိုယ်တိုင် သိသော်လည်း ထိုလူရှုပ်ကြီးကဲ့သို့ ရှုပ်လို သူများ အလွဲအသုံးပြုမည် စိုးသဖြင့် ဖော်ပြခြင်း မပြုလိုပါ။ ၎င်း လူရှုပ်ကြီး၏ အခြားနည်းတစ်ခုမှာ စကားအပြောကောင်းသူ ဖြစ်ရကား ဘာသာတရား စာပေကျမ်းဂန်များကို လိုက်စားသော ငွေရှိသော မိန်းမကြီးများနှင့် တွေ့လျှင် တရားဟော

www.burmeseclassic.com

www.burmeseclassic.com



ပြောခြင်းဖြင့် အလွမ်းသင့်ရုံမျှမက ကြည်ညိုသဒ္ဒါစိတ်များ အတူးဖြစ်ပေါ် လာအောင် တရားဟောပြောလေ့ရှိပေကြောင်း။ 'သဒ္ဒါလွန်က တဏှာ ဖြစ်သည် ' ဟူသော စကားကို မိမိ၏ မတရားကျိုးကုတ်၊ ယုတ်သော အလုပ်များအတွက် အသုံးပြုသူဖြစ်လေသည်။

အကယ်၍ မိဘ အမွေအနှစ်၊ မြောက်မြားစွာရရှိသော မိန်းမ တစ်ယောက်ဖြစ်စေ၊ ငွေပေါသော မိန်းမတစ်ယောက်ကို ဖြစ်စေ၊ သတင်းကြားလျှင် ၎င်းမိန်းမရှိရာအရပ်သို့ ရောက်အောင် သွားပြီး ၎င်းမိန်းမနေသော အိမ်နှင့် မနီးမဝေးမှာ ဆရာသမားအဖြစ်နှင့် တည်းခိုရင်း ထိုမိန်းမ၏ ဝါသနာ၊ စိတ်နေစိတ်ထား သဘောထား ကို စုံစမ်းကာ လက်နက်ကို ပြင်ဆင်လေ့ရှိပေ၏။

ထိုနည်းဖြင့် ၎င်းမိန်းမကို မိမိထံသို့ လာရောက်အောင် အလဲ ရှုံး မိန်းမလယ်ကြီးများကို အသုံးပြုကာ ကြံစည်ရာ ဆေးဖယောင်း တိုင်ထွန်း၍ ခေါ်သည်ထက် မကြာမီ လွယ်ကူစွာ မိမိရှေ့သို့ လာရောက်ပုဆစ်ဒူးတုပ်ပြီး ဗေဒင်ဟောခြင်း၊ လက္ခဏာကြည့်ခြင်း၊ စသည့်အလုပ်မျိုးဖြင့် တပည့်အဖြစ်သို့ ရောက်အောင် လုပ်လေ့ ရှိရာ နောင် တစ်စ၊ တစ်စ မိန်းမက ယုံကြည်၍ လွတ်လပ်စွာ တွေ့ကြ သည့်အခါ အဆိုပါဆေးဖြင့် မိန်းမကို မိမိအလိုသို့ ပါအောင် သွေးဆောင်လေ့ရှိပေကြောင်း၊ သို့ဖြစ်လေရာ ၎င်းလူကြီး ၏ လက်သုံးဆေးမှာ ထိုဆေးတစ်လက်သာ ဖြစ်ကြောင်း ကျွန်ုပ် ကြားသိရပေကြောင်း။



ထိုကဲ့သို့ အရပ်ရပ်မှာ လှည့်လည်၍ စားခဲ့ရာ နောက်ဆုံး၌ အတင့်ရဲပြီးလျှင် ဥပုသ်ရက်ရှည်စောင့်သော သူဌေးကတော်ကြီး တစ်ယောက်နှင့် အကြောင်းသင့်ခဲ့လေသည်။ သူဌေးကြီးနှင့် သူဌေး ကတော်ကြီးမှာ ငယ်လင်ငယ်မယားဖြစ်ကြ၍ အရွယ်လွန်ပြီးသော သူဌေးကတော်ကြီးအား သူဌေးကြီးသည် စိတ်ချလက်ချ ယုံကြည် ၍ အမှတ်မဲ့ နေခဲ့ရာ သူဌေးကတော်ကြီးမှာ ၎င်းလူရှုပ်ကြီးနှင့် သားအမိမက ရင်းနှီးလျက် အတူနေ၊ အတူစား ဥပုသ်ဇရပ်တွင် သားအမိနှစ်ယောက် ရက်ရှည်စောင့်ခဲ့သည်မှာ တစ်လကျော် နှစ်လ နီးပါးကြာ၍ သွားလေ၏။

သို့နေကြရာ လူရှုပ်ကြီးမှာ သုံးချင်သလိုသုံးစွဲလျက် နေလေ၏။ သူဌေးကတော်ကြီးထံမှ ရသောငွေများနှင့် အခြားမှာ ပျော်ချင် သလို သုံးဖြုန်းပျော်ပါး၍ နေလေ၏။ သူဌေးကတော်ကြီးမှာလည်း ဥပုသ် စောင့်ရာမှ ၎င်းဥပုသ်သည် 'ကိလေသာတဏှာဥပေါသထ' ဖြစ်လာ ပြီးလျှင် ဥပုသ်ဇရပ်မှ အိမ်သို့ တစ်ခါတစ်ခါ သူဌေးကြီး စိတ်ချ ရအောင် ပြန်လာလေ၏။ သူဌေးကြီးကလည်း သူဌေးကတော်သည် ဤအရွယ်သို့ ရောက်ကာမှ ဖောက်ပြန်လိမ့်မည်ဟု လုံးလုံးမတွေး မိ။ တရား၌ ပျော်မွေ့နေသည်ဟူ၍သာ ထင်မှတ်လျက် ဥပုသ် ဇရပ်မှာ တပြုံးပြုံး ချက်ပြုတ်ဧကျွေးမွေး ထင်သလို အလှူပေး၍ နေဖို့ရန် ငွေကြေးကို လိုသလောက် ပေးလေ၏။

အမျှသာ ယူပေတော့ ကျောင်းဒကာ ကျောင်းဒကာမဲ့ ကျုပ်မှာ ရှေးပရိပရ ကုသိုလ်ရေစက် ဆုံစည်းကြလို့ ယခုဘဝမှာ မညိုးမငယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတည် ကျောင်းဆောက် လှူချင်သလိုလှူ နိုင်ခဲ့ ကြပေသည်။ ယခုအရွယ်မှာ လောကစည်းစိမ်ဆိုတာ ခံစားဖို့ အရွယ်လဲ မဟုတ်၊ အချိန်လဲမရှိတော့ပါဘူး၊ သည့်အတွက် ရှိတဲ့ စည်းစိမ်ကို နောင်ဘဝ တစ်ဘဝနဲ့ ရေစက်ဆုံတွေ့ပြီး အခုဘဝ လို ရင်းစားပြန်ရဖို့ရန် သီလဆောက်တည်ခြင်း၊ လှူဒါန်း ကျွေးမွေး ခြင်းဆိုတဲ့ အလုပ်သာလုပ်ဖို့ရန် ရှိတော့တာပဲ၊ သို့အတွက် ကျုပ် ပြုသမျှ ကုသိုလ်ကောင်းမှုအတွက် ဘုရားဒကာ အမျှသာယူပြီး နောင်ဘဝမှာ နှစ်ယောက်ပြန်မတွေ့ရမှာ စိုးလွန်းလို့ ကျုပ်တော့ ကုသိုလ်လောက်ပဲ အားထုတ်နေရတော့တာပဲ" ဟူသော စကား များတို့ ကျောင်းဒကာက ကြားရသည့်အခါ လွန်စွာသဘောကျ ကျေနပ်လျက် သူဌေးကတော်ကြီး လိုသည်ထက်ပို၍ ပေးလေ၏။

ညတစ်ညသ္ နံနက်ဆွမ်းကျွေးရန် ဇရပ်ရှိ သူတို့အားလုံး ချက်ပြုတ်နေစဉ် လူရှုပ်ကြီးသည် သူဌေးကတော်ကြီးအား တမ္မဲ့ဌာန်းပြု၍ နေလေ၏။ ကမ္မဋ္ဌာန်းပြု၍ နေပြီးနောက် လူရှုပ် ကြီးက သူဌေးကတော်ကြီး၏ ကျီးကန်းခြေထောက်နှင့်တူသော ပိန် ခြောက်ခြောက်လက်ကို ကိုင်ခါ . . .

" ငယ်ငယ်ကများတော့ အဝ်မတန် ပြေပြစ်ချောမောပေမှာ ပဲနော်၊ အခုတော င် အပုံကြီး ကျန်သေးတာပဲ၊ သူဌေးကတော်ကြီး ကဖြင့် တစ်ခါတစ်ခါ ကျွန်တော့်ကို မသက်ာဖြစ်မှာပဲ ဖြစ်မယ် ဆိုကလဲ ဖြစ်စရာပေကိုး၊ ကျွန်တော်က ငယ်ငယ်ရွယ်ရွယ် ၊ သူဌေး ကတော်က



အသက်ကြီး လူကိုမှတ်တာမဟုတ်၊ ပစ္စည်းမက်တာလို့ တွေးစရာဖြစ်နေတာပဲ၊ သို့သော်လဲ လူ့စိတ်ဆိုတာ အင်မတန် ဆန်းကြယ်ပါတယ်၊ သူဌေးကတော်ရဲ့ လူမှာ ရုပ်သာမက်စရာ မဟုတ်ပါဘူး၊ စိတ်သဘောချင်း တူတာက သာပြီး စွဲတတ်ပါတယ်၊ သူဌေးကတော် ရတာနာသုံးပါး လိုက်စားတတ်တဲ့ ရှေးအထုံပါရမီ ရှိနေတာဟာ ကျွန်တော်နဲ့ အင်မတန်မှ တူနေတာပဲ၊ ကျွန်တော် ကိုယ်တိုင်ကလဲ သူဌေးကတော်ကို ဘယ်အတွက် ချစ်သလဲဆိုတာ အခါခါ မေးမိပါတယ်၊ အခုမှ ရတနာသုံးပါးကို စိတ်ချင်းတူတူ ကြည်ညိုတတ်သူနှစ်ဦးမို့ စွဲတာပဲလို့ သေသေချာချာ သိရပါတယ်၊ သူဌေးမင်းကတော့ စီးပွားရှာဖို့လောက် စိတ်ကူးနေတာကိုး၊ ဒီနေရာမှာ သူဌေးမင်းနဲ့ သူဌေးကတော်နဲ့ ဇီလာကြီး ဖြစ်နေ တာပဲ" ဟု ပြောကာ အမယ်အိုကြီး၏ ပခုံးကိုဖက်၍ မိမိရင်ခွင်ထဲ သို့ သွင်းလိုက်လေ၏။

" မောင့်ဦး သူဌေးမင်းတော့ မပြောပါနဲ့တော့၊ နဖူးစာပါလို့ သာ တွေ့ကြရတာယ်၊ စိတ်ချင်းက နည်းနည်းမှ မတူဘူး၊ အခေါ် ဥပုသ်ရက်ရှည် စောင့်နေတာသာကြည့်တော့၊ သူနဲ့ မျက်နှာချင်း ဆိုင်ပြီး မနေနိုင်လို့ပါ " ဟု ပြောလေ၏။

သို့ပြောခိုက်တွင် ၎င်းတို့အနီး၌ ကာ၍ထားသော ကန့်လန့် ကာ လှပ်သဖြင့် ဖွင့်၍ကြည့်လိုက်လေရာ အတွင်းခန်း၌ လူ တစ်ယောက်မျှ မတွေ့ရသော်လည်း ပြတင်းပေါက်မှ ရိပ်ကနဲ အပြင် သို့ ထွက်သွားသူတစ်ယောက်၏ အရိပ်အရောင်ကို မွေ့မြင်လိုက် ကြရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



" သူခိုးသူခိုး" ဟု အော်ရာ ချက်ပြုတ်လုပ်ကိုင်နေ သူတွေ အားလုံး ဝိုင်း၍လိုက်ကြလေ၏။ မကြာမီ သူခိုးကိုမ၍ ကြည့်လိုက်ကြလေရာ သူဌေးမင်းကိုယ်တိုင် ဖြစ်၍နေသည်ကို သိကြရသတည်း။

နောက်များမကြာမီ လူရှုပ်ကြီး ကိုဘူတင်ကို သူဌေးမင်း ဦးကျော်ခိုင်က မယားခိုးမှုနှင့် စွဲကြောင်း သတင်းစာများ၌ ပါရှိလေသည်။ နောက် ၃ လလောက် ကြသောအခါ လူရှုပ်ကြီးမှာ "မယားခိုးမှု" အပြစ် ထင်ရှားသဖြင့် အဆက်အကက်မှုလည်း ဖြစ်မှု ဟောင်းများရှိသောကြောင့် "အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ် အပြစ်ရသည်" ဟု ကြားသိရလေ သတည်း။

❖❖❖

## အပေါင်းအသင်း

အပျိုပေါက်အရွယ် ကလေးများသည် ငယ်ရာမှ ကြီးသော အရွယ်သို့ ကူးပြောင်းသော လမ်း၌ရှိနေသည့် အရွယ်ဖြစ်လေရာ. မတွေ့ကြုံစဖူး မဖြစ်ပျက်စဖူး ထွေထူးများပြား ထူးခြားအံ့ဩဖွယ်ရာတို့ကို မိမိတို့ကိုယ်၏ သဏ္ဌာန်၌လည်းကောင်း ၊ စိတ်၌ လည်း ကောင်း၊ တွေ့ကြုံရသော အချိန်အခါဖြစ်၍ မိမိတို့ကိုယ်တိုင် ကောင်းစွာ မကျွမ်းကျင်သော မွေတာ အရေးကာမနှင့် ပတ်သက်သည့် အရေးများ၌ အကျင့်စာရိတ္တ မကောင်းသော အဖော် အပေါင်းများထံမှ အလွဲလွဲအမှားမှား မတော် စကားများကိုကြားတတ်ကြလေသည်။ ထိုအခါ ၎င်းတို့၏ လွဲမှားသော စကားများ ကို ယုံကြည်မိသည့်အတွက် မိမိတို့ကိုယ်တိုင်မှာ ကြီးကျယ်စွာ



အကျိုးယုတ်တတ်ကြလေသည်။

၎င်းအပြင် မိန်းကလေးများမှာ အဖော်အပေါင်းနှင့် စကား ပြောကြရာ၌ လူရှေ့သူရှေ့မှာ မပြောကောင်းသော စကားတွေကို ပြောတတ်ကြလေသည်။ အတွေ့အကြုံများသော အချို့သောမိန်းမ အကြီးစားများသည်ကား တမင်သက်သက်ဖျက်လိုဖျက်ဆီး သဘော မထွားတတ်သော်လည်း ထူးဆန်းသော အကြောင်းအရာများကို ပြောပြ ရခြင်း၌ ဝါသနာပါတတ်သည့်အလျောက် နုနယ်သော ငယ်ရွယ်သူတို့ ၏စိတ်ကို ဖောက်ပြန်ခြင်းဖြစ်စေတတ်သည့် အကြောင်းအရာများကို ပြောတတ်ကြလေသည်။

အချို့မိန်းမများ သည် မိမိတို့ ယုံကြည်ခင်မင်၍နေသော ငယ်သူ ကလေးများ မတော်တရော်ဖြစ်အောင် မကောင်းသူတို့ နှင့် တွေ့ကြုံ ပျက်စီးခြင်းဖြစ်စေသည့် နည်းမျိုးကိုဖန်းတီး၍ ပေးတတ်ကြ လေသည်။

၎င်းစိတ်မှာ အခါခပ်သိမ်း မှုန်းထား၊ မနာလို ဖျက်လိုဖျက်ဆီး လုပ်ခြင်းမဟုတ်။ မိမိကိုယ်တိုင်က ပျော်တတ်သဖြင့် ပျော်စရာကို ဖန်တီး ပေးခြင်း ဖြစ်လေသည်။

ဤကဲ့သို့ မိန်းမကြီးဝယ် အပေါင်းအသင်းများကိုလည်း များစွာ ခင်မင်တတ်ကြလေသည်။ ဤကဲ့သို့ မခင်မင်အပ်သူများကိုပင် ခင်မင်မိကြသည့်အခါ များစွာပင် နစ်နာဆုံးရှုံးခြင်း ဖြစ်တတ်လေသည်။

သို့ဖြစ်လေရာ မိမိကိုခင်မင်သည်ဆိုသော မိန်းမကြီးဝယ် အပေါင်း အသင်းတို့နှင့်တွေ့သည့်အခါ အဘယ်ဝါသနာမျိုး ရှိသည်ကို ဆင်ခြင်

www.burmeseclassic.com

www.burmeseclassic.com



ထောက်ထား၍ ပေါင်းသင့်မှ ပေါင်းအပ်ကြ လေသည်။

ယုံကြည်၍ ပုံခြင်းကိုကား အဘယ်နည်းနှင့်မျှ မပြုကောင်းပေ။ အကယ်၍ မတော်တဆ မကောင်းသောနည်းလမ်းကို ပြုတတ်သူ တစ်ယောက်ယောက်ကို ခင်မင်သည့်အခါ စိတ်ကိုတင်းပြီး နိုင်အောင် ဖြတ်သင့်လေသည်။ ထိုကဲ့သို့ နိုင်အောင် မဖြတ်ချေက နောင်အရှည် သဖြင့် နစ်နစ်နာနာနောင်တရဖို့ အကြောင်းမျိုးနှင့် တွေ့ကြုံတတ်ကြ သည်ကိုကား အထူးသတိထားအပ်ကြ ပေသည်။

ဝိမိုးနှင်း

www.burmeseclassic.com